# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(မွေပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့။ Saturday, 5 June 2021 ၁၀၃၉၅




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံ အတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ

## COVID-19 ရောဂါကာကွယ်ဆေးရရှိရေးအတွက် အာဆီယံအဖွဲ့မှ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇွန် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဧပြီ ၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးရလဒ်များကိစ္စ၊ အာဆီယံအသိုက်အဝန်း ထူထောင်ရေး ကြိုးပမ်းအားထုတ်နေမှုကိစ္စ၊ အာဆီယံကနဦး ဆန်းစစ်လေ့လာရေး အကြံပြုချက်များ အကောင်အထည်ဖော်ရေးကိစ္စ၊ COVID-19 ရောဂါကာကွယ်ဆေးရရှိရေးအတွက် အာဆီယံအဖွဲ့မှ ဆောင်ရွက်နေမှု၊ မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ မတရားအသင်းကြေညာထားသည့် CRPH ၊ NUG တို့နှင့်စပ်လျဉ်း၍ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ဖတ်စရာ


**တီးတိန်၊ ဖလမ်း၊ ထန်တလန်နှင့် ဟားခါးမြို့နယ်တို့အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ**

စာမျက်နှာ » ၉

**အကြောင်းတရားမမဲ့သော အကျိုးတရားများ**

စာမျက်နှာ » ၁၀

အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဝတ္ထုတို

**အခမဲ့ ကူလီထမ်းခြင်း၏အကျိုး**

စာမျက်နှာ » ၂၂

**ရန်ကုန် အခြေခံပညာကျောင်းများ ပညာသင်ယူမှုတစ်ပတ်အတွင်း သိသိသာသာ ပိုမိုများပြားလာ**



စာမျက်နှာ » ၁၁

# ပန်းပျိုးခင်းများဖျက်ဆီးမှုကို လက်မခံ ဆန့်ကျင်ရှုတ်ချ

ပညာတည်းဟူသော ဖူးပွင့်ဝေဆာနေသည့် ဥယျာဉ်ကြီးတစ်ခု ဖြစ်လာရေးအတွက် ပျိုးထောင်ထားသော ပန်းကောင်းအညွန့်အဖူးလေးများ ဖျက်ဆီးခံရမည့်အရေးကို မည်သူမျှလက်မခံပါ။ မည်သူမျှလည်း မနှစ်သက်၊ ဆန့်ကျင်ရှုတ်ချကြမည်သာ ဖြစ်သည်။ ယနေ့အချိန်တွင် ပန်းပေါင်းဝေဆာနေသော ပညာပန်းခင်းလေးများ အညွန့်တလူလူနှင့် ရှင်သန်ဝေဆာလာသည်။ တစ်ဖက်တွင် ပညာဥယျာဉ်များကို ဖျက်ဆီးသူများရှိနေကြသည်။ ဖျက်ဆီးရန်ကြံစည်နေကြသည်။

ပညာဥယျာဉ်သာမက အများပြည်သူ လန်းဆန်းစေမည့် ဥယျာဉ်များကိုလည်း ဖျက်ဆီးနေကြသည်။ နိုင်ငံရေးကိုအကြောင်းပြု၍ မြန်မာနိုင်ငံမှ အဖြစ်အပျက်များမှာ စိတ်မချမ်းသာစရာဖြစ်သည်။ အများပြည်သူလူထု တည်ငြိမ်အေးချမ်းမှုနှင့် အသက်မွေးဝမ်းကျောင်းမှုများပါ ထိခိုက်နစ်နာလျက်ရှိသည်။ နိုင်ငံရေးအကြောင်းပြု၍ အဖျက်သမားများမှာ အလျှိုလျှိုပေါ်လာသည်။ အဖျက်လုပ်ရပ်များကို အမျိုးမျိုးအဖုံဖုံ လုပ်ကိုင်လာကြသည်။ အနီးစပ်ဆုံးအားဖြင့် နမူနာကြည့်မည်ဆိုလျှင် အိမ်နီးချင်းထိုင်းနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲ အကြိမ်များစွာ ဖြစ်ပေါ်ခဲ့သည်။

၎င်းနိုင်ငံမှ နိုင်ငံရေးအပြောင်းအလဲဖြစ်ပြီး တိုင်းပြည်မတည်မငြိမ်ဖြစ်၍ ဆူပူမှုများ ဖြစ်ပွားနေစဉ် စက်ရုံ၊ အလုပ်ရုံ၊ စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခဲ့ခြင်း မရှိပေ။ စီးပွားရေး၊ သွားလာရေး၊ လူမှုရေးတို့တွင် နှောင့်ယှက်ဟန့်တားဖျက်ဆီးမှုများ ပြုလုပ်ခဲ့ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းနိုင်ငံမှ နိုင်ငံရေးသမားများသည် ၎င်းတို့အာဏာရရှိရေးအတွက် ဆန့်ကျင်လှုပ်ရှားကြရာတွင် အများပြည်သူတို့အား အကြမ်းဖက်ရန်၊ နှောင့်ယှက်ဖျက်ဆီးရန် လှုံ့ဆော်အားပေးခြင်းမရှိပေ။ ၎င်းတို့နိုင်ငံမှ နိုင်ငံရေးသမားများသည် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် အားထုတ်ခဲ့ကြပြီး နိုင်ငံနှင့် အများပြည်သူအကျိုးစီးပွားကို ပျက်စီးအောင် မပြုလုပ်ခဲ့သဖြင့် တိုင်းပြည်နှင့်လူမျိုးမှာ ဣန္ဒြေမပျက် တည်တည်ငြိမ်ငြိမ်ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင်မူ ဤသို့မဟုတ်ပြီ။ နိုင်ငံရေးသမားများသည် မိမိတို့အာဏာမရရှိသဖြင့် တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားပျက်ပြားအောင် အလုံးစုံဖျက်ဆီးရေးကို ကြိုးပမ်းအားထုတ်လာခဲ့သည်။ အထူးသဖြင့် မည်သို့မျှဖျက်ဆီးရန် မသင့်လျော်သော စာသင်ကျောင်းများ၊ ကလေးသူငယ်များ ပညာသင်ကြားရေးကို နှောင့်ယှက်ဖျက်ဆီးလာကြသည်။ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမှ မပြုလုပ်ခဲ့ကြသော စာသင်ကျောင်းများကို နှောင့်ယှက်ဖျက်ဆီးလာကြသည်။ ကလေးများ၏ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာဘဝများအား ဖျက်ဆီးမှုများကို မိဘပြည်သူများကလည်း လက်မခံ၊ နိုင်ငံတော်အစိုးရကလည်း ကာကွယ်ပေးလျက်ရှိသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က မြန်မာကျောင်းများနှင့် ပညာရေးဝန်ထမ်းများအပေါ် တိုက်ခိုက်မှုများကို ဇွန် ၃ ရက်နေ့က ပြစ်တင်ရှုတ်ချလိုက်သည်။ အဆိုပါ အကြမ်းဖက်မှုများအား လက်သင့်မခံနိုင်ကြောင်းနှင့် ကလေးများ၏အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ စာသင်ကျောင်းများနှင့် ကျောင်းအနီးပတ်ဝန်းကျင်ဒေသများတွင် ဖြစ်ပွားသော အကြမ်းဖက်မှုများကို မည်သည့်နည်းဖြင့်ပင် လက်ခံနိုင်စရာမရှိ။ ကျောင်းများနှင့် အခြားပညာရေးအဆောက်အအုံများကို ပဋိပက္ခများနှင့် မငြိမ်မသက်မှုများမှ ကာကွယ်သွားရမည်ဖြစ်ကြောင်း ယူနီဆက်ဖ်က ထုတ်ပြန်ကြေညာခဲ့သည်။

ယူနီဆက်ဖ်၏ ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ စာသင်ကျောင်းများနှင့် ပညာရေးဝန်ထမ်းများအား တိုက်ခိုက်မှု ၅၄ ကြိမ်ထက်မနည်းရှိခဲ့ပြီး မေလတစ်လတည်းတွင် တိုက်ခိုက်မှု ၃၉ ခုရှိခဲ့သည်။ ဗုံးထောင်ပေါက်ကွဲမှုများလည်း အများပြည်သူနေရာများတွင် ဖြစ်ပွားခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် တစ်နှစ်ကျော်ကြာ ကျောင်းများပိတ်ထားခဲ့ပြီးနောက် ပြီးခဲ့သည့်ရက်က ကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများအား ဘေးကင်းလုံခြုံစွာဖြင့် ပညာသင်ကြားနိုင်ရေးကို ဦးစားပေးလုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။ ယခုအခါ လုံခြုံရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ကျောင်းများဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေကြပြီ။ နှောင့်ယှက်ဖျက်ဆီးမှုများကို ဝိုင်းဝန်းကာကွယ်ကြရမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူ ကလေးသူငယ်၊ လူငယ်လူရွယ်များ၏ ပညာသင်ကြားရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်နှစ်ကျော်ကြာ ပညာမသင်ကြားခဲ့ရသဖြင့် ယခုအခါပညာသင်ကြားခွင့်ရလာရာ ကျောင်းတက်နေသော ကလေးသူငယ်လူရွယ်များ ပျော်ရွှင်ချမ်းမြေ့နေကြသည်။ ကျောင်းတက်ခွင့် မရကြသေးသော ကလေးသူငယ်လူငယ်များအတွက်လည်း ကိုယ်ချင်းစာနာကြရမည်ဖြစ်သည်။ သူတို့လည်း ကျောင်းတက်ချင်ကြမည်ဖြစ်သည်။ မိဘ၊ ဆရာ၊ လုံခြုံရေးအဖွဲ့အစည်းများပူးပေါင်း၍ စိတ်ချလက်ချ ကျောင်းတက်နိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်အောင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပညာပန်းခင်းပျိုးခင်းများ ရှင်သန်ဖူးပွင့်ဝေဆာအောင် ဆောင်ရွက်ရေးမှာ အားလုံးလိုလားသောအချက် ဖြစ်သည်။ ပညာပန်းဥယျာဉ်ကြီး ပျက်စီးအောင် နှောင့်ယှက်ဖျက်ဆီးမှုများကို မည်သူမျှလက်မခံ။ ပန်းပျိုးခင်းများ ဖျက်ဆီးမှုများကို ဆန့်ကျင်ရှုတ်ချ၍ ပညာပန်းခင်းကို ကာကွယ်ကြရမည်ဖြစ်ပါကြောင်း။ ။

# ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် ဇွန် ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၁ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့(စတုတ္ထနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာနတို့တွင် စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၄၅၂၄ ပါးအနက် ၈၅၂၂ ပါး ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၆၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# သီပေါမြို့သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိ အခမဲ့ စမ်းသပ်ကုသပေးမည်

**သီပေါ ဇွန် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်း၌ ဖွင့်လှစ်ထားရှိသည့် သီပေါမြို့ သီတဂူစက္ခုဒါန အခမဲ့မျက်စိကုဆေးရုံက မျက်စိဝေဒနာရှင်များအား ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ လက်ခံစမ်းသပ်စစ်ဆေးပေးပြီး ဇွန် ၁၄ ရက်မှ ၁၆ ရက်အထိ လိုအပ်သော ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ သီပေါမြို့ သီတဂူစက္ခုဒါနမျက်စိကုဆေးရုံတော် အုပ်ချုပ်ရေးအဖွဲ့နာယက သီပေါ မဟာမြတ်မုနိဘုရားကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိက "သီပေါသီတဂူစက္ခုဒါန မျက်စိကုဆေးရုံအနေနဲ့ လိုအပ်ချက်အရ လူနာတွေအတွက် အထွေထွေရောဂါ ကုသမှုပေးနိုင်ဖို့ ပြင်ပလူနာဌာနကိုပါ ဖေဖော်ဝါရီ ၁၀ ရက်ကစပြီး ဖွင့်လှစ်ကုသပေးခဲ့လို့ ဒီနေ့ထိ လူနာ ၁၅၉၃ ဦးကို အခမဲ့ဆေးဝါးကုသပေးနိုင်ခဲ့ပါတယ်။ မျက်စိရောဂါတစ်ခုတည်းကုသပေးနိုင်ဖို့ကိုတော့ ၂၀၀၈ ခုနှစ် မတ် ၂၂ ရက်ကစပြီး ဖွင့်လှစ်ခဲ့တဲ့ မျက်စိကုဆေးရုံဖြစ်ပါတယ်။

"အထွေထွေရောဂါတွေအတွက် ဖွင့်လှစ်ကုသပေးခဲ့ရာမှာ မျက်စိဝေဒနာရှင်တွေလည်း လာရောက်ပြသကြတာရှိခဲ့ပါတယ်။ ကိုဗစ်ရောဂါကြောင့် ၂၀၂၀ ဇန်နဝါရီလမှာ (၄၆) ကြိမ်မြောက် မျက်စိကုသမှုအပြီး ပိတ်ထားခဲ့တာပါ။ အဲဒီပိတ်ထားခဲ့ရာကနေ မျက်စိဝေဒနာရှင်တွေအတွက် ဇွန် ၁၀ ရက်မှ ၁၃ ရက် အထိ မျက်စိစမ်းသပ်စစ်ဆေးပေးပြီး ဇွန် ၁၄ ရက်မှ ၁၆ ရက်အထိ ခွဲစိတ်ကုသပေးသွားနိုင်ဖို့ စီစဉ်လိုက်တာပါ။ လူမျိုးဘာသာမရွေး မျက်စိဝေဒနာရှင်တွေ ဇွန် ၁၃ ရက် နောက်ဆုံးထားပြီး လာရောက်စမ်းသပ်စစ်ဆေးကြဖို့ နှိုးဆော်အသိပေးပါတယ်။ ဇွန် ၁၄ ရက်ကနေ ၁၆ ရက်အထိ ကျွမ်းကျင်တဲ့မျက်စိကုဆရာဝန်ကြီးတွေက လိုအပ်တဲ့မျက်စိခွဲစိတ်ကုသမှုတွေ ပြုလုပ်ပေးမှာဖြစ်ပါတယ်" ဟုမိန့်ကြားသည်။

သီပေါ(ကိုလတ်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၄-၆ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၁၀၀ | ၂၂၀ | ၁,၉၈၀,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၃,၈၄၂ | ၁၃,၄၄၇,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၉၁ | ၇၀၉,၈၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၄ | ၂၆၆,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁၅၀ | ၄၀၅,၀၀၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၃၀ | ၈၈,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၇၆ | ၃၇၂,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၄

ရန်ကုန်(ရွှေဈေး) ၁၅၇၀၀၀၀
မန္တလေး(ရွှေဈေး) ၁၅၆၅၀၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း** **မြန်မာငွေကျပ်**

(က)အမေရိကန် တစ်ဒေါ်လာ = ၁၅၈၁.၁
(ခ) ဥရောပ တစ်ယူရို = ၁၉၁၅.၆
(ဂ) တရုတ် တစ်ယွမ် = ၂၄၆.၈၀
(ဃ)ထိုင်း တစ်ဘတ် = ၅၀.၆၁၁
(င) မလေးရှား တစ်ရင်းဂစ် = ၃၈၂.၉၇
(စ) အိန္ဒိယ တစ်ရူပီး = ၂၁.၆၅၆
(ဆ) ဩစတြေးလျ တစ်ဒေါ်လာ = ၁၂၁၂.၂
(ဇ) စင်ကာပူ တစ်ဒေါ်လာ = ၁၁၉၀.၇
(ဈ) ဂျပန် တစ်ရာယန်း = ၁၄၃၅.၁
(ည) တောင်ကိုရီးယား တစ်ရာဝမ် = ၁၄၁.၉၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အသင်းအဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များမှ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများဖြစ်ပေါ်ခဲ့မှုနှင့် စစ်ဆေးတွေ့ရှိမှုအခြေအနေ၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသွားချိန်တွင် ရွေးကောက်ပွဲပြန်လည်ကျင်းပပြုလုပ်သွားမည့် အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များတွင် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ အာဆီယံဒုတိယအတွင်းရေးမှူးချုပ် Mr. Garry Ramtee Bin Haji Ibrahim နှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး အာဆီယံဥက္ကဋ္ဌ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဖြစ်သူ H.E. Dato Lim Jock Hoi တို့ကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းမှုအခြေအနေ၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် ပထမလုပ်ငန်းစဉ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ မဲစာရင်းများ စစ်ဆေးခြင်းနှင့် မဲလက်မှတ်များအား မြေပြင်တွင်စစ်ဆေးဆောင်ရွက်နေမှုအခြေအနေ တွေ့ရှိချက်များကို နေ့စဉ်ထုတ်ပြန်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျင်းပမည့်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပပါက အာဆီယံမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ အာဆီယံဘုံသဘောတူညီချက် (၅) ရပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အပေါ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံဆိုင်ရာအာဆီယံသံတမန်ခန့်အပ်၍ မြန်မာ့နိုင်ငံရေး အပါအဝင် ကိုဗစ်-၁၉ ကြောင့် ကျဆင်းလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ သစ်ပင်ပျိုးပင်ပေါင်း ၉၀၀၀၀ ကို ဒေသခံပြည်သူများ စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေ

**မိတ္ထီလာ ဇွန် ၄**

မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၁ ခုနှစ် မိုးရာသီကာလတွင် ဒေသခံပြည်သူများ စိုက်ပျိုးနိုင်ရန်အတွက် သစ်ပင်ပျိုးပင်ပေါင်း ၉၀၀၀၀ ကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း အဆိုပါသစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"၂၀၂၁ ခုနှစ် မိုးရာသီကာလမှာ ပြည်သူများ စိုက်ပျိုးနိုင်ရန်အတွက် ပြည်သူကို ဖြန့်ဝေမယ့် သစ်ပင်ပျိုးပင်ပေါင်း ၉၀၀၀၀ ကို ပြုစုပျိုးထောင်ပြီး စတင်ဖြန့်ဝေပေးနေပါတယ်။ သစ်ပင်ပျိုးပင် ၉၀၀၀၀ တွေထဲမှာ လျှော်ဖြူ ၁၀၀၀၀၊ မဲဇလီ ၁၀၀၀၀၊ မြန်မာကုက္ကို ၅၀၀၀၊ စိန်ပန်း ၁၀၀၀၀၊ တမာ ၁၂၀၀၀၊ ယူကလစ် ၁၀၀၀၀၊ ဗာဒံ ၃၀၀၀၊ မည်စည် ၂၅၀၀၊ ပန်းတမာ ၃၀၀၀၊ ရင်းမာ ၃၀၀၀၊ စိန်တံခြူ ၂၅၀၀၊ ငုဝါငုစပ် ၅၀၀၀၊ ရှား ၇၀၀၀၊ မန်ကျည်း ၅၀၀၀၊ သပြေဘူတ ၂၀၀၀ ဖြစ်ပါတယ်။ ဖြန့်ဝေပေးတဲ့နေရာမှာ တပ်ရင်းတပ်ဖွဲ့များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံတွေလည်း ပါဝင်ပြီး လက်ရှိတော့ ဘုန်းတော်ကြီးကျောင်းတချို့နဲ့ ရပ်ကွက်အနည်းငယ်က လာရောက်တောင်းယူတာ မျိုးရှိလို့ပေးနေပါတယ်။ လူမှုရေးအသင်းအဖွဲ့တွေ အနေနဲ့ လမ်းဘေးဝဲ၊ ယာစိုက်ချင်လို့ တောင်းရင်လည်းပေးပါတယ်။ သစ်ပင်ပျိုးပင် စိုက်ပျိုးချင်လို့ မြို့နယ်သစ်တောဦးစီးဌာနကို လိပ်မူပြီးစာတင်ပြီး တောင်းတဲ့သူတိုင်းကို သစ်ပင်ပျိုးပင်တွေ အခမဲ့ ဖြန့်ဝေပေးတာဖြစ်ပါတယ်"ဟု အဆိုပါသစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အခမဲ့ဖြန့်ဝေပေး**

နှစ်စဉ်ဒေသခံပြည်သူများ စိုက်ပျိုးနိုင်ရန်အတွက် သစ်ပင်ပျိုးပင်များကို သစ်တောပျိုးဥယျာဉ်တွင် ပြုစုပျိုးထောင်၍ သစ်ပင်ပျိုးပင်မျိုးစုံကို မြို့နယ်သစ်တောဦးစီးဌာနက အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိ

မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်လေ့ရှိပြီး နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိကြောင်း၊ လက်ရှိ ရာသီဥတုအခြေအနေအရ မုန်တိုင်းနှင့် မိုးသက်လေပြင်းများ ကျရောက်မည့် အနေအထားများ ရှိနေကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာအလိုက် မိမိတို့ ဌာနအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ဒေသအလိုက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားကြရန်လိုကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာမြို့နယ်များအလိုက် တံတားများနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြို့အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများစွာ ကျခံသုံးစွဲနေရကြောင်း၊ ထို့အတူ လူ၏ပေါ့ဆမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မူဝါဒဆိုင်ရာအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုမူဝါဒများ အဓိကထား ဆွေးနွေးနိုင်ရန် ကျင်းပခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေခြင်း၊ ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းတို့မှ တစ်ဆင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**ဆွေးနွေး**

အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစုတစည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်ဌာနများ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများစသည်တို့ကို အတည်ပြုခဲ့သည်။ ထို့ပြင် ကြန့်ကြာနေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုနှင့် ရာသီသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းစသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြပြီး အထောက်အကူပြုနိုင်မည့် မူဝါဒအစီအမံများကို ချမှတ်ခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့သည် အထူးလေယာဉ်ဖြင့် ဇွန် ၃ ရက် ညနေ ၄ နာရီ ၅၅ မိနစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာရာ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

**လက်ခံတွေ့ဆုံ**

ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံဆက်ဆံရေး၊ အာဆီယံအသိုက်အဝန်း ထူထောင်ရေး ကြိုးပမ်းအားထုတ်မှု၊ အာဆီယံနိုင်ငံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးရလဒ်များ အကောင်အထည်ဖော်မှု၊ မြန်မာ-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုများနှင့် အာဆီယံ ကနဦး ဆန်းစစ်လေ့လာရေး အကြံပြုချက်များ အကောင်အထည်ဖော်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံမီဒီယာက တွေ့ဆုံမေးမြန်းခြင်း

(ယမန်နေ့မှ အဆက်)

**မေး။ ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မြန်မာပြည်တွင်းသာမက ပြည်ပမှာလည်း ထောက်ခံသူတွေရှိပါတယ်။ နောက် သူက နိုဗယ်ဆုရှင်တစ်ယောက်လည်း ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်၍သော်လည်းကောင်း၊ သူ့ရဲ့နိုင်ငံခြားဆက်ဆံရေး ဆောင်ရွက်ခဲ့တဲ့ အနေအထားအပေါ်မှာ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘယ်လိုများမှတ်ချက်ပြုလိုပါသလဲ။**

**ဖြေ။** ။ သူလည်း သူ့ရဲ့အသက်အရွယ်၊ သူ့ရဲ့အတွေ့အကြုံ၊ တတ်စွမ်းသမျှ လုပ်တယ်လို့ပဲ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်တို့တာဝန်ယူပြီး လေးလလောက်ရှိပါပြီ။ ကျွန်တော်တို့ ပြီးခဲ့တဲ့ အစိုးရလုပ်ဆောင်ချက်တွေကို အကုန်လုံး ဆန်းစစ်ကြည့်လိုက်ရင်တော့ ခုနက ကျွန်တော်ပြောတဲ့ အတိုင်းပဲ သူ့ရဲ့အတွေ့အကြုံ၊ သူ့ရဲ့အသက်အရွယ်အရ သူတတ်စွမ်းသမျှ၊ တတ်နိုင်သမျှ သူလုပ်ခဲ့တယ်ဆိုတာကို ကျွန်တော်တွေ့ပါတယ်။

**မေး။ ။ သူက ငြိမ်းချမ်းရေးကို တကယ်လုပ်နိုင်ခဲ့သလား။ မလုပ်နိုင်ခဲ့ဘူးလား။**

**ဖြေ။** ။ ခုနက ကျွန်တော်ပြောသလိုပဲ။ သူ့ရဲ့အတွေ့အကြုံ၊ သူတတ်စွမ်းသမျှ တတ်နိုင်သမျှ လုပ်ခဲ့တာကို ကျွန်တော်တွေ့ပါတယ်။

**မေး။ ။ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ပြောချင်တာက သူတတ်နိုင်သမျှ လုပ်ခဲ့တယ်လို့ပဲ ဆိုလိုတာပေါ့။**

**ဖြေ။** ။ ဟုတ်ပါတယ်။

**မေး။ ။ အစိုးရအနေနဲ့ အာဆီယံအထူးအစည်းအဝေးကို တက်ရောက်ခဲ့တယ်။ အာဆီယံရဲ့ ဘုံသဘောတူညီချက် အချက်ငါးချက်ကိုလည်း ချမှတ်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အဓိကကတော့ ပြဿနာတွေအဆုံးသတ်ဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေကြားမှာ ဆွေးနွေးမှုတွေ ပေါ်ထွက်ဖို့၊ အာဆီယံရဲ့ အထူးကိုယ်စားလှယ် စေလွှတ်ဖို့နဲ့ သူနဲ့ဆွေးနွေးဖို့၊ အကူအညီပေးဖို့ဆိုတဲ့ ဒီအချက်တွေပါဝင်တယ်ဆိုတဲ့အကြောင်း သူတို့အနေနဲ့ လေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီအချက်ငါးချက်ကို လက်တွေ့တိတိကျကျအကောင်အထည်ဖော်ဖို့အတွက် ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဒီဟာကို ခက်ခဲတယ်လို့ယူဆနိုင်ပါသလား။**

**ဖြေ။** ။ တကယ်တော့ ခက်ခက်ခဲခဲလုပ်ရတာတော့ မရှိပါဘူး။ သို့သော် အခြေအနေ အချိန်အခါပေါ်မှာတော့ ကြည့်ပြီးလုပ်ရမှာရှိတယ်။ ချက်ချင်းကြီး လုပ်ရမယ့်ကိစ္စမဟုတ်ဘူး။ အချိန်ယူပြီးတော့မှ တိုင်းပြည်အခြေအနေ၊ အာဆီယံရဲ့အခြေအနေ၊ နိုင်ငံတကာရဲ့အခြေအနေကို မူတည်ပြီး ပြောဆိုလုပ်ကိုင်တဲ့အခါ ဘာမှခက်ခဲတာမရှိပါဘူး။ ဒါကြောင့် ကျွန်တော်ပြောခဲ့တယ်။ သူတို့ပြောတဲ့ အကြံပြုချက်တွေက ကောင်းမွန်တဲ့အကြံပြုချက်များဖြစ်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံရဲ့ လတ်တလောဖြစ်ပျက်နေတဲ့အခြေအနေအပေါ်မှာ အလေးထားစဉ်းစား ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့တာရှိပါတယ်။ နိုင်ငံအတွင်းမှာ တည်ငြိမ်အေးချမ်းမှုရှိဖို့ လိုတယ်။ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြင်ပကနေလာရောက်ပြီး ပြောဆိုလုပ်ကိုင်လာရင် ကောင်းတာဖြစ်နိုင်သလို မကောင်းတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော်တို့ကလည်း အခြေအနေ အချိန်အခါပေါ်မှာမူတည်ပြီး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မူတည်ပြီး ဆောင်ရွက်သွားမယ်လို့ ပြောခဲ့တာရှိပါတယ်။ အာဆီယံ Charters, အာဆီယံ Ways, အာဆီယံ spirits ဒီသုံးခု ရှိပါတယ်။ ဒီအပေါ်မှာ အခြေခံပြီး လုပ်ဖို့လည်း လိုပါတယ်။ ဒီလိုမဟုတ်ဘဲ တခြားလမ်းကြောင်း ရွေးပြီးလုပ်ရင်တော့ အခက်အခဲရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်က ပြန်ကြည့်ရင် ခက်ခဲတာမရှိပါဘူး။ နှစ်ဖက်လုံးကနေပြီး ဒီအပေါ်မှာ နားလည်မှုရှိရှိနဲ့ လုပ်မယ်ဆိုရင် လုပ်လို့ရတဲ့ အပိုင်းတွေ ရှိပါတယ်။

**မေး။ ။ ဆိုလိုချင်တာက ဒီငါးချက်ကိုလုပ်ဖို့အတွက် မြန်မာပြည်ရဲ့ နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုက အရေးအကြီးဆုံးလို့ ပြောချင်တာပါလား။**

**ဖြေ။** ။ မှန်ပါတယ်။

**မေး။ ။ အခုလက်ရှိ မြန်မာနိုင်ငံ ဖြစ်ပေါ်နေတဲ့ အခြေအနေကို ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ထိန်းချုပ်နိုင်မှုအောက်မှာ ရှိတယ်လို့ဆိုလိုချင်တာပါလား။**

**ဖြေ။** ။ ၁၀၀ ရာခိုင်နှုန်းထိန်းချုပ်နိုင်ပြီလို့ မပြောနိုင်ဘူး။ တချို့နေရာတွေမှာ အဖျက်လုပ်ငန်းတွေ ရှိနေဆဲဖြစ်ပါတယ်။

**မေး။ ။ အခုအနေအထားပြောရရင် တည်ငြိမ်မှု ၁၀၀ ရာခိုင်နှုန်းမရှိသေးဘူးဆိုတဲ့အတွက် ဒီအချက်ငါးချက်ကို စပြီးအကောင်အထည်ဖော်ဖို့အတွက် အသင့်မဖြစ်သေးဘူးလို့ ဆိုနိုင်ပါသလား။**

**ဖြေ။** ။ မှန်ပါတယ်။

**မေး။ ။ အဲဒီတော့အခြားနိုင်ငံတွေရဲ့ ယူဆချက်တွေကို ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘယ်လိုများ ထင်မြင်ချက်တွေရှိပါသလဲ။**

**ဖြေ။** ။ သူတို့လည်း သူတို့ဘက်ကအမြင်ပေါ့။ သူတို့နိုင်ငံဘက်က အမြင်၊ သူတို့ကျင့်သုံးတဲ့ နိုင်ငံရေးလမ်းကြောင်းပေါ်မှာ အမြင်အမျိုးမျိုးရှိကြပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူကြပါဘူး။ အဓိကကတော့ သူတို့လိုချင်တာက ဒီမိုကရေစီနည်းလမ်းတကျ အစိုးရတစ်ရပ်ကို ဖြစ်စေချင်တဲ့သဘောပါ။ ပထမဦးဆုံး ခင်ဗျား ကျွန်တော့်ကို စမေးတဲ့ အာဏာသိမ်းတဲ့ဖြစ်စဉ်ကို မေးတဲ့အချိန်မှာ သူတို့အခြေခံဥပဒေကို နားမလည်ဘူးလို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ဒီလိုအခြေအနေပေါ်မှာ မူတည်ပြီး နိုင်ငံကြီးတွေရဲ့ အမြင်ကလည်း ဒီလိုဖြစ်နေတယ်လို့ ကျွန်တော်ပြောလိုပါတယ်။

**မေး။ ။ အကယ်၍ အာဆီယံပဲပြောရင် အာဆီယံက မြန်မာပြည်ကို ဖြစ်စေချင်တဲ့ဆန္ဒကရော ခုနကသဘောထဲမှာ ပါဝင်ပါသလား။**

**ဖြေ။** ။ ပါပါတယ်။ အာဆီယံနိုင်ငံတွေက မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို လိုချင်တယ်။ ပြည်သူပြည်သားတွေ စည်းစည်းလုံးလုံးရှိတာကို လိုချင်တယ်။ သူတို့ ခေါင်းဆောင်တွေပြောတဲ့ စကားထဲမှာ ဒီလိုပဲမြင်ပါတယ်။

**မေး။ ။ အာဆီယံရဲ့ ငြိမ်းချမ်းမှုအဆိုပြုချက်များကို သဘောတူပါသလား။**

**ဖြေ။** ။ မူအားဖြင့် သဘောတူပါတယ်။ ကျွန်တော်က သဘောမတူစရာ အကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံရဲ့တည်ငြိမ်အေးချမ်းမှုကို မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်ဖို့ ကျွန်တော်ပြောခဲ့တာပါ။

**မေး။ ။ နိုင်ငံတော်ကောင်စီဝင်နဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိကလည်း မြန်မာပြည်ကိုထောက်ခံမှုသုံးခုနဲ့ ရှောင်ရှားမှုအချက်သုံးချက်ကို အဆိုပြု အကြံပြုခဲ့တာရှိပါတယ်။ အဆွေတော်အနေနဲ့ ဘယ်လိုများ အမြင်ရှိပါသလဲ။**

**ဖြေ။** ။ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ပြောခဲ့တာကလည်းအပြုသဘောဆောင်တဲ့ဟာတွေဖြစ်ပါတယ်။ တကယ်လည်း ကောင်းမွန်တဲ့ အချက်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒါတွေကို လက်ခံပါတယ်။ သဘာဝလည်းကျပါတယ်။ လက်တွေ့လည်းကျပါတယ်။


**မေး။ ။ တရုတ်ကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စကိုလည်း သူတို့အနေနဲ့ တွေ့ရှိရပါတယ်။ အဆွေတော်အနေနဲ့ ဒီကုမ္ပဏီအပေါ်မှာ လုံခြုံမှုကိစ္စကို ဘယ်လိုများ စီမံဆောင်ရွက်ပေးမလဲ၊ ဘယ်လိုများ အလေးထားလဲ၊ ဘယ်လိုများ အမြင်ရှိပါသလဲ၊ အဲဒါတွေကို ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။**

**ဖြေ။** ။ တရုတ်နိုင်ငံက ကုမ္ပဏီရင်းနှီးမြှုပ်နှံမှု အားလုံးပေါင်း လုပ်ငန်းပေါင်း ငါးရာကျော်လောက်ရှိပါတယ်။ အကြမ်းဖျင်းအားဖြင့် ဒေါ်လာ ၂၁ ဘီလီယံကျော်လောက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဖြစ်စဉ်ကာလမှာ တရုတ်လုပ်ငန်းစက်ရုံ၊ အလုပ်ရုံ ၃၃ ခု၊ ၁၄ ခုလောက်ပါတယ်။ အားလုံးပေါင်း မီးရှို့ခံရတာ ၂၁ ခုလောက်ရှိပါတယ်။ တရုတ်နိုင်ငံသားတွေနဲ့ လုပ်နေတာ ၁၃ ခု၊ ၁၄ ခုလောက်ရှိပါတယ်။ တရုတ်နိုင်ငံတင်မဟုတ်ဘူး။ တခြားနိုင်ငံနဲ့လည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးရှိပါတယ်။ တချို့လည်း ဖျက်ဆီးခံရတဲ့အထဲမှာ ပါတာတွေလည်း ရှိတယ်။ ကျွန်တော်တို့ကတော့ ပြင်ပရင်းနှီးမြှုပ်နှံမှုတွေ အကုန်လုံးကို ကာကွယ်ပေးထားပါတယ်။ လက်ရှိ ကျွန်တော်ကိုယ်တိုင်လည်း သွားရောက်ကြည့်ရှုပြီးတော့မှ လိုအပ်တာတွေကို အမြန်ဆုံးပြန်ပြီး လုပ်ငန်းလည်ပတ်နိုင်ဖို့ ကူညီဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်ပေးပါတယ်။ လိုအပ်တဲ့လုံခြုံမှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ တချို့မြန်မာလူမျိုးတွေအနေနဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုမှာ အမြင်နည်းနည်းစောင်းနေတာတွေ့ရတယ်။ အဲဒီအပေါ်မှာ ဘယ်လိုများ မှတ်ချက်ပြုလိုပါသလဲ။**

**ဖြေ။** ။ အဲဒါကတော့ နိုင်ငံရေးပါပါတယ်။ လှုံ့ဆော်မှုကြောင့်ဖြစ်တယ်။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံသားတင်မကဘူး။ တခြားနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွေလည်း အများကြီးရှိပါတယ်။ အခုမှ ရှိတာမဟုတ်ဘူး။ ဟိုးအရင်လွတ်လပ်ရေးရကတည်းက တရုတ်နိုင်ငံသားတွေရဲ့ စီးပွားရေးလုပ်ငန်းတွေရှိတယ်။ အိန္ဒိယနိုင်ငံသားတွေရဲ့ စီးပွားရေးလုပ်ငန်းတွေ မျိုးစုံရှိကြတယ်။ အရင်တုန်းက အိန္ဒိယရင်းနှီးမြှုပ်နှံမှုတွေလုပ်ထားတဲ့ စီးပွားရေးလုပ်ငန်းများမှာ အဓိကရုဏ်းတွေဖြစ်ခဲ့တဲ့ သာဓကတွေရှိတယ်။ ဟိုအရင်တုန်းကလည်း ရှိခဲ့ဖူးတယ်။ ဒီဘက်မှာလည်း ရှိပါတယ်။ ဒါပေမဲ့ နိုင်ငံရေးလို့ပဲ ကျွန်တော်ကမြင်တယ်။ နိုင်ငံသားတွေက တရုတ်မုန်းတီးရေးလုပ်တာမဟုတ်ဘူး။ နိုင်ငံရေးအရ မုန်းတီးအောင် လုပ်လာတဲ့ကိစ္စရပ်တွေသာ ဖြစ်တယ်။ အခံမှာတော့ ဘာမှမရှိဘူး။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံက အခုမှရင်းနှီးမြှုပ်နှံခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသား/တရုတ်တွေရှိတယ်။ မြန်မာနိုင်ငံမှာ မွေးဖွားတဲ့တရုတ်တွေရှိတယ်။ မြန်မာနိုင်ငံသား/ တရုတ်ရှိတယ်။ သူတို့ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းတွေက ဟိုးအရင်ကတည်းက ရှိခဲ့တယ်။ အခုလည်း အများကြီးရှိတယ်။ သူတို့ဘာမှမဖြစ်ပါဘူး။လက်ရှိမှာ စီးပွားရေးလုပ်ကိုင်နေကြတယ်။ နိုင်ငံရေးအရ လုပ်တာဖြစ်ပါတယ်။

စာမျက်နှာ ၆ သို့ ✻




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံမီဒီယာက တွေ့ဆုံမေးမြန်းစဉ်။

## တွေ့ဆုံမေးမြန်း

✻ စာမျက်နှာ ၅ မှ

**မေး။ ။** ဗိုလ်ချုပ်မှူးကြီး ပြောတာကို နားလည်ပါတယ်။ နိုင်ငံရေးအရ လှုံ့ဆော်တဲ့ဟာကို နည်းနည်းပေါ်လွင်စေတဲ့အချက်ကို ပြောပြပေးလို့ ရနိုင်မလား။

**ဖြေ။ ။** လှုံ့ဆော်တယ်ဆိုတာဟာ ဥပမာအားဖြင့် ဒီလူတွေရဲ့ လုပ်ငန်းတွေကို ပျက်စီးအောင် လိုက်လုပ်တယ်။ တခြားလုပ်ငန်းတွေကို မလုပ်ဘူး။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု ၅၀၀ ကျော်လောက် ရှိတာကို ၅၀၀ ကျော်လုံး ဖျက်ဆီးတာမဟုတ်ဘဲ ဆယ်ဂဏန်းလောက်သာ ဖျက်ဆီးတာဖြစ်တယ်။ ဒါကိုကြည့်လိုက်ရင် နိုင်ငံရေးအရ လုပ်တယ်လို့ ပြောလို့ရတယ်။ စီးပွားရေးအရ လုပ်ချင်လို့ရှိရင် အကုန်လုံးကို ရအောင်တိုက်မှာပေါ့။

**မေး။ ။** အဲဒီတော့ နိုင်ငံရေးအရ လှုံ့ဆော်တဲ့ တရုတ်စက်ရုံတွေအပေါ်မှာ လုပ်သွားတဲ့ လုပ်ရပ်တွေက မြန်မာပြည်ထဲက လူတွေပဲလား။ အခြားသော ပြင်ပကဆက်သွယ်ပြီး လုပ်နေတဲ့ အဖွဲ့အစည်းတွေ ရှိနိုင်လား။

**ဖြေ။ ။** ခိုင်မာတဲ့သက်သေတော့ မပြနိုင်သေးပါဘူး။

**မေး။ ။** နောင်အချိန်ကျရင်တော့ အပြင်ကနေ လှုံ့ဆော်မှုကြောင့်ဖြစ်တဲ့ အချက်အလက်တွေကို ထုတ်ပြန်နိုင်တဲ့အချိန်ကျရင် ထုတ်ပြန်ပေးနိုင်မလား။

**ဖြေ။ ။** အသိပေးသင့်တဲ့ကိစ္စဆိုရင် ကျွန်တော်တို့ အသိပေးမှာပါ။ တကယ်တော့ အခုလုပ်တဲ့ကိစ္စကို ကြည့်လိုက်ရင် တိုင်းပြည်စီးပွားပျက်အောင် လုပ်တာပါ။ တရုတ်နိုင်ငံသားစက်ရုံကို ဖျက်တာက တရုတ်တွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု နောက်ဆုတ်သွားလိမ့်မယ်။ ဒါကြောင့် နိုင်ငံရေးအရ လုပ်တာဖြစ်တယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ တချို့စက်ရုံတွေက တခြားနိုင်ငံကိုရွှေ့ဖို့ ကြံစည်နေတယ်ဆိုတဲ့ သတင်းတွေကို အွန်လိုင်းက ဖြန့်နေကြတာရှိတယ်။ ဒါတွေက နိုင်ငံရေးပါ။

**မေး။ ။** အခုထပ်မေးလိုတာကတော့ ရခိုင်ပြည်နယ်က ရိုဟင်ဂျာလို့ ပြောနေတဲ့ ဒုက္ခသည်ကိစ္စပဲ ဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ မူဆလင်ဘာသာဝင်တွေ နိုင်ငံသားမရသေးတဲ့သူတွေလည်း ရှိနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သူတို့ကို ဘယ်လိုများ သုံးနှုန်းခေါ်ဆိုပါသလဲ။ သူတို့ကိုယ်သူတို့ကတော့ ရိုဟင်ဂျာလို့ ပြောနေတာရှိပါတယ်။ အဲဒီအပေါ်မှာ ဗိုလ်ချုပ်မှူးကြီးရဲ့အမြင်လေးကို ပြောပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဖြေ။ ။** ပြောရရင် ရိုဟင်ဂျာဆိုတာ မရှိဘူး။ စိတ်ကူးယဉ်ပြီးပြောတဲ့ နာမည်တစ်ခုပဲ။ တကယ်တော့ အရှေ့ဘင်္ဂလားနယ်ရဲ့ စစ်တကောင်းဒေသက လာတဲ့သူတွေကို သူတို့ကိုယ်သူတို့ ရိုဟင်ဂျာလို့ ပြောနေကြတာဖြစ်တယ်။ ဘယ်ခေတ်အဆက်ဆက်မှ ရိုဟင်ဂျာလို့ မခေါ်ခဲ့ဘူး။ ကျွန်တော်တို့က အင်္ဂလိပ်ရဲ့ကိုလိုနီလက်အောက်ရောက်ခဲ့ပါတယ်။ အင်္ဂလိပ်အုပ်ချုပ်မှုအောက်မှာနေခဲ့ရတယ်။ အဲဒီတော့ အင်္ဂလိပ်တွေခေတ်က သန်းခေါင်စာရင်းကောက်တယ်။ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ် ကောက်ခဲ့တဲ့ သန်းခေါင်စာရင်းတွေမှာ ဘင်္ဂါလီဆိုတဲ့ စကား၊ စစ်တကောင်းသားဆိုတဲ့စကားတွေပဲ တွေ့တယ်။ ရိုဟင်ဂျာလို့ မတွေ့ဘူး။ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း ကောက်ခဲ့တဲ့စာရင်းမှ ဘင်္ဂါလီဆိုတဲ့ စကားရယ်၊ ပါကစ္စတန်ဆိုတဲ့ စကားရယ်၊ နောက်တစ်ခါ စစ်တကောင်းသားဆိုတဲ့စကားပဲ ကျွန်တော်တို့တွေ့တယ်။ ရိုဟင်ဂျာဆိုတာမရှိဘူး။ ရိုဟင်ဂျာဆိုတာကို ကျွန်တော်တို့ လက်လည်း လက်မခံဘူး။ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသား တရားဝင်လက်ခံထားတာ ၁၃၅ မျိုး ရှိပါတယ်။ သို့သော်လည်း ဒါကတော့ နည်းနည်းအပြောင်းအလဲရှိနိုင်ပါတယ်။ ၁၃၅ မျိုးထဲမှာ ရိုဟင်ဂျာ မပါပါဘူး။ ဘင်္ဂါလီလည်း မပါပါဘူး။ တရားဝင် တိုင်းရင်းသားလည်း မဟုတ်ပါဘူး။ သူတို့ဘာသာ သူတို့စိတ်ကူးနဲ့ ခေါ်ထားတဲ့ နာမည်တစ်ခုဖြစ်တယ်။ ကျွန်တော်တို့ ဒါကို အသိအမှတ်မပြုပါဘူး။

**မေး။ ။** မြန်မာအစိုးရတွေအနေနဲ့ ရိုဟင်ဂျာဆိုတာ တရားဝင်မရှိဘူး။ လက်ခံထားခြင်းလည်း မရှိဘူးလို့ သူတို့နားလည်လိုက်ပါတယ်။ အနောက်နိုင်ငံတွေအနေနဲ့ ဘင်္ဂါလီရှင်သန်နေထိုင်မှုအပေါ် စိတ်ဝင်စားမှု မြင့်မားတယ်။ သူတို့က ရိုဟင်ဂျာလို့ ပြောကြတယ်။ ဒေသခံနဲ့ သူတို့ကြားမှာဖြစ်တဲ့ ပြဿနာအရင်းခံကိုရော အဆွေတော်အနေနဲ့ ဘယ်လိုများ ထင်မြင်ယူဆချက်ရှိပါသလဲ။

**ဖြေ။ ။** သူတို့ကတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နေတဲ့သူတွေက သူတို့ဘာသာသူတို့နေတယ်။ နှစ်ပေါင်းများစွာလည်း ရှိနေပြီး ဘာမှပြဿနာမရှိဘူး။ အဲဒီဒေသမှာရှိတဲ့ရခိုင်တွေလည်း ဘင်္ဂါလီတွေနဲ့ အတူတူနေကြတယ်။ ဘာမှပြဿနာမရှိဘူး။ ဘင်္ဂါလီမှာလည်း နှစ်ပိုင်းရှိတယ်။ ဘင်္ဂါလီ/ဟိန္ဒူ ဘင်္ဂါလီ/အစ္စလာမ်ဆိုပြီး နှစ်ပိုင်းရှိတယ်။ ကျွန်တော်တို့ မေးခဲ့ပြီး ဒီအရာတွေရှိတာကို တွေ့ခဲ့ပြီးပြီ။ ဒီလူတွေနဲ့နေကြတဲ့ ဒေသခံတိုင်းရင်းသားတွေနဲ့ အတူတူနေကြတာ ဘာမှပြဿနာမရှိပါဘူး။ ဒီအတိုင်းပဲ နေကြပါတယ်။ လှုံ့ဆော်လို့ဖြစ်လာတဲ့ ပြဿနာတွေကြောင့်သာ ဒေသမှာ ပဋိပက္ခတွေ ဖြစ်လာတာ။ နောက်တစ်ခုက နဂိုမူလကတည်းက ရောက်နေတဲ့သူတွေရှိတယ်။ သူတို့က စူးအက်တူးမြောင်းလုပ်တဲ့ အချိန်မှာ ဆန်စပါးဈေးတွေ ကောင်းလာတဲ့အခါ အရှေ့ဘင်္ဂလားမှာရှိတဲ့ဘင်္ဂါလီတွေကို မြန်မာနိုင်ငံကို ခေါ်ပြီးတော့ အင်္ဂလိပ်တွေက လယ်စိုက်ခိုင်းတယ်။ အဲဒီအချိန်ကတည်းက မပြန်တော့ဘဲ သူတို့တွေက ကျန်ခဲ့တဲ့အတွက် အခုလို အခြေအနေ ဖြစ်လာတယ်။ တဖြည်းဖြည်းနဲ့ များလာတဲ့လူတွေ ဖြစ်တယ်။ ဒီလူတွေရှိနေတဲ့ အခြေအနေမှာလည်း အရင်ကတော့ ပဋိပက္ခတော့ ဖြစ်ခဲ့ဖူးတယ်။ သို့သော်လည်း နောက်ပိုင်းမှာ ပဋိပက္ခတွေမရှိဘဲ အေးအေးချမ်းချမ်းပဲနေကြတယ်။ အထိုက်အလျောက် ပဋိပက္ခတွေရှိတယ်။ သို့သော်လည်း တကယ်ကို ပြင်းပြင်းထန်ထန်နဲ့ဖြစ်တဲ့ပြဿနာမရှိဘူး။ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တစ်ခုပဲရှိတယ်။ ၁၉၄၂ ခုနှစ်က အလယ်သံကျော်အရေးအခင်းဆိုတာ ဖြစ်ခဲ့တယ်။ ၁၉၄၂ ခုနှစ် အဖြစ်အပျက်က တော်တော်လေးဆိုးပါတယ်။ ဒီနောက်ပိုင်းမှာ အဲဒီလောက်ဆိုးတဲ့ ဖြစ်စဉ်မျိုး မရှိခဲ့ပါဘူး။

> **အင်္ဂလိပ်တွေခေတ်က သန်းခေါင်စာရင်းကောက်တယ်။ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ် ကောက်ခဲ့တဲ့ သန်းခေါင်စာရင်းတွေမှာ ဘင်္ဂါလီဆိုတဲ့စကား၊ စစ်တကောင်းသားဆိုတဲ့စကားတွေပဲ တွေ့တယ်။ ရိုဟင်ဂျာလို့ မတွေ့ဘူး။ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း ကောက်ခဲ့တဲ့စာရင်းမှ ဘင်္ဂါလီဆိုတဲ့ စကားရယ်၊ ပါကစ္စတန်ဆိုတဲ့ စကားရယ်၊ နောက်တစ်ခါ စစ်တကောင်းသားဆိုတဲ့စကားပဲ ကျွန်တော်တို့တွေ့တယ်။ ရိုဟင်ဂျာဆိုတာမရှိဘူး။ ရိုဟင်ဂျာဆိုတာကို ကျွန်တော်တို့ လက်လည်းလက်မခံဘူး။ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသား တရားဝင်လက်ခံထားတာ ၁၃၅ မျိုး ရှိပါတယ်။ သူတို့ဘာသာ သူတို့စိတ်ကူးနဲ့ ခေါ်ထားတဲ့ နာမည်တစ်ခုဖြစ်တယ်။ ကျွန်တော်တို့ ဒါကို အသိအမှတ်မပြုပါဘူး။**

**မေး။ ။** အခုက အနောက်နိုင်ငံတွေက ဒီလူတွေကို နိုင်ငံသားအဖြစ် စဉ်းစားပေးဖို့၊ နေရာချထားပေးဖို့ကို တစိုက်မတ်မတ် တောင်းဆိုနေတာ ရှိတယ်။ အကယ်၍ ဒီလူတွေကို လက်ခံမယ်ဆိုရင် လက်ခံဖို့ အစီအစဉ်ရော ရှိပါသလား။ အကယ်၍ လက်ခံမယ်ဆိုရင် ဘယ်လိုအချက်အလက်တွေအပေါ် အခြေခံပြီး လက်ခံမှုပြုသွားမလဲ။

**ဖြေ။ ။** ဒီလူတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ သူတို့တင်မဟုတ်ဘဲ အိမ်နီးနားချင်း (၅) နိုင်ငံရှိတယ်။ အင်္ဂလိပ်ရဲ့ ကိုလိုနီဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်နေတဲ့ နိုင်ငံခြားသားတွေ အများကြီးရှိတယ်။ အဲဒီအတွက် ရည်ရွယ်ပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ရေးခဲ့တာရှိတယ်။ မြန်မာနိုင်ငံသားဥပဒေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားတဲ့ ဘင်္ဂါလီတွေနဲ့ ပတ်သက်ပြီး အကျုံးဝင်တဲ့သူတွေကို သူ့စည်းကမ်းနဲ့အညီ ပြန်လက်ခံဖို့ လုပ်ထားတာရှိတယ်။ ကျွန်တော်တို့သဘောတူပါတယ်။ လက်မခံစရာအကြောင်း မရှိပါဘူး။ မြန်မာနိုင်ငံမှာ သတ်မှတ်ထားတဲ့စည်းကမ်းချက်နဲ့အတူ နေခဲ့ပြီး ကိုက်ညီရင် ပြန်လက်ခံဖို့ လုပ်နေတာရှိတယ်။ ဒါလည်း သဘောတူလို့ ဆွေးနွေးနေတာရှိတယ်။ အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးနေတာတွေ ရှိတယ်။ ကျွန်တော်တို့အနေနဲ့ လက်မခံစရာအကြောင်းမရှိဘူးလို့ ကျွန်တော် ပြောလိုပါတယ်။

**မေး။ ။** အကယ်၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ ချမှတ်ထားတာ ရှင်းလင်းပါတယ်။ တချို့သောအကျုံးမဝင်တဲ့သူတွေရော ဘယ်လိုများ စဉ်းစားနိုင်ပါသလဲ။

**ဖြေ။ ။** ကမ္ဘာမှာရှိတဲ့ဘယ်နိုင်ငံမှ သူတို့လူဝင်မှုကြီးကြပ်ရေးဥပဒေကို ကျော်လွန်ပြီးတော့ မလုပ်ကြဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။

**မေး။ ။** ဥပဒေအတိုင်းပဲ လုပ်မယ်။ နိုင်ငံတကာ တောင်းဆိုမှုရှိလာရင်လည်း ဒီဟာတွေကို ရှင်းပြပေးသွားမယ်လို့ နားလည်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စပြီးဖွဲ့စည်းတဲ့အချိန်ကတည်းက ဥက္ကဋ္ဌအနေနဲ့ ပြင်ပမီဒီယာကို လက်ခံပြီး ဖြေကြားပေးတာ ဒါပထမဦးဆုံးအကြိမ်လို့ သိထားပါတယ်။ အဲဒါမှန်တယ်ဆိုရင် ဘာကြောင့် တရုတ်မီဒီယာကို ပထမဦးဆုံးအကြိမ် လက်ခံပေးတဲ့အကြောင်းကို ဖြည့်စွက်ပြီး ဆွေးနွေးပေးပါ။

**ဖြေ။ ။** အမေးရှိရင် အဖြေရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကိုယ့်ရဲ့ပြောဆိုချက်တွေကို မှန်မှန်ကန်ကန်နဲ့ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ဖြေကြားပေးတာပါ။ နောက်တစ်ခုလည်း ပြောလိုတာ ရှိပါတယ်။ ခင်ဗျားတို့နဲ့ ဖြေတာက ပထမဦးဆုံးအကြိမ်တော့ မဟုတ်ပါဘူး။ တခြားမီဒီယာနဲ့ ဖြေခဲ့တာတွေရှိတယ်။ အကြောင်းအမျိုးမျိုးကြောင့် မပါလာသေးတာဘဲ ဖြစ်မှာပါ။

**မေး။ ။** ဆက်မေးချင်တာက တရုတ်-မြန်မာ ဆက်ဆံရေးအပေါ်ကို ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘယ်လိုမျိုး ထင်မြင်ချက်ရှိပါသလဲ။ ရှေ့လျှောက်ပြီးတော့ တရုတ်- မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးအပေါ်ကို ဘယ်လိုမျိုးမြှင့်တင်ဆောင်ရွက်ဖို့ ဆန္ဒရှိပါသလဲ။

**ဖြေ။ ။** မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာ နယ်နိမိတ်ချင်းထိစပ်နေတယ်။ ကီလိုမီတာပေါင်း ၂၂၀၀ ကျော်လောက် ထိစပ်နေတဲ့ နိုင်ငံဖြစ်တယ်။ နောက်တစ်ခါ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုရှိပြီး နယ်စပ်မှာနေတဲ့ တိုင်းရင်းသားတွေကလည်း တူညီမှုရှိကြတယ်။ ခင်ဗျားတို့ဆီမှာ ဂျိန်းဖောရှိမယ်၊ ကျွန်တော်တို့ဆီမှာ ကချင်ရှိမယ်။ ခင်ဗျားတို့ဆီမှာ ‘ဝ’ ရှိမယ်။ ကျွန်တော်တို့ဆီမှာ ‘ဝ’ ရှိတယ်။ ခင်ဗျားတို့ဆီမှာ ရှမ်းရှိတယ်။ ကျွန်တော်တို့ဆီမှာ ရှမ်းရှိတယ်။ ခင်ဗျားတို့ဆီမှာ လားဟူ ရှိတယ်။ ကျွန်တော်တို့ဆီမှာ လားဟူရှိတယ်။ တော်တော်လေးနီးစပ်မှု လူနေမှုတူညီကြတယ်။ သမိုင်းကြောင်းပြန်ကြည့်ရင်လည်း ၁၉၄၅–၁၉၅၀ တရုတ်နိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တွေမှာ မြန်မာနယ်စပ်နဲ့ မြန်မာနိုင်ငံမှာလည်း ရိုက်ခတ်မှုတွေ ရှိခဲ့တယ်။ ထို့အတူပဲ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု ဖြစ်စဉ်တွေမှာလည်း မြန်မာနိုင်ငံ၊ တရုတ်နယ်စပ်နဲ့ တရုတ်နိုင်ငံမှာလည်း ရိုက်ခတ်မှုတွေ ရှိခဲ့တယ်။ ဒါဟာထူးခြားတဲ့ဟာဖြစ်တယ်။ ကျွန်တော်တို့က နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေးကို ယုံကြည်မှုနဲ့ ချစ်ချစ်ခင်ခင်နေတာက အကောင်းဆုံးလို့ ကျွန်တော်က ခံယူထားတယ်။ အိမ်နီးနားချင်းထက် စိတ်ချရတဲ့မိတ်ဆွေနိုင်ငံဆိုတာမရှိဘူး။ အိမ်နီးချင်းဆိုတာ အရင်းနှီးဆုံးနိုင်ငံဖြစ်ရမယ်။ အိမ်နီးချင်းကောင်းပဲဖြစ်ရမယ်။ နိုင်ငံအားလုံးနဲ့ အိမ်နီးနားချင်း ငါးနိုင်ငံနဲ့ ချစ်ကြည်အောင်ဆောင်ရွက်ပါတယ်။ တရုတ်နဲ့ မြန်မာကလည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူ ငါးချက်ကို ကမ္ဘာမှာ စပြီးလက်မှတ်ထိုးခဲ့တဲ့ နိုင်ငံတွေဖြစ်တယ်။ ဒါကတော့ ထူးခြားတဲ့ဟာပါ။

**မေး။ ။** ခုတရုတ်ဘက်ကနေ လုပ်ကိုင်နေတဲ့ စီးပွားရေးရပ်ဝန်းနဲ့ လမ်းကြောင်းအပေါ်မှာရော မြန်မာဘက်ကနေ ပူးပေါင်းဆောင်ရွက်ဖို့ အားဖြည့်ဖို့အတွက် စဉ်းစားထားမှုလေးရှိရင် အတိုချုပ်မှတ်ချက်ပြုပေးပါ။

**ဖြေ။ ။** တရုတ်က အခုလုပ်နေတဲ့စီးပွားရေးစင်္ကြံလမ်းကြောင်းက အခုမှ မြန်မာနိုင်ငံနဲ့ လုပ်တာမဟုတ်ဘူး။ ဟိုးရှေးကာလကတည်းက ပူးပေါင်းပြီးလုပ်လာခဲ့တယ်။ အဲဒီကတည်းက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍပေါင်းစုံ ရှိတယ်။ ခုကတော့ ပိုပြီးတော့မှ တစ်ကမ္ဘာလုံးနဲ့ ဆက်သွယ်ပြီး လုပ်လာတဲ့ကိစ္စတွေက ပိုပြီးတော့ လေးနက်လာတဲ့သဘောရှိတယ်။ မြန်မာနိုင်ငံကတော့ အခုမှလုပ်တာမဟုတ်ဘူး။ လုပ်လာတာ ကြာလှပြီ။ ပူးပေါင်းဆောင်ရွက်မှုကတော့ ဒီထက်ပိုပြီးကောင်းအောင် လုပ်ဖို့ပဲရှိတယ်။ မြန်မာပြည်သူတွေရဲ့အကျိုးရှိမယ်။ မြန်မာနိုင်ငံအတွက် အကျိုးရှိမယ်ဆိုရင် ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်မှုလုပ်မှာပဲ ဖြစ်တယ်လို့ ပြောချင်တယ်။

**မေး။ ။** မေးခွန်းနှစ်ခုပေါင်းရမယ်ဆိုရင်တော့ မြန်မာနိုင်ငံနဲ့တရုတ်အကြား နယ်စပ်တည်ငြိမ်ရေးကို အဆွေတော်အနေနဲ့ ဘယ်လိုဆက်လက်ပြီး ထိန်းသိမ်းမလဲ၊ မြှင့်တင်မလဲဆိုတာ ထင်မြင်ချက်ရှိမလဲ။ နောက်တစ်ခုက နယ်စပ်ဒေသမှာ ကိုဗစ်ပြန့်ပွားမှုတွေအပေါ်မှာရော ဘယ်လိုမျိုးပူးပေါင်းဆောင်ရွက်မလဲ။

**ဖြေ။ ။** နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကတော့ နယ်စပ်ဒေသမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ မြန်မာနိုင်ငံက ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းအပေါ်မှာ အပြည့်အဝဆောင်ရွက်သွားမယ်ဆိုရင်တော့ လုံးဝကို တည်ငြိမ်အေးချမ်းတဲ့ အခြေအနေရောက်သွားမယ်။ တရုတ်နယ်စပ်ပဲ မဟုတ်ပါဘူး။ ထိုင်းနိုင်ငံနယ်စပ်တွေမှာလည်းရှိပါတယ်။ စာမျက်နှာ ၇ သို့ ○

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

○ စာမျက်နှာ ၆ မှ
လာအိုနိုင်ငံနယ်စပ်တွေမှာလည်း ရှိပါတယ်။ အိန္ဒိယနယ်စပ်မှာလည်း ရှိပါတယ်။ အခုဘင်္ဂလားနယ်စပ်မှာလည်းရှိပါတယ်။ နယ်စပ်တွေ တည်ငြိမ်ဖို့ကတော့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေမရှိအောင် သူတို့ မြန်မာနိုင်ငံရဲ့ လျှောက်လှမ်းနေတဲ့ နိုင်ငံရေးလမ်းကြောင်းပေါ်မှာ မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်နိုင်အောင် ဖြစ်လာတယ်ဆိုရင်တော့ ကျွန်တော်တို့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကတော့ ခိုင်ခိုင်မာမာရှိတယ်လို့ပြောချင်ပါတယ်။ အဲဒီတော့ ဒီမှာလည်း နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားရေးတိုးတက်အောင် ဆောင်ရွက်ပေးရမယ်။ ဒါလည်း မဖြစ်မနေလုပ်ပေးရမယ်။ တရုတ်ဘက်က နိုင်ငံရေးအခြေအနေနဲ့ ကျွန်တော်တို့ဘက်က နိုင်ငံရေးအခြေအနေနဲ့ ကွာဟနေလို့မရဘူး။ အဲဒီလိုကွာဟနေတယ်ဆိုရင်တော့ ပြဿနာရှိမယ်ပေါ့။ ကွာဟမှုမရှိအောင်တော့ ကျွန်တော်တို့ဘက်က ကြိုးစားရမယ်။ တစ်ဖက်ကလည်း တည်ငြိမ်အောင်ကြိုးစားရမယ်။ ဒီဘက်ကလည်း တိုးတက်အောင် ကြိုးစားရမယ်။ ဒီနှစ်ခုရှိမှသာ နှစ်နိုင်ငံဆက်ဆံရေး အခိုင်အမာရှိလိမ့်မယ်လို့ ကျွန်တော်တော့ မြင်တယ်။ နောက်တစ်ခုက ခင်ဗျားမေးတဲ့အထဲမှာ ကိုဗစ်-၁၉ ပါတယ်နော်။ ကိုဗစ်-၁၉ ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီမှာ ထိန်းနိုင်ပြီ။ ကျွန်တော်တို့ တော်တော်လေးထိန်းနိုင်တဲ့ အနေအထားရှိပါတယ်။ Second Wave ကတော့ ကျွန်တော်တို့ အများကြီး ဖြစ်ခဲ့ပါတယ်။ Third Wave မှာ ဖြစ်စဉ်က တော်တော်လေးနည်းပါတယ်။ သို့သော်လည်း လုံးဝပျောက်ပြီတော့ မဟုတ်ဘူး။ ကျွန်တော်တို့ ကြိုးစားပြီး ထိန်းရလိမ့်မယ်။ နယ်စပ်ဒေသမှာ ကိုဗစ်မဖြစ်ပွားရေးနဲ့ ပတ်သက်ရင် သူ့စည်းကမ်းချက်တွေကို တိတိကျကျ လိုက်နာဖို့တော့လိုတယ်။ အားနာလို့တော့မရဘူး။ ခင်ဗျားတို့ဘက်က စည်းကမ်းထိန်းသိမ်းရေးအပိုင်းကလည်း သူ့စည်းကမ်းနဲ့ ထိန်းဖို့လိုတယ်။ ကျွန်တော်တို့ဘက်ကလည်း ထိန်းဖို့လိုပါတယ်။ သူ့ရဲ့သတ်မှတ်တဲ့ စည်းကမ်းချက်တွေရှိတယ်။ နောက်တစ်ခုက လူတွေက ဒါနဲ့ပတ်သက်ပြီး အသိရှိဖို့လိုတယ်။ ကိုယ့်အသိနဲ့ကိုယ် မလိုက်နာဘူးဆိုရင် တားလို့ဆီးလို့မရတဲ့ရောဂါဖြစ်တဲ့အတွက် ပြဿနာတော့ရှိလာဖို့မြင်တယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကလည်း တော်တော်အရေးကြီးတယ်လို့မြင်တယ်။

**မေး။ ။ နောက်ဆုံးအနေနဲ့ ပြောလိုတာကတော့ စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် လွန်စွာပဲတန်ဖိုးထားပါတယ်။ အလေးအမြတ်ထားပါတယ်။ နောက်တစ်ခုကတော့ ခုနက ပြောသလိုပဲ နှစ်နိုင်ငံတည်ရှိနေတဲ့ သမိုင်းကြောင်း တည်ရှိနေတဲ့ Background တွေအရ နှစ်ဖက်ကဦးစားပေးပြီးတော့ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာ ယုံကြည်ပါတယ်ဆိုတာ Phoenix က နိဂုံးချုပ်ပြောလိုပါတယ်။**

**ဖြေ။ ။** ကောင်းပါပြီ။ ပြည့်စုံပါတယ်။ ကျွန်တော့်အနေနဲ့လည်း မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ ကျွန်တော်ဦးဆောင်တဲ့အဖွဲ့ရဲ့ ထားရှိတဲ့အနေအထား၊ ထားရှိတဲ့သဘောထားတွေကို ကျွန်တော်ပြောခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော်ပြောတဲ့ဆိုတဲ့အချက်တွေပေါ် မူတည်ပြီး နိုင်ငံတကာကိုလည်း အားလုံးသိရှိအောင် ဆောင်ရွက်ပေးနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ ။

■

## (၇၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇွန် ၄**

(၇၄)နှစ်မြောက်အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)၏ ယဉ်ကျေးမှုရတနာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထည့်သွင်းစဉ်းစား**

အစည်းအဝေးတွင် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခုနှစ်ကျင်းပမည့် အာဇာနည်နေ့အခမ်းအနားကို ယမန်နှစ်ကကဲ့သို့ Coronavirus Disease 2019(COVID–19) ကူးစက်ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်နိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

ယခုနှစ် အာဇာနည်နေ့မတိုင်မီ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းမီဒီယာများမှတစ်ဆင့် အာဇာနည်နေ့ဆိုင်ရာ အကြောင်းအရာများကို ကြိုတင်ထုတ်လွှင့်ခြင်း၊ ဇူလိုင် ၁၉ ရက်တွင် နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုခြင်း၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တွင် နိုင်ငံတော်အလံတိုင်ဝက် လွှင့်ထူအလေးပြုခြင်းနှင့် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမနှင့် ရန်ကုန်မြို့ မြို့တော်ခန်းမတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ယခုနှစ်ကျင်းပမည့် အခမ်းအနားများ အောင်မြင်အောင် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြရန် ပြောကြားသည်။

ဆက်လက်၍ (၇၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ အခမ်းအနားကျင်းပရေးဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းတာဝန်အလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လုံခြုံရေးအထူးဂရုပြုရန်နှင့် COVID–19 ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် အခမ်းအနားတွင် ပါဝင်ဆောင်ရွက်သူများအားလုံး COVID–19 Test စစ်ဆေးမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ပြောကြား၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို မန်းသီတာဥယျာဉ် ပြန်လည်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေး



**မန္တလေး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုသည် ယနေ့နံနက်ပိုင်းတွင် နန်းမြို့ကျုံးတောင်ဘက်မြို့ရိုးနှင့် ကျုံးကြားတွင် မန်းသီတာဥယျာဉ် ပြန်လည်တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုအား မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် ကော်မတီဝင်များက မန်းသီတာဥယျာဉ် ပြန်လည်တည်ဆောက်ရန် စီမံကိန်းတွင် ပါဝင်ရေးဆွဲထားသည့် မန္တလေးရိုးရာယဉ်ကျေးမှု ဖော်ညွှန်းသော ပန်းခြံ၊ ပြည်သူ့ဥယျာဉ်၊ မိသားစုအပန်းဖြေနေရာများ၊ မန္တလေးရက္ခဗေဒဥယျာဉ်ပြတိုက်၊ လေဟာပြင်စင်မြင့်၊ မန္တလေးပြည်သူ့ဥယျာဉ်၊ နန်းတော်နှင့် ပတ်ဝန်းကျင်အနေအထား၊ အပန်းဖြေဥယျာဉ်လျှောက်လမ်း အဝင်အထွက်လမ်းများ၊ မိုးရေလျှံထုတ်မြောင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျုံးအတွင်းပတ်လမ်းရှိ မန်းသီတာဥယျာဉ်ပြန်လည်တည်ဆောက်မည့်မြေနေရာအခြေအနေ၊ ကျုံးရေပြင်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုကြသည်။ **သတင်းစဉ်**

- ပြည်တွင်းပြည်ပဈေးကွက် ရရှိထားသည့် နှစ်ရှည်သီးနှံပင်များကိုလည်း ဖြစ်ထွန်းအောင်မြင်အောင်နှင့် ဈေးကွက်ဖြစ်ထွန်းအောင် စီမံဆောင်ရွက်ပေးရန်လို
- နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းသည် စီးပွားရေးအကျိုးဖြစ်ထွန်းသည့်အပြင် သစ်တောပြုန်းတီးမှုကိုပါ ထိန်းသိမ်းနိုင်ပြီး ရာသီဥတုကိုပါ အထောက်အကူဖြစ်စေ
- အခြေခံသီးနှံ စိုက်ပျိုးမှုသာမက လူနေမှုခေါင်းစဉ်အောက်တွင်ရှိသော နှစ်ရှည်သီးနှံစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်

☆ ကျောဖုံးမှ
လယ်ယာစိုက်ပျိုးရေးကို အဓိကအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေ တောင်သူလယ်သမားများ၏လူမှုစီးပွားဘဝများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးသော လက်ငင်းလိုအပ်ချက်ဖြစ်ကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးမြှင့်တင်ရေးအတွက် နိုင်ငံတော်အစိုးရအဆက်ဆက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း။

### အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုး

ထို့ကြောင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးမြှင့်တင်ရေးဥပဒေကို၂၀၁၃ ခုနှစ်တွင် စတင်အတည်ပြု ပြဋ္ဌာန်းခဲ့ကြောင်း၊ မူလဥပဒေတွင် အခန်း(၈)ခန်းနှင့် ပုဒ်မ(၂၉)ခုပါဝင်ပြီး၊ အခန်း(၂)၊ ပုဒ်မ ၃တွင် ဥပဒေ၏အနှစ်သာရ ရည်ရွယ်ချက်(၅)ရပ်ကို ဖော်ပြ ပြဋ္ဌာန်းထားကြောင်း၊ ဥပဒေပါ ပုဒ်မခွဲ(က)တွင် အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သောချေးငွေများနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊ ပုဒ်မခွဲ(ခ)တွင် ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့်ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ပုဒ်မခွဲ(ဂ)တွင် လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊ ပုဒ်မခွဲ(ဃ)တွင် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာဆောင်ရွက်ရန်နှင့် ပုဒ်မခွဲ(င)တွင် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန်တို့ ဖော်ပြပါရှိပါကြောင်း။

ထိုကဲ့သို့ ခိုင်ခံ့ကောင်းမွန်သည့် ရည်ရွယ်ချက်(၅)ရပ်အပေါ် ဥပဒေနှင့် ညီညွတ်စွာ ခိုင်မာသည့်နည်းဥပဒေများရေးဆွဲဆောင်ရွက်ခဲ့သည့်အပြင် တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံရန်နှင့် တောင်သူလယ်သမားအဖွဲ့အစည်းများပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ချက်(၂)ရပ်ကို ထပ်မံဖြည့်စွက်ရန် ဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ကြောင်း၊ အဆိုပါ ရည်ရွယ်ချက်(၂) ရပ်မှာ ပုဒ်မခွဲ(စ) လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ တောင်သူလယ်သမားများမနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်နှင့် ပုဒ်မခွဲ(ဆ) တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံစားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံသူနိုင်ငံသားများ အာဟာရပြည့်ဝရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထုတ်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးတို့သည် အဖွဲ့၏ အဓိကရည်မှန်းချက်များဖြစ်သည်နှင့်အညီ ဤဥပဒေ၏ အနှစ်သာရရည်ရွယ်ချက်များနှင့် အဓိကဦးတည်ချက်ဖြစ်သည့် လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း။

### ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးမြှင့်တင်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည့်မီစွာထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်တစ်ခုတည်းကသာမက ဦးဆောင်အဖွဲ့က ယခင် အမိန့်ထုတ်ပြန်ဖွဲ့စည်းပေးထားသည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် အစိုးရမဟုတ်သောအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကို ပြန်လည်ဖွဲ့စည်းပြီး ယင်းလုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်ပါဝင်စေကာ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များသည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပြဋ္ဌာန်းချက်များတွင်ပါဝင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သက်ဆိုင်သည့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ သွင်းအားစုများဖြစ်သည့် မျိုး၊ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးစက်ကိရိယာများ အရည်အသွေးမှန်ကန်ရေးနှင့် သုံးစွဲမှုစနစ်တကျရှိစေရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဒေသတွင်း သီးနှံထုတ်လုပ်မှုစွမ်းအားမြင့်မားစေရေးလုပ်ငန်းများ၊ ထုတ်လုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ ကြီးကြပ်ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ တောင်သူများစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် အရင်းအနှီးရရှိရေးနှင့် ထုတ်လုပ်သည့်သီးနှံများ ဈေးကွက်ခိုင်မာစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သွင်းအားစုကုမ္ပဏီများ၊ ထုတ်လုပ်သူတောင်သူအစုများပါဝင်သည့် အကျိုးတူလယ်ယာစနစ်ပေါ်ထွန်းလာရေးပံ့ပိုးကူညီဆောင်ရွက်သွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ ပြောင်းလဲလာသည့် ရာသီဥတုဖြစ်စဉ်များနှင့်အတူ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းများကြောင့် ပျက်စီးထိခိုက်မှုများလျော့နည်းစေရန် ကြိုတင်အစီအမံများချမှတ်၍ ဆည်မြောင်းတာတမံများနှင့် ရေသွင်းရေနုတ်မြောင်းများ ပြုပြင်ခြင်းစသည့် လုပ်ငန်းများအပြင် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်သူများစာရင်းဇယားမှန်ကန်ရေး ကြီးကြပ်ဆောင်ရွက်သွားရမည့်အပြင် သီးနှံထောက်ပံ့ကြေးပေးအပ်ရေးလုပ်ငန်းများ မှန်ကန်မြန်ဆန်စေရေးကို တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့များအနေဖြင့် အထူးအလေးပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### အလေးထားဆောင်ရွက်

တောင်သူတစ်ဦးချင်းစီ၏ အကျိုးစီးပွားတိုးတက်ရေးအတွက် နှစ်စဉ်ပုံမှန်စိုက်ပျိုးသည့် စပါးတစ်ဧက အထွက်တိုးရေးသည် အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်နေသည်ကို တွေ့ရကြောင်း၊ တစ်ဧကအထွက်တိုးရေးနှင့် စိုက်ဧကတိုးချဲ့ရေးဟူ၍ နှစ်မျိုးရှိရာ မိမိတို့နိုင်ငံအနေဖြင့် တစ်ဧကအထွက်တိုးရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဧကအထွက်တိုးရန် အထွက်ကောင်းသည့် မျိုးများစိုက်ပျိုးရေး၊ သွင်းအားစုများမှန်ကန်ရေး၊ ရေသွင်းရေထုတ်များမှန်ကန်ရေးနှင့် ရေရရှိရေးနည်းလမ်း(၆)သွယ်တို့ ပြည့်စုံမှသာ တစ်ဧကအထွက်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် သိပ္ပံနည်းကျစိုက်ပျိုးရေး (၁၄) ရပ်ကိုလည်း တောင်သူများထံ အသိပညာပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပျိုးထောင်ချိန်တွင် လိုက်နာရမည့်အချက်(၄)ချက်၊ စိုက်ပျိုးချိန်တွင်လိုက်နာရမည့် အချက်(၂)ချက်၊ ကောက်ကွက်ပြည့်မီရေးအတွက် လိုက်နာရမည့်အချက်(၃)ချက်၊ ရေသွင်းရေထုတ်သွင်းအားစု ပေါင်းသတ်ရာတွင် လိုက်နာရမည့်အချက် (၁)ချက်စီနှင့် ရိတ်သိမ်းချိန်တွင် လိုက်နာရမည့်အချက်(၂)ချက်တို့ကို တောင်သူတစ်ဦးချင်းစီအထိ ထိရောက်စွာ သိရှိနားလည်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တာဝန်ယူထားကြသည့် စိုက်ပျိုးရေးတာဝန်ခံများအနေဖြင့် ကိုယ်တိုင်သိရှိကျွမ်းကျင်ပြီး တောင်သူများကို အသိပညာများ ဖြန့်ဝေပေးကြရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များအလိုက် စံပြစိုက်ခင်းများထူထောင်ပြီး စာတွေ့၊ လက်တွေ့ သရုပ်ပြဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ သို့မှသာ တောင်သူများ၏ တစ်ဧကအထွက်နှုန်းတိုးတက်လာပြီး ၎င်းတို့၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရာရောက်ကြောင်း၊ ထွက်ကုန်ပစ္စည်းများ၏ နောက်ဆက်တွဲဖြစ်သည့် ဝင်ငွေတိုးတက်ရေးသည် တိုင်းပြည်၏စီးပွားရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အဆိုပါ အချက်များသည် အပြန်အလှန်အကျိုးပြုနေသည့်အတွက် အစည်းအဝေးသို့တက်ရောက်လာကြသူများအနေဖြင့် အလေးအနက်ထား ဆောင်ရွက်ပေးစေလိုကြောင်း၊ စိုက်ပျိုးထွန်ယက်မှု၊ ပေါင်းခြွေ ရိတ်သိမ်းမှု၊ သိုလှောင်မှု စသည့်လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ၊ သွင်းအားစုများ၊ အသုံးချမည့်တိရစ္ဆာန်များ၊ ယာဉ်ယန္တရားများ၊ ရေသွင်းရေထုတ်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ စသည့် အထောက်အကူပစ္စည်းများကို ဈေးနှုန်းသက်သာစွာ တောင်သူများလက်ဝယ်အရောက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများကို တိုက်ရိုက်ချိတ်ဆက်ပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် တောင်သူလယ်သမားများအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အစည်းအဝေးသို့တက်ရောက်လာကြသူများအနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များကို ပီပြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် စီမံဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပွင့်လင်းစွာဆွေးနွေးအဖြေရှာကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးအောင်သန်းဦး၊ ဦးခင်မောင်ရီ၊ ဒေါက်တာပွင့်ဆန်းနှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းဆွေးနွေး အကြံပြုတင်ပြကြသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးမြှင့်တင်ရေးဦးဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးညွန့်အောင်တို့က အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်များရယူကြသည်။

စာမျက်နှာ ၉ သို့ ☆

- တောင်သူများစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် အရင်းအနှီးရရှိရေးနှင့် ထုတ်လုပ်သည့်သီးနှံများ ဈေးကွက်ခိုင်မာစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သွင်းအားစုကုမ္ပဏီများ၊ ထုတ်လုပ်သူတောင်သူအစုများပါဝင်သည့် အကျိုးတူလယ်ယာစနစ်ပေါ်ထွန်းလာရေး ပံ့ပိုးကူညီဆောင်ရွက်
- တောင်သူတစ်ဦးချင်းစီ၏ အကျိုးစီးပွားတိုးတက်ရေးအတွက် နှစ်စဉ်ပုံမှန်စိုက်ပျိုးသည့် စပါးတစ်ဧကအထွက်တိုးရေးသည် အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်နေသည်ကို တွေ့ရကြောင်း၊ တစ်ဧကအထွက်တိုးရေးနှင့် စိုက်ဧကတိုးချဲ့ရေးဟူ၍ နှစ်မျိုးရှိရာ မိမိတို့နိုင်ငံအနေဖြင့် တစ်ဧကအထွက်တိုးရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်

☆ စာမျက်နှာ ၈ မှ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦးနှင့် ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က အခြေခံရည်ညွှန်းစပါးဈေးနှုန်းသတ်မှတ်ပေးသကဲ့သို့ အခြားစိုက်ပျိုးထွက်ကုန်ပဲ၊ ကြက်သွန်စသည့် ရာသီသီးနှံများကိုလည်းကောင်း အခြေခံရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ဆောင်ရွက်သင့်သည့် အခြေအနေနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးတွင် တင်ပြခဲ့သည့် အကြံပြုချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက စိစစ်ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်၍ သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းပြည်ပဈေးကွက်ရရှိထားသည့် နှစ်ရှည်သီးနှံပင်များကိုလည်း ဖြစ်ထွန်းအောင်မြင်အောင်နှင့် ဈေးကွက်ဖြစ်ထွန်းအောင် စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းသည် စီးပွားရေးအကျိုးဖြစ်ထွန်းသည့်အပြင် သစ်တောပြုန်းတီးမှုကိုပါ ထိန်းသိမ်းနိုင်ပြီး ရာသီဥတုကိုပါ အထောက်အကူဖြစ်စေကြောင်း၊ ထို့ကြောင့် အခြေခံသီးနှံစိုက်ပျိုးမှုသာမက လူနေမှုခေါင်းစဉ်အောက်တွင်ရှိသော နှစ်ရှည်သီးနှံစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ အထွက်နှုန်းကောင်းမွန်သည့် မျိုးရင်းများရရှိရေး၊ ဈေးကွက်ကောင်းမွန်ရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပူးပေါင်းဆောင်ရွက်၍ နည်းပညာများ မျှဝေကာ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ထုတ်ကုန်မြင့်မားရေးတို့ကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနအလိုက် ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါက်တာရဲတင့်ထွန်းနှင့် ဦးသက်နိုင်ဦးတို့က လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တီးတိန်၊ ဖလမ်း၊ ထန်တလန်နှင့် ဟားခါးမြို့နယ်တို့အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၁၂၇ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်တွင် ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှု များပြားလာသဖြင့် အချို့သောမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်အတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) တီးတိန်မြို့နယ်၊
(ခ) ဖလမ်းမြို့နယ်၊
(ဂ) ထန်တလန်မြို့နယ်၊
(ဃ) ဟားခါးမြို့နယ်။

၃။ အဆိုပါမြို့နယ်(၄)မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ၊)
(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(ဃ) နေအိမ်မှပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊
(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊
(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၅–၆–၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင် သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများရှိ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၁) ကျင်းပ

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံး တာဝန်ခံညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က လက်ရှိဆောင်ရွက်နေသည့် စစ်ဆေးရေးလုပ်ငန်းများ အချိန်မီပြီးစီးရန် ဦးစားပေးအစီအစဉ်များ စနစ်တကျရေးဆွဲ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျက်မြင်စစ်ဆေးခြင်းသည် အရေးကြီးကြောင်း၊ သွားလာရန်ခက်ခဲသည့် ဒေသများတွင် ဆောင်ရွက်ထားသည့် လုပ်ငန်းများအတွက် ခိုင်လုံသေချာသည့် မှတ်တမ်းဓာတ်ပုံများ၊ အထောက်အထားများရယူရန်လိုအပ်ကြောင်း၊ စာရင်းစစ်ရုံးများ၏ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီမှန်ကန်စေရေး ကြီးကြပ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

လုပ်ငန်းများ အောင်အောင်မြင်မြင်နှင့် စည်းကမ်းတကျလုပ်ဆောင်နိုင်ရေးကို အဓိကဦးတည်ပြီး အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး၊ အချိန်မီပြီးစီးရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများက ဝန်ထမ်းအင်အား၊ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံရေးရာလုပ်ငန်းဆောင်ရွက်မှုများနှင့် အထွေထွေကိစ္စရပ်များ တင်ပြကြရာ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေး)တို့က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# အကြောင်းတရားမမဲ့သော အကျိုးတရားများ

မျိုးငြိမ်းငယ်

အကြောင်းတရားနဲ့ အကျိုးတရားဆိုတာက ဒွန်တွဲနေတဲ့ လောကနိယာမတရားဖြစ်ပါတယ်။ ဒါကြောင့် ဖြစ်နေတဲ့အကျိုးတရားတွေကို အဖြေရှာဖို့ဆိုရင် အရင်းခံ အကြောင်းတရားကို ပြန်စစ်ရမှာဖြစ်ပါတယ်။

ထို့အတူပါပဲ ကိုယ်လုပ်လိုက်တဲ့အကြောင်းတရားတစ်ခုဟာ အကျိုးဆက်အနေနဲ့ ဘာတွေဖြစ်နိုင်သလဲဆိုတာကလည်း ဆင်ခြင်တွေးတောရမယ့် လုပ်ငန်းစဉ်တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလို မတွေးတော၊ မဆင်ခြင်ဘဲလုပ်ကြမယ်ဆိုရင် ဖြစ်လာတဲ့အကျိုးဆက်များဟာ ကောင်းကျိုးထက် ဆိုးကျိုးဘက်ဆီ ပိုများနိုင်ပါတယ်။

## နိုင်ငံရေးရည်ရွယ်ချက်

မြန်မာနိုင်ငံမှာ အခုဆိုရင် အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ကိုယ်နဲ့သဘောထားကွဲလွဲသူတွေကို သတ်ဖြတ်တာတွေ၊ ကျောင်းတွေကို မီးရှို့ဖျက်ဆီးတာတွေ၊ အများပြည်သူဆိုင်ရာ ရထားလမ်း၊ ကားလမ်း ဖျက်ဆီးတာတွေကို လုပ်ဆောင်နေကြတာ တွေ့ရပါတယ်။ ဒီအကြမ်းဖက်လုပ်ရပ် လုပ်သူတွေရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံရေးရည်ရွယ်ချက်လို့ ဆိုကြပေမယ့် လုပ်ကိုင်နေကြတာကတော့ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးလိုတဲ့ ရည်ရွယ်ချက်ဆိုတာ ပိုမိုသိသာနေပါတယ်။

**ဒီလို အကြမ်းဖက်လုပ်လိုက်တဲ့ အကြောင်းတရားတွေကြောင့် ဖြစ်လာတဲ့ အကျိုးဆက်များဟာ နိုင်ငံရေးရည်ရွယ်ချက်အသွင်မဆောင်တော့ဘဲ အလုံးစုံပျက်စီးရေးအသွင်ကို ဆောင်လာနေပါတယ်။**

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ နိုင်ငံရေးရည်မှန်းချက်အတွက် နယ်ချဲ့တော်လှန်ရေးကို အနုနည်းနဲ့ရော၊ အကြမ်းနည်းနဲ့ပါ လုပ်ဆောင်ခဲ့ကြပါတယ်။ တစ်နည်းအားဖြင့် Hard Power နဲ့ Soft Power နှစ်မျိုးစလုံး အသုံးပြုခဲ့ပါတယ်။ ဒါကလည်း နိုင်ငံနဲ့ ပြည်သူတွေရဲ့ အခြေအနေ၊ ကမ္ဘာ့နိုင်ငံရေး အခြေအနေ၊ အင်္ဂလိပ်တို့အခြေအနေ စတဲ့ ပြောင်းလဲနေတဲ့ အခြေအနေ အချိန်အခါအလိုက် အသုံးပြုခဲ့တာပါ။ နိုင်ငံရေးကျွမ်းကျင်မှုလို့ ဆိုရမှာပါ။

## ဦးတည်လုပ်ဆောင်

ဒါပေမယ့် အကြမ်းဖက်တဲ့နည်းနဲ့ ကိုယ့်ပြည်သူကို ကိုယ်ပြန်မနင်းခဲ့ပါဘူး။ ပြည်သူကို ခုတုံးလုပ်ပြီး မစတေးခဲ့ပါဘူး။ ဆရာ/ဆရာမတွေကို မသတ်ဖြတ်ခဲ့ပါဘူး။ အပြစ်မဲ့ပြည်သူတွေကို မသတ်ဖြတ်ခဲ့ပါဘူး။ တော်လှန်ရေးတပ်သားတွေဟာ ကျောင်းတွေကို မီးမရှို့ခဲ့ပါဘူး။ ကိုယ့်နိုင်ငံပိုင်တဲ့ တစ်နည်းအားဖြင့် ပြည်သူ့ဘဏ္ဍာနဲ့ ဆောက်လုပ်ထားတဲ့ ပြည်သူပိုင်အဆောက်အဦတွေ၊ ရုံးတွေကို ဖျက်ဆီးတာ၊ မီးရှို့တာ မလုပ်ခဲ့ကြပါဘူး။ နိုင်ငံရေးရည်ရွယ်ချက်အတွက်ပဲ ဦးတည်လုပ်ဆောင်ခဲ့ကြတာပါ။ ဒီလိုရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အကြမ်းဖက်အဖွဲ့အစည်းတွေကပဲ လုပ်ကြတာပါ။

> **မိမိတို့ဆီမှာတော့ နိုင်ငံရေးရည်ရွယ်ချက်ဆိုပြီး နိုင်ငံရေးနဲ့မဆိုင်တဲ့၊ စစ်ရေးနဲ့မဆိုင်တဲ့ အများပြည်သူတွေ၊ အများပြည်သူတွေဆိုင်ရာနေရာတွေ၊ စာသင်ကျောင်းတွေ၊ ဈေးတွေ၊ ရထားလမ်းတွေ၊ တံတားတွေကို ဖျက်ဆီးတိုက်ခိုက်နေတာတွေဟာ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့လုပ်ရပ်နဲ့ အသွင်လက္ခဏာတွေသာဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းသားကလေးငယ်တွေကို ကျောင်းမတက်ခိုင်းရင် ဖြစ်လာမယ့် အကျိုးဆက် ဘာလဲဆိုတဲ့အကြောင်းတရားနဲ့ အကျိုးတရားကို ပစ္စုပ္ပန်ကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ ကိုယ်ကိုယ်တိုင်စဉ်းစားကြဖို့လိုပါတယ်။**

မိမိတို့ဆီမှာတော့ နိုင်ငံရေးရည်ရွယ်ချက်ဆိုပြီး နိုင်ငံရေးနဲ့မဆိုင်တဲ့၊ စစ်ရေးနဲ့ မဆိုင်တဲ့ အများပြည်သူတွေ၊ အများပြည်သူတွေဆိုင်ရာနေရာတွေ၊ စာသင်ကျောင်းတွေ၊ ဈေးတွေ၊ ရထားလမ်းတွေ၊ တံတားတွေကို ဖျက်ဆီးတိုက်ခိုက်နေတာတွေဟာ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်နဲ့ အသွင်လက္ခဏာတွေသာဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းသားကလေးငယ်တွေကို ကျောင်းမတက်ခိုင်းရင် ဖြစ်လာမယ့်အကျိုးဆက် ဘာလဲဆိုတဲ့အကြောင်းတရားနဲ့ အကျိုးတရားကို ပစ္စုပ္ပန်ကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ ကိုယ်ကိုယ်တိုင် စဉ်းစားကြဖို့လိုပါတယ်။

## နောက်ဆက်တွဲအကျိုးဆက်

အကြမ်းဖက်လုပ်ရပ် အကြောင်းတရားတွေကြောင့် တည်ငြိမ်အေးချမ်းတဲ့ဒေသတွေ၊ မြို့တွေမှာ အခုဆို တိုက်ပွဲရှောင်တွေများလာပြီး ပြည်သူတွေရဲ့ နေ့စဉ်ဘဝရပ်တည်ရေး ခက်ခဲလာတာဟာ နောက်ဆက်တွဲ အကျိုးဆက်များပဲဖြစ်ပါတယ်။ ဒါကို ဘေးထွက်ဆိုးကျိုးလို့ မပြောနိုင်ပါဘူး၊ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြတာပါ။ ဒီလို အကြမ်းဖက်လုပ်ရပ်တွေများလာရင် အပြစ်မဲ့ပြည်သူတွေ ဒီလိုဖြစ်လာမယ်ဆိုတာ စဉ်းစားကြဖို့လိုပါတယ်။ နိုင်ငံရေးနဲ့မဆိုင်တဲ့ လုပ်ရပ်တွေဖြစ်လို့ လက်ခံနိုင်ဖွယ်မရှိပါဘူး။ နိုင်ငံရေးဆိုရင်လည်း အဆင့်အတန်းမြင့်မားတဲ့၊ အကြောင်းအကျိုးပါတဲ့ စဉ်းစားဆင်ခြင်မှု၊ မြော်မြင်မှုတွေ လိုအပ်ပါလိမ့်မယ်။ စဉ်းစားတွေးခေါ်မှုမပါဘဲ ကျားကျားမီးယပ် နိုင်ငံရေးလုပ်နေတာဟာ နိုင်ငံရေးယဉ်ကျေးမှု အဆင့်အတန်းအားဖြင့် နိမ့်ကျတာကို ပြနေသလိုပါပဲ။ ဒါမှမဟုတ် နိုင်ငံရေးကို ကိုယ်ကျိုးအတွက် ရည်ရွယ်ချက်ရှိရှိအသုံးချနေခြင်းသာ ဖြစ်ပါလိမ့်မယ်။

## သောကပင်လယ်ဝေ

မိမိမျက်စိရှေ့အောက်ပဲ ဒုက္ခရောက်သွားတဲ့ ကလေးတွေ၊ မိသားစုတွေ၊ ကူသူကယ်သူမဲ့ ဖြစ်နေသူတွေကို မြင်တွေ့ရတဲ့အခါ များစွာစိတ်ဆင်းရဲရပါတယ်။ ယခင်ကတော့ ရိုးရိုးသားသား နေထိုင်ခဲ့ပေမယ့် ပတ်ဝန်းကျင်ရဲ့ ဖိအားဒဏ်တွေ၊ သွေးထိုး မြှောက်ပင့်မှုတွေ၊ ခြိမ်းခြောက်မှုတွေ၊ ကိုယ်ကိုယ်တိုင်ရဲ့ ဆင်ခြင်မှု အားနည်းချက်တွေကြောင့် လက်တွေ့ဒုက္ခတွေ့လာချိန်မှာ မိသားစုနဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းပါ သောကပင်လယ်ဝေနေတာကို မျက်စိရှေ့အောက်မှာ မြင်နေရပါတယ်။

နိုင်ငံရေးရဲ့သဘော၊ ဆန့်ကျင်ဆန္ဒပြမှုရဲ့သဘော၊ တော်လှန်ရေးရဲ့သဘော၊ အကြမ်းဖက်မှုတွေရဲ့သဘော၊ ကိုယ့်နိုင်ငံရဲ့ အခြေအနေ၊ နိုင်ငံတကာရဲ့ အခြေအနေ၊ ကိုယ့်ရဲ့အခြေအနေအားလုံးကို ကာလသုံးပါးအလိုက် ရှုမြင်နိုင်ဖို့လိုအပ်ပါတယ်။ ကိုယ့်နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ နိုင်ငံရေးယဉ်ကျေးမှုကို ပိုပြီးနားလည်အောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်။ ဒါမှ ဖြစ်နေတဲ့ အကြောင်းတရားတွေနဲ့ ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို ကြိုတင်မှန်းဆနိုင်မှာပါ။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှု အခြေအနေကို ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။

## နိုင်ငံရေးယဉ်ကျေးမှု

နိုင်ငံရေးယဉ်ကျေးမှုဆိုတဲ့ စကားလုံးကို နိုင်ငံရေးသိပ္ပံနယ်ပယ်မှာ အသုံးပြုကြတာပါ။ နိုင်ငံရေးယဉ်ကျေးမှုဟာ နိုင်ငံရေးစနစ်တွေနဲ့ ပတ်သက်လို့ ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းပေါ်မှာ အခြေခံပြီး ယုံကြည်မှုတွေ၊ ခံစားချက်တွေနဲ့ တန်ဖိုးတွေကို ညွှန်းဆိုကြပါတယ်။ အမေရိကန်နိုင်ငံရေး သိပ္ပံပညာရှင် Lucian Pye ကတော့ နိုင်ငံရေးလုပ်ငန်းစဉ်ရဲ့အရင်းခံများဖြစ်တဲ့ အခြေခံတန်ဖိုးတွေ၊ ခံစားချက်တွေနဲ့ ဗဟုသုတတွေ ပေါင်းစပ်ထားတာကို နိုင်ငံရေးယဉ်ကျေးမှုလို့ ဖွင့်ဆိုပါတယ်။

အဲဒါတွေက နိုင်ငံသားတွေနဲ့ အစိုးရအကြား ဆက်နွယ်မှုတစ်ခုအဖြစ် အသုံးချနိုင်ပါတယ်။ မတူညီတဲ့ နိုင်ငံတွေမှာ မတူညီတဲ့ နိုင်ငံရေးယဉ်ကျေးမှုတွေရှိကြပါတယ်။ အဲဒီနိုင်ငံရေးယဉ်ကျေးမှုတွေက ဒီမိုကရေစီတည်ဆောက်ရာမှာ အောင်မြင်ခြင်း ဒါမှမဟုတ် ကျဆုံးခြင်းတွေဖြစ်ဖို့ အကြောင်းတရား အချက်တစ်ခုအနေနဲ့ တွေ့မြင်ရပါတယ်။ ကိုယ့်နိုင်ငံရဲ့ ကိုယ်ပိုင်နိုင်ငံရေးယဉ်ကျေးမှုကို နားလည်သဘောပေါက်ခြင်းအားဖြင့် နိုင်ငံရေးဆိုင်ရာ ဆက်ဆံမှုတွေ၊ အပြုအမူတွေအတွက် သဲလွန်စတွေကို ရရှိစေနိုင်ပါတယ်။ သဘောကတော့ ကိုယ့်နိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ နိုင်ငံရေးစနစ်၊ အုပ်ချုပ်မှုပုံစံ၊ အသွင်ကူးပြောင်းရေးအဆင့်တွေကို စဉ်းစားချင့်ချိန်နိုင်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးယဉ်ကျေးမှုဟာ နိုင်ငံရေးအယူအဆနဲ့ မတူပါဘူး။

## ရှုမြင်သုံးသပ်

All the past is political culture. ဆိုတဲ့ စကားလိုပါပဲ။ မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုကိုသိချင်ရင် ယခင်က မြန်မာ့နိုင်ငံရေးအခြေအနေတွေကို သမာသမတ်ကျကျ ရှုမြင်သုံးသပ်ကြဖို့ လိုပါတယ်။ ပစ္စုပ္ပန်မှာဖြစ်နေတဲ့ အခြေအနေလေးကိုပဲ ကွက်ပြီး ရှုမြင်သုံးသပ်ကြမယ်ဆိုရင် မှန်ကန်တဲ့အမြင်ရရှိဖို့ ခက်ခဲပါလိမ့်မယ်။ ဒီလိုအခြေအနေမှာ ကျားကျားမီးယပ် နိုင်ငံရေးတွေနဲ့ လုပ်ဆောင်နေကြတာကြောင့် ဆန့်ကျင်ဘက်အကျိုးဆက်တွေ ဖြစ်လာပါလိမ့်မယ်။ အခုလည်းပဲ ပျက်စီးခြင်းအကျိုးဆက်တွေ မြင်တွေ့နေရပါပြီ။ မမှန်ကန်တဲ့ အကြောင်းတရားတွေကြောင့် မမှန်ကန်တဲ့အကျိုးဆက်ပဲ ဖြစ်လာမှာပါ။

> **နိုင်ငံရေးရဲ့သဘော၊ ဆန့်ကျင်ဆန္ဒပြမှုရဲ့သဘော၊ တော်လှန်ရေးရဲ့သဘော၊ အကြမ်းဖက်မှုတွေရဲ့သဘော၊ ကိုယ့်နိုင်ငံရဲ့အခြေအနေ၊ နိုင်ငံတကာရဲ့ အခြေအနေ၊ ကိုယ့်ရဲ့အခြေအနေအားလုံးကို ကာလသုံးပါးအလိုက် ရှုမြင်နိုင်ဖို့လိုအပ်ပါတယ်။ ကိုယ့်နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ နိုင်ငံရေးယဉ်ကျေးမှုကို ပိုပြီးနားလည်အောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်။ ဒါမှ ဖြစ်နေတဲ့အကြောင်းတရားတွေနဲ့ ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို ကြိုတင်မှန်းဆနိုင်မှာပါ။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှု အခြေအနေကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။**

ဒီတော့ နိုင်ငံအတွက် ကောင်းကျိုးကိုလိုလားရင်၊ ပြည်သူတွေအတွက် ကောင်းကျိုးလိုလားရင် မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ မှန်ကန်တဲ့အကြောင်းတရားတွေလုပ်ဆောင်မှသာ ကောင်းမွန်တဲ့ အကျိုးဆက်ကို မျှော်မှန်းနိုင်မှာ ဖြစ်ပါတယ်။ ။

ကြေးမုံ



# ရန်ကုန်အခြေခံပညာကျောင်းများ ပညာသင်ယူမှု တစ်ပတ်အတွင်း သိသိသာသာ ပိုမိုများပြားလာ

**ရန်ကုန် ဇွန် ၄**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ဇွန် ၁ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ထက်၊ လယ်၊ မူ ကျောင်းများ၌ ကျောင်းအပ်နှံမှုနှင့် တန်းစဉ်အလိုက် ပညာတက်ရောက်သင်ယူမှုမှာ ဇွန် ၁ ရက်မှ ယနေ့ ဇွန် ၄ ရက်(သောကြာနေ့) အတွင်း သိသိသာသာ တိုးလာပြီး လာမည့် ဒုတိယအပတ်ထဲတွင်လည်း ယခုထက် နှစ်ဆအထိပိုမို တိုးလာနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

**ကျောင်းသားဦးရေ သိသိသာသာတိုးလာ**

"ပညာရေးနဲ့ပတ်သက်လို့တော့ ကျောင်းသားတွေကို ထပ်ပြီးမနစ်နာစေချင်တော့ဘူး။ မိဘတွေအနေနဲ့လည်း နားလည်စေချင်တယ်။ တချို့ကျောင်းသားတွေက ကျောင်းတော့လာအပ်ထားတယ်။ ဒါပေမယ့် တက်ရောက်သင်ယူမှုတော့ မရှိသေးဘူး။ ကျွန်မ ပြောချင်တာက ကျောင်းတွေကို လာစေချင်ပြီ။ ကျွန်မတို့ဘက်ကလည်း ကျောင်းကားတွေကအစ ပြန်ဆွဲအောင် နှိုးဆော်ပေးထားတယ်။ အခုဆို ကျောင်းကားတွေလည်း အတော်များများ ပြန်လည်ပြေးဆွဲပေးနေကြပြီ။ ဒီအပတ်အတွင်း ကျောင်းသားတွေ တက်ရောက်သင်ယူမှုနဲ့ ပတ်သက်လို့ ပြောရရင်တော့ ကျောင်းစဖွင့်တဲ့နေ့ကစပြီး ဒီကနေ့ဇွန်၄ရက်အထိကတော့တစ်နေ့ထက်တစ်နေ့ ကျောင်းသားဦးရေ သိသိသာသာတိုးလာပါတယ်။ လာမယ့်ဒုတိယ အပတ်မှာဆိုရင် နှစ်ဆလောက်အထိ ပိုမိုများပြားနိုင်တယ်။ မိဘတွေကိုယ်တိုင်ကလည်း



ဇွန် ၄ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်း အထက(၅)၌ ကျောင်းသားများ အေးချမ်းစွာ ပညာသင်ကြားနေသည်ကို တွေ့ရစဉ်။

အခြေအနေကြည့်နေတဲ့ သဘောလို့မြင်တယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်နှင်းကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်)က ပြောသည်။

**အောင်မြင်စွာပြန်လည်ဖွင့်လှစ်နိုင်ခဲ့**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အောက်ရှိ နိုင်ငံတစ်ဝန်းမှ ထက်၊ လယ်၊ မူ ကျောင်းများသည် ပြီးခဲ့သော ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပညာသင်နှစ် တစ်နှစ် နားခဲ့ရသည်။ အဆိုပါ ကပ်ရောဂါကြောင့် နိုင်ငံ့မျိုးဆက်သစ်လူငယ်များ ပညာသင်နှစ် တစ်နှစ်ဆုံးရှုံးနစ်နာခဲ့ကြရသည်။ ယခုအခါ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသားများ၏ ပညာသင်ကြားမှုနှင့်ပတ်သက်၍ ထပ်မံ နစ်နာဆုံးရှုံးမှုမရှိစေရန် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ အခမဲ့ပညာသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်းအခြေခံပညာကျောင်းများ အားလုံး အောင်မြင်စွာပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

**နစ်နာမှုဖြစ်မှာက ကလေးတွေရဲ့ဘဝနောင်ရေးပဲ**

"တချို့ကျောင်းသားမိဘတွေကတော့ ကလေးတွေ ပညာသင်နှစ် တစ်နှစ်နစ်နာမှာကို စိုးရိမ်ကြတယ်။ ကျောင်းတွေ လာအပ်ထားကြတယ်။ မကြာခဏဆိုသလို ကျောင်းကိုလာရောက် လေ့လာစောင့်ကြည့်ကြတယ်။ သူတို့မှာလည်း တစ်ဖက်ကဖိအားပေးမှုတွေရှိနေတော့ ဒွိဟဖြစ်နေတဲ့သဘောလို့ မြင်တယ်။ တကယ်တော့ ကြားထဲနစ်နာမှုဖြစ်မှာက ကလေးတွေရဲ့ဘဝနောင်ရေးပဲ။ အရင်ပညာသင်နှစ်လည်းဆုံးရှုံးလိုက်ရ။ နောက်ထပ်တစ်နှစ်လည်း ထပ်ဆုံးရှုံးဦးမယ်ဆိုရင် ဒီကလေးတွေရဲ့ ပညာရေးသင်ကြားမှုဟာ တော်တော်လေးကို ထိခိုက်သွားနိုင်တယ်။ ဒါတွေကို အေးအေးချမ်းချမ်း ပညာဆက်လက်သင်ယူစေချင်တဲ့ မိဘတွေအနေနဲ့ကတော့ သဘောပေါက်ကြတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်းရှိ အမက ကျောင်းတစ်ကျောင်းမှ မူလတန်းပြဆရာမတစ်ဦးက လတ်တလောကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုနှင့်ပတ်သက်ပြီး သူ၏အမြင်ကို ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အခြေခံပညာဦးစီးဌာနအောက်ရှိထက်/လယ်/ မူ ကျောင်း စုစုပေါင်း ၂၇၀၀ ကျော်ရှိရာ ယခု ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ပညာသင်ယူမည့် ကျောင်းသားဦးရေ စုစုပေါင်းမှာ ၁၀ သိန်းကျော်ရှိပြီး လတ်တလော ကျောင်းစတင်ဖွင့်လှစ်သည့် တစ်ပတ်အတွင်း တက်ရောက်ပညာသင်ယူမှုရာခိုင်နှုန်းမှာ ၄၀ ရာခိုင်နှုန်းဝန်းကျင်ရှိကြောင်း တိုင်းပညာရေးမှူးရုံးမှ သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

## နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု ပုံရိပ်များ

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအားလုံးတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဇွန် ၄ ရက် နံနက်က ပညာသင်ကြားလျက်ရှိသည့် ပုံရိပ်များအား စုစည်းဖော်ပြလိုက်ပါသည်-



မော်လမြိုင်မြို့နယ်

သတင်းစဉ်



မိုင်းဆတ်မြို့နယ်

မြင့်မောင်(မိုင်းဆတ်)



နောင်ချိုမြို့နယ်

ထွေးငယ်(ပြန်/ဆက်)



မန္တလေး

ထွန်းထွန်းနိုင်



ချောင်းဆုံမြို့နယ်

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



နေပြည်တော် ဇွန် ၄
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ မူဝါဒများနှင့်အညီ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဦးစားပေးဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန အစည်းအဝေး ခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**ဆောင်ရွက်ပေးရမည်**

အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးချိန်တွင် ဘေးသင့်ပြည်သူများ ဘေးကင်းလုံခြုံသည့်နေရာတွင် ယာယီနေထိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရန်ဆိုသည့် လုပ်ငန်းတာဝန်နှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများ/ ဒေသအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ဘေးသင့်ပြည်သူများ ဘေးကင်းလွတ်ရာနေရာများတွင် ရွှေ့ပြောင်းနေထိုင်နိုင်ရန် ယာယီအဆောက်အအုံများ တည်ဆောက်ပေးခြင်းကို တတ်နိုင်သမျှ ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

ပြန်လည် တည်ဆောက်ပေးရမည့် လုပ်ငန်းများ၏ အဆောက်အအုံ ဒီဇိုင်းများကို သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ဒေသအလိုက် ဘေးအန္တရာယ်အမျိုးအစားအပေါ် မူတည်၍ ဒီဇိုင်းများ ပြန်လည်စိစစ်တွက်ချက်ပြီး သဘာဝဘေးဒဏ်ခံနိုင်သော အဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေးအတွက် ညွှန်ကြားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ၊ မြို့ပြနှင့် အများပိုင်အဆောက်အအုံများကို သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိစွာ ပြန်လည်တည်ဆောက်ပေးရန် ဆိုသည့် လုပ်ငန်းတာဝန်နှင့် ပတ်သက်ပြီး ဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအမံလုပ်ငန်းများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ယခင်နှစ်များတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှု၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းထိန်က မြို့ပြနှင့် ကျေးလက်ဒေသများတွင် သဘာဝဘေးဒဏ်ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်ပေးရေး၊ ပျက်စီးသွားသော မြို့ရွာများအား မြို့/ရွာအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ပေးရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေး တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ယနေ့ အစည်းအဝေးမှ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မည့်အစီအစဉ် (၁၆)ရပ်ကို ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ခေတ္တဓာတ်အားပြတ်တောက်မည်ဖြစ်၍ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း အသိပေးပန်ကြား

ပြည်သူသို့ အသိပေးပန်ကြားခြင်း
၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်)

၁။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများနှင့် စက်မှုဇုန်များတွင် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားများ ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းအချို့ကို ပြောင်းလဲချိတ်ဆက်ခြင်းအား မြောင်းတကာ ဓာတ်အားခွဲရုံတွင် ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

၂။ ထိုသို့ ပြုပြင်ခြင်းများဆောင်ရွက်နိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် (၅-၆-၂၀၂၁)ရက်နေ့ (၀၀:၀၀)နာရီမှ (၀၆:၀၀)နာရီအထိ မြောင်းတကာခွဲရုံတွင် ဓာတ်အားပိတ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် (၁၂-၆-၂၀၂၁)ရက်နေ့တွင် ၂၃၀ ကေဗွီ မြောင်းတကာ-ကမာနတ် ဓာတ်အားလိုင်းကို (၀၆:၀၀)နာရီမှ (၁၇:၀၀)နာရီအထိ လည်းကောင်း၊ ၂၃၀ ကေဗွီ ရွှေတောင်-လှော်ကား ဓာတ်အားလိုင်းနှင့် ရွှေတောင်-မြောင်းတကာ ဓာတ်အားလိုင်းကို (၁၂-၆-၂၀၂၁)ရက်နေ့ (၀၆:၀၀)နာရီမှ (၁၃-၆-၂၀၂၁)ရက်နေ့ (၁၈:၀၀)နာရီအထိ အသီးသီး ဓာတ်အားပိတ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဓာတ်အားပိတ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်သာယာ၊ ရွှေလင်ပန်း၊ မှော်ဘီ၊ ဆိတ်ကြီးခနောင်တိုနှင့် ကွမ်းခြံကုန်းမြို့နယ်များတွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်၊ ရေကြည်၊ ကျိုက်လတ်၊ ဖျာပုံနှင့် မအူပင်မြို့နယ်များတွင် လည်းကောင်း ခေတ္တဓာတ်အားပြတ်တောက်မည်ဖြစ်ပါ၍ ၎င်းဧရိယာများအတွင်း အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ပါကြောင်း မေတ္တာရပ်ခံ အသိပေးပန်ကြားအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၄
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ စဉ့်ကူးနှင့် ကျောက်မြောင်းမြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် ဝန်ထမ်းများနှင့် လည်းကောင်း၊ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံသည်။

ဇွန် ၁ ရက်တွင် ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တာဝန်ခံတို့အား တွေ့ဆုံ၍ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် လည်းကောင်း၊ ကောလင်းခရိုင်ရုံးတွင် ကောလင်းခရိုင်နှင့် ပင်လည်ဘူးမြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တာဝန်ခံတို့အား လည်းကောင်း တွေ့ဆုံပြီး ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်းသိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် ထပ်ဆင့်လွှင့်စက်ရုံမှူးတို့အား တွေ့ဆုံပြီး ဝန်းသိုမြို့ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဝန်ထမ်းများ၏ တင်ပြချက်များနှင့် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိုင်ငံ့ဝန်ထမ်းပီပီ သစ္စာရှိရှိ စိတ်ကောင်းစေတနာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရေး မှာကြားခဲ့သည်။

သတင်းစဉ်



**ဘင်္ဂလား ပင်လယ်အော် အခြေအနေ**

နေပြည်တော် ဇွန် ၄
ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇွန် ၄
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# ဂျပန်နိုင်ငံက COVAX အစီအစဉ်သို့ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ထပ်မံလှူဒါန်းမည်




**တိုကျို ဇွန် ၄**

ဂျပန်ဝန်ကြီးချုပ် ဆူဂါက ကမ္ဘာ့နိုင်ငံများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သာတူညီမျှစွာရရှိရေးအတွက် ကာကွယ်ဆေးဖြန့်ဖြူးပေးလျက်ရှိသည့် COVAX အစီအစဉ်သို့ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ထပ်မံလှူဒါန်းရန် ပြောကြားကြောင်း သိရသည်။

ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဆိုင်ရာ အစည်းအဝေးတွင် ဝန်ကြီးချုပ်ဆူဂါက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အမေရိကန်ဒုတိယ သမ္မတကမ်မာလာဟားရစ်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အန်တိုနီယိုဂူတာရက်စ်တို့ တက်ရောက်ကြောင်း သိရသည်။

ချမ်းသာကြွယ်ဝမှုနှင့် အခြားသော အခြေအနေများအပေါ် အခြေခံပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ခွဲခြားထောက်ပံ့ပေးခြင်းကို လက်မခံနိုင်ပါကြောင်း ဝန်ကြီးချုပ်ဆူဂါက ပြောကြားသည်။

ဂျပန်နိုင်ငံက COVAX အစီအစဉ်မှတစ်ဆင့် နိုင်ငံနှင့် ဒေသပေါင်း ၁၂၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၇၆ သန်းကျော် ထောက်ပံ့ပေးပြီးဖြစ်ကြောင်း ဝန်ကြီးချုပ်ဆူဂါကဆိုသည်။

ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းကို ကျော်လွှားနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများအကြား စည်းလုံးညီညွတ်မှုရှိရန်နှင့် ကတိကဝတ်ပြုမှုများ ပိုမိုလိုအပ်ကြောင်း ဆူဂါကဆိုသည်။ ဂျပန်နိုင်ငံသည် ကမ္ဘာ့ပြည်သူများ ကာကွယ်ဆေးရရှိစေရန်အတွက် ထောက်ပံ့မှုများကို ပိုမိုလုပ်ဆောင်ခြင်းဖြစ်ကြောင်း ဆူဂါက ပြောကြားသည်။

ထို့ပြင် ယခုနှစ်မကုန်မီ ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဒေသများရှိ လူဦးရေ ၃၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၈ ဘီလီယံပြည့်မီရေးအတွက် ကမ္ဘာ့နိုင်ငံများအား ကာကွယ်ဆေးများ ပိုမိုထောက်ပံ့ပေးကြရန် ဝန်ကြီးချုပ်ဆူဂါက တိုက်တွန်းပြောကြားသည်။

ဂျပန်နိုင်ငံအတွင်း ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပေါ်နိုင်ခြင်းနှင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်ပို့ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိနိုင်ခြင်း စသည့် အကြောင်းများကို ထည့်သွင်းစဉ်းစားသည့် အနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၃၀ ကို ဂျပန်နိုင်ငံအတွင်း၌ ထုတ်လုပ်ရန် စီစဉ်ထားကြောင်းလည်း ဝန်ကြီးချုပ် ဆူဂါက ဆိုသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထောက်ပံ့ပေးရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကို ဂျပန်နိုင်ငံက ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံက တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အရေးပေါ်သုံးစွဲခွင့်ပြု




**ဟနွိုင်း ဇွန် ၄**

တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဗီယက်နမ်နိုင်ငံ၌ အရေးပေါ်သုံးစွဲခွင့်ပြုကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ကြေညာသည်။

အဆိုပါကာကွယ်ဆေးအား နိုင်ငံအတွင်း သုံးစွဲခွင့်ကို ကျန်းမာရေးဒုတိယဝန်ကြီးထရောင်ကူကောင်က လက်မှတ်ရေးထိုးသည်။

Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် AstraZeneca နှင့် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများပြီးနောက် နိုင်ငံအတွင်း အရေးပေါ်သုံးစွဲခွင့်ရရှိသည့် တတိယမြောက် ကာကွယ်ဆေးဖြစ်လာသည်။

အဆိုပါကာကွယ်ဆေးများ၏ ဘေးကင်းလုံခြုံမှုရှိခြင်းနှင့် ဝယ်ယူထားသည့် အလုံးရေပမာဏအလိုအလောက်ရရှိရေးတို့အတွက် ဗီယက်နမ် အမျိုးသားကျန်းမာရေးနှင့် ကူးစက်ရောဂါဆိုင်ရာအင်စတီကျူက တာဝန်ယူဆောင်ရွက်ရကြောင်း သိရသည်။

လက်ရှိအချိန်တွင်နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု အမြင့်မားဆုံးအခြေအနေနှင့် ရင်ဆိုင်နေရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်အထိ ဗိုင်းရပ်စ် ကူးစက်ခံရသူ ၈၂၈၇ ဦး ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၀ ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေလအစောပိုင်းတွင် အရေးပေါ်သုံးစွဲခွင့်ပြုကြောင်း ကြေညာခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံ၌ ထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူး




**ဗန်ကောက် ဇွန် ၄**

ထိုင်းနိုင်ငံ၌ ထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုနိုင်ငံတစ်ဝန်းသို့ ယနေ့ စတင်ဖြန့်ဖြူးကြောင်း သိရသည်။

လာမည့်ရက်သတ္တပတ်အတွင်း နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အစုလိုက် အပြုံလိုက် ထိုးနှံပေးမည့် အစီအစဉ် မစတင်မီ ပြည်တွင်းထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုကြိုတင်ဖြန့်ဖြူးပေးခြင်းဖြစ်သည်။

ထိုင်းဆေးဝါးကုမ္ပဏီ Siam Bioscience မှ ထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၈ သန်း ကို ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် အသုံးပြုမည်ဖြစ်ကြောင်း ထိုင်းကျန်းမာရေး ဝန်ကြီးဌာနက ဆိုသည်။

Siam Bioscience ဆေးဝါး ကုမ္ပဏီသည် AstraZeneca ကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်ရန် AstraZeneca ဆေးဝါးကုမ္ပဏီနှင့် လွန်ခဲ့သောနှစ်အောက်တိုဘာလက သဘောတူညီမှုရရှိခဲ့သည်။

ယခုလအတွင်း နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို စတင်မည်ဖြစ်ကြောင်းနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တင်ပို့ရောင်းချမှုကို ဇူလိုင်လတွင် စတင်မည်ဖြစ်ကြောင်း ထိုင်းအစိုးရက ဆိုသည်။

ထိုင်းနိုင်ငံသည် မတ်လမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်းနှင့် ရင်ဆိုင်နေရသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း နေ့စဉ်ကူးစက်ခံရသူ အရေအတွက် ၂၀၀၀ မှ ၃၀၀၀ အထိ စစ်ဆေးတွေ့ရှိခဲ့သည်။

ယခုနှစ်မကုန်မီ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံပေးရန် ထိုင်းအစိုးရက စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်သည့်ကာလ တိုးမြှင့်



**ဗီယင်ကျန်း ဇွန် ၄**

လာအိုနိုင်ငံ၌ ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာအသွားအလာကန့်သတ်သည့်ကာလကို ဇွန် ၁၉ ရက်အထိ တိုးမြှင့်လိုက်ကြောင်း ဝန်ကြီးချုပ်ရုံးက ယနေ့ သတင်းထုတ်ပြန်သည်။

နိုင်ငံ၏မြို့တော်ဗီယင်ကျန်းမှ နိုင်ငံအတွင်းရှိ ပြည်နယ်များသို့ ကုန်းလမ်းနှင့် လေကြောင်းခရီးစဉ်များကို ပြန်လည်ဖွင့်လှစ်ပေးဆွဲသွားမည်ဖြစ်ပြီး ခရီးသွားလာမည့် ခရီးသည်များအနေဖြင့် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးစီးရန် လိုအပ်ကြောင်း အဆိုပါ အမိန့်တွင် ဖော်ပြထားသည်။နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက် ပျံ့ပွားမှုမရှိသော ဒေသများတွင်မူ ပုံမှန်အတိုင်း သွားလာနိုင်ကြောင်း သိရသည်။

နိုင်ငံတကာမှ ကုန်ပစ္စည်းများ လာအိုနိုင်ငံအတွင်းသို့ တင်သွင်းပေးပို့ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရေးအတွက် ကိုယ်အပူချိန် တိုင်းတာခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းနှင့် လက်ဆေးခြင်းတို့ကဲ့သို့သော ကျန်းမာရေး စည်းမျဉ်းများကို လိုက်နာရန် တာဝန်ရှိသူများက ညွှန်ကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်းမှာ ၁၉၅၂ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါမှ သက်သာလာသူ ၁၆၈၀ ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

■

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၇၃၀၃၅၉၄၅ ဦး |
| | သေဆုံးသူ ၃၇၁၉၈၆၅ ဦး |
| | ပြန်လည်ကျန်းမာလာသူ ၁၅၅၇၉၇၂၃၁ ဦး |

# ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုအပေါ် ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NLD ပါတီထောက်ခံသူ နိုင်ငံရေးအစွန်းရောက်သူ တစ်ဦးက လူမဆန်သည့် ပြောဆိုခြိမ်းခြောက်မှုများ ပြုလုပ်


နေပြည်တော် ဇွန် ၄


ကလေးသူငယ်တို့၏ ပညာတတ်မြောက်မှုအခွင့်အလမ်းသည် နိုင်ငံတော်၏ အနာဂတ်၊ မိဘများ၏ မျှော်လင့်ချက်ဖြစ်သည်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခက်အခဲများကြားမှ ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစား၍ ကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စီစဉ်ဆောင်ရွက်လျက်ရှိရာ NLD ပါတီကို ထောက်ခံသူ နိုင်ငံရေးအစွန်းရောက်သူများက ကျောင်းသား ကျောင်းသူများကို ပညာရည်တတ်မြောက်စေလိုမှုထက် ၎င်းတို့၏ကိုယ်ကျိုးရှာ နိုင်ငံရေးအတွက် အောက်လမ်းနည်းဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများကို ယုတ်မာစွာ ဆောင်ရွက်လာခဲ့ရာ မျိုးရန်နောင်သိန်း ဆိုသူက အပြစ်ကင်းစင်ပြီး နုနယ်သေးသည့် ကျောင်းသား ကျောင်းသူကလေးသူငယ်များ၊ ကျောင်းသားမိဘများကို အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်ချက်ဖြင့် လူမဆန်သည့် ပြောဆိုမှုများကို ၎င်း၏ လူမှုကွန်ရက်ဗီဒီယိုဖိုင်တွင် တွေ့ရှိနိုင်သည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများအား ယခုကဲ့သို့ ခြိမ်းခြောက်ပြောဆိုခဲ့မှုနှင့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်နေမှုအပေါ် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ကလေးသူငယ်များ၏ ပညာရည် တိုးတက်မြင့်မားရေးကိုလိုလားသည့် ပြည်သူများကလည်း မုန်းတီးရွံရှာစက်ဆုတ်လျက်ရှိကြောင်း တစ်ဖက်ပါကွန်မန့်များဖြင့် သိရှိနိုင်သည်။ NLD ပါတီကို ထောက်ခံသူ နိုင်ငံရေးအစွန်းရောက်သူများအနေဖြင့် ထိုကဲ့သို့ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ အပါအဝင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနိုင်မှု ကို ထိခိုက်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခြင်း၊ နည်းမျိုးစုံဖြင့် အန္တရာယ်ပြုခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ထိုကဲ့သို့ အကြမ်းဖက်ဆောင်ရွက်မှုများကို မလိုလားသည့် ကျောင်းသားမိဘများ၊ တာဝန်သိပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စာသင်ကျောင်းများ အေးချမ်းစွာ ဖွင့်လှစ်သင်ကြား နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကျောင်းသား ကျောင်းသူ များအနေဖြင့် ပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ သည်ကို တွေ့ရှိရသည်။









နိုင်ငံတော်၏အနာဂတ် မျိုးဆက်သစ်အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေမည့် ပညာသင်ကြားမှုကို နှောင့်ယှက်ခြိမ်းခြောက်နေသူများ၊ ထိုကဲ့သို့ ခြိမ်းခြောက်နေသူများကို ငွေကြေးထောက်ပံ့မှုပေးခြင်းအပါအဝင် ထောက်ခံအားပေးလျက်ရှိသူများအား မိဘပြည်သူများအနေဖြင့် ဝိုင်းဝန်းရှုတ်ချကန့်ကွက်ခြင်း၊ အကြမ်းဖက်ခြိမ်းခြောက်နေသူများ၏ သတင်းအားရရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့ခြင်း၊ ပူးပေါင်းဖမ်းဆီးခြင်းများ ဆောင်ရွက်၍ မိမိတို့၏ရင်သွေးငယ်များအား လုံခြုံမှုပြည့်ဝစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ မေလအတွင်း အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့များသည် မေ ၁၂ ရက်တွင် စစ်တွေအကျဉ်းထောင်နှင့် စစ်တွေမြို့မရဲစခန်းအချုပ်ခန်းများကို လည်းကောင်း၊ မေ ၁၉ ရက်တွင် သံတွဲအကျဉ်းထောင်နှင့် သံတွဲမြို့နယ်မြို့မရဲစခန်း၊ ဂျိတ္တောနယ်မြေရဲစခန်းအချုပ်ခန်းများကို လည်းကောင်း၊ မေ ၂၄ ရက်တွင် ကျောက်ဖြူ အကျဉ်းထောင်နှင့် ကျောက်ဖြူမြို့မရဲစခန်း အချုပ်ခန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား၊ အချုပ်သားများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများဖြစ်သော ထောင်ဝင်စာတွေ့ဆုံရာတွင် အခက်အခဲ ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ အကျဉ်းထောင်အတွင်း ညှဉ်းပန်း နှိပ်စက်မှု ရှိ၊ မရှိနှင့် နေထိုင်စားသောက်မှုများကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်းတွေ့ဆုံလိုသူ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ခဲ့သည်။

အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အိပ်ဆောင်၊ တိုက်ခန်းများ၊ ဆေးရုံဆောင်များ၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများနှင့် လတ်တလောဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့၌ အတ္ထရံမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

မော်လမြိုင် ဇွန် ၄

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ ထိန်းသိမ်းရေး၊ ငါးထုတ်လုပ်မှုတိုးတက်စေရန်ရည်ရွယ်၍ မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိနယ်မြေ မျှော်လင့်ရပ်ဆိပ်ကမ်းရှိ အတ္ထရံမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားသို့ မော်လမြိုင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ယု၊ အဖွဲ့ဝင်များဖြစ်သော ဒု-ဗိုလ်မှူးကြီး အောင်ဇော်ဟိန်း၊ ဦးကျော်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးတင်ယုနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်နိုင်ဝင်း၊ မော်လမြိုင်ခရိုင်ဦးစီးမှူး ဦးလှမင်းဇော်နှင့်ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ငါးမျိုး စိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ရွှေမြိုင်သီရိနယ်မြေအုပ်ချုပ်ရေးအဖွဲ့များ၊ မျှော်လင့်ရပ်ဒေသခံပြည်သူများနှင့် ရေလုပ်ငန်းရှင်များတက်ရောက်ခဲ့ပြီး အတ္ထရံမြစ်အတွင်းသို့ သထုံငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ရွှေဝါငါးကြင်း ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ၁၅၀၀၀၀ အား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ငါးရစ် ငါးသန် ဘေးမဲ့ချန်
အစဉ်စားသုံး မျိုးမသုဉ်း

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့သို့ မေးမြန်းသည့် မေးခွန်းနှင့်အဖြေများ

မေး(၁)။ ငွေကြေးကျပ်တည်းမှုကို အခွင့်ကောင်းယူကာ ငွေကြေးချမ်းသာတဲ့ စစ်ဗိုလ်ချုပ်ဟောင်းများ အပါအဝင် ၎င်းတို့နှင့်နီးစပ်သည့် စစ်တပ်အသိုင်းအဝိုင်းက ကျပ်ငွေသား လက်ဝယ်လိုချင်သူများကို အမြတ်တင် ရောင်းချနေတယ်ဆိုပြီး Irrawaddy သတင်းဌာနက ဖော်ပြထားတာတွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အဖြစ်မှန် သိချင်ပါတယ် ခင်ဗျာ။

**ဖြေ။(၁) လက်ရှိနိုင်ငံမှာ Banking System ကြောင့် ပြည်သူများ ငွေကြေးကျပ်တည်းမှု ဖြစ်ပေါ်နေတယ်ဆိုပြီး မသမာသူ ဘူဇွာလူတန်းစားက ဘဏ်အကောင့်အချင်းချင်း ငွေကြေးလွှဲပေးပြီး ရာခိုင်နှုန်းဖြတ်၍ ငွေသားပေးချေမှုများ ပေါ်ပေါက်လျက်ရှိတယ်လို့ သတင်းများ ထွက်ပေါ်လျက်ရှိသည့်အတွက် အဖွဲ့ဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ မေလ ၃၁ ရက်နေ့က တရားမဝင် ငွေလွှဲ/ငွေထုတ် အိမ်တိုင်ရာရောက် ဝန်ဆောင်ခ လျှော့နည်းနှုန်းများယူ၍ ငွေသားပေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ ချိုချိုလှိုင်(၂၉)နှစ် (ဘ) ဦးသိန်းဝင်းအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်လှစ် ဆောင်ရွက်ထားရှိပြီး ကျန်ရှိသော တရားမဝင် ငွေလွှဲ/ ငွေထုတ်ဆောင် ရွက်သူများအားလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

မေး(၂)။ ယခင် NLD သက်တမ်းအတွင်း ဖမ်းမိထားတဲ့သစ်တွေကို မြန်မာ့သစ်လုပ်ငန်းက သစ်လေလံပွဲပြုလုပ်ပြီး ရောင်းချမယ်လို့ Irrawaddy က ရေးထားတာ တွေ့ပါတယ်။ ဒီလိုလုပ်ငန်းစဉ်တွေက အရင်ကရောင်းချမှုရှိပါသလား၊ ဘယ်လိုရောင်းချမှာလဲ ဖြေကြားပေးပါ။










**ဖြေ(၂)။ မြန်မာ့သစ်လုပ်ငန်းက တရားဝင် သစ်ထုတ်ခွင့်ပြုထားတဲ့ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းဖြစ်တဲ့အားလျော်စွာ ဌာနမှ ထုတ်လုပ်ရရှိသစ်များနဲ့ ဖမ်းဆီးရမိသစ်များကို ပြည်တွင်းရှိ ပုဂ္ဂလိကပိုင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ (ရုံးချုပ်) အိတ်ဖွင့်တင်ဒါ/ဒေသ အိတ်ဖွင့်လေလံစနစ်များဖြင့် ပွင့်လင်းမြင်သာစွာ တရားဝင်ဖြန့်ဖြူးရောင်းချလျက် ရှိပါတယ်။ သစ်နဲ့ပတ်သက်တဲ့ (MSME)လုပ်ငန်းများ ကုန်ကြမ်းအဆင်ပြေချောမွေ့စွာ ရရှိစေရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီးသန့်ဒေသ အိတ်ဖွင့်လေလံစနစ်နဲ့ ပွင့်လင်းမြင်သာစွာ ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။**

**သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မယ့် အစီအစဉ်ကို မြန်မာ့သစ်လုပ်ငန်း Web-Site ဖြစ်တဲ့ (www.mte.com.mm) နဲ့ နိုင်ငံပိုင် ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတို့မှာ (၃)ပတ်ကြိုတင် ကြေညာခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ တင်ဒါဆောင်ရွက်မယ့် အစီအစဉ်နဲ့ ကြော်ငြာအား အကြောင်းကြားခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန် ဆောင်ရွက်လျက်ရှိပါတယ်။**

မေး(၃)။ မနေ့က ဇွန် ၂ ရက်နေ့ ည ၉ နာရီကျော်မှာ ကျောက်ဆည်မြို့ ထားဝယ်လမ်းရှိ ပြည်ပန်းစစ်ဆေးရေးဂိတ်အား ကျောက်ဆည် ပြောက်ကျားတပ်ဖွဲ့က လက်လုပ်မိုင်းနဲ့ ပစ်ခတ်ခဲ့လို့ စစ်သည် ၃ ဦး ကျဆုံးပြီး ၂ ဦး ဒဏ်ရာရရှိတယ်လို့ Bago Watch News agency ကနေ သတင်းမျှဝေထားတာ ဖတ်ရပါတယ်။ ဒီသတင်း မှန်/ မမှန်လေး သိပါရစေခင်ဗျာ။

**ဖြေ(၃)။ မနေ့က ကျောက်ဆည်မြို့က စစ်ဆေးရေးဂိတ်ကို လက်လုပ်မိုင်းနဲ့ လာပစ်တာ မှန်ပါတယ်။ ဒါပေမယ့် အသံမိုင်းပါ။ ထိခိုက်ဒဏ်ရာရရှိမှုတစ်စုံတစ်ရာ မရှိပါဘူး။ လာပစ်တဲ့ အကြမ်းဖက်သမားတွေကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။ စစ်သည်တွေ ကျဆုံးတယ်၊ ဒဏ်ရာရတယ် ဆိုတာကတော့ သတင်းအမှားပါ။**



## မိုးကုတ်မြို့နယ်၌ ငွေကျပ် သိန်း ၈၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၌ ငွေကျပ်သိန်း ၈၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် မွန်းလွဲ ၃ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် လယ်ကြီးစစ်ဆေးရေးစခန်းတွင် မိုင်းလုံမှ မိုးကုတ်သို့ အောင်အောင်(ခ)ကိုအောင် မောင်းနှင်လာသည့်ယာဉ်အား သတင်းအရ ရှာဖွေစစ်ဆေးရာ ငွေကျပ်သိန်း ၈၆၄၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၄ ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော ဘိန်းဖြူများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာမှ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

## မြိတ်နှင့် အမရပူရမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် ညနေ ၅ နာရီတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအနီး၌ မဇင်မာစိုး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၇ ပြားကို လည်းကောင်း။

အလားတူ ဇွန် ၂ ရက် နံနက် ၁၀ တွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် စက်ကွေ့ရပ်ကွက် ရန်ကုန်-မန္တလေးသွား ကားလမ်းဟောင်းတွင် မနန်းထွေးထွေးခိုင် မောင်းနှင်ပြီး မအိရွှေစင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



မနန်းထွေးထွေးခိုင်၊ မအိရွှေစင် တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၄/၂)နှင့် (၄/၃) ကြားတွင် ယမန်နေ့က နေပြည်တော်မှ ရန်ကုန်သို့ မောင်းနှင်လာသောယာဉ်သည် ရှေ့ယာဘီးပေါက်ပြီး (၄/၃)မိုင်တိုင်နှင့် လမ်းဘေးသစ်ပင်အား တိုက်မိပြီး ယာဉ်မောင်းအမျိုးသားမှာ ကားခေါင်းခန်းအတွင်း ညပ်နေ၍ (၁၁)မိုင်အမြန်လမ်းမီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ မင်္ဂလာဒုံမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ကားခေါင်းခန်းအတွင်းညပ်နေသူ ယာဉ်မောင်းအမျိုးသား ထိခိုက်ဒဏ်ရာရ(မစိုးရိမ်ရ) အား ကယ်ထုတ်နိုင်ခဲ့ပြီး ယာဉ်ပေါ်ပါ ကျန်အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) တို့အား လှည်းကူးမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ လူနာတင်ယာဉ်ဖြင့် လှည်းကူးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ယာဉ်မောင်းအား အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီးရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်မျိုး**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှနချမ်းသာ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ MRTV က မေးမြန်းသည့် မေးခွန်းနှင့်အဖြေများ















မေး(၁)။ မေလ (၃၁) ရက်နေ့က ကယားပြည်နယ် ဒီမော့ဆိုမြို့ ကုန်းသာကျေးရွာတိုက်ပွဲမှာ တပ်က ၈၀ ကျော် သေဆုံးခဲ့ကြောင်း KNDF က သတင်းထုတ်ပြန်ထားတာကို လူမှုကွန်ရက်မီဒီယာတွေမှာ တွေ့နေရပါတယ်။ ဒီသတင်းမှန်/ မမှန် သိချင်ပါတယ်။

**ဖြေ(၁)။ မေလ(၃၁) ရက်နေ့က ဒီမော့ဆိုမြို့ ကုန်းသာကျေးရွာမှာ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူတွေက တပ်မတော်စစ်ကြောင်းတစ်ခုကို ပစ်ခတ်တိုက်ခိုက်ခဲ့တာတော့ ရှိပါတယ်။ ဒါပေမယ့် တပ်မတော်သား ၈၀ ဦး ကျဆုံးခဲ့တယ်ဆိုတာတော့ လုံးဝမဟုတ်ပါဘူး။ သတင်းအမှားပါ KNDF အကြမ်းဖက်သူတွေအနေနဲ့ မကြာခဏ သတင်းမှားတွေကို ကြေညာချက်ထုတ်လေ့ရှိပါတယ်။**

မေး(၂)။ မေလ(၃၁) ရက်နေ့က ချင်းပြည်နယ် မင်းတပ်နဲ့ ကန်ပက်လက်ကြားမှာ တပ်နဲ့ CDF တိုက်ပွဲဖြစ်ပွားပြီး တပ်ဘက်က ၈ ယောက် ကျဆုံးခဲ့တယ်ဆိုတဲ့သတင်းကို Khit Thit Media သတင်း Page ကနေ မျှဝေထားပါတယ်။ အဲဒီအခြေအနေလေးသိချင်ပါတယ်။

**ဖြေ(၂)။ ပြန်ကြားရေးဝန်ကြီးဌာနကနေ ၂၀၂၁ ခုနှစ် မတ်လ ၈ ရက်နေ့ ရက်စွဲနဲ့ အမိန့်အမှတ် (၁/၂၀၂၁) အမိန့်ထုတ်ပြန်ချက်မှာ Khit Thit Media၊ Mizzima၊ Myanmar Now၊ 7Day၊ DVB သတင်းဌာနတွေရဲ့ထုတ်ဝေခြင်း လုပ်ငန်းအသီးသီးကို ပိတ်သိမ်းကြောင်း ထုတ်ပြန်ထားပါတယ်။ ကျွန်တော်တို့ ဒီ Khit Thit Media နဲ့ ပတ်သက်ပြီး အမြဲပြောလေ့ရှိပါတယ်။ သူတို့ရဲ့ သတင်းရင်းမြစ်တွေသည် ခိုင်မာမှု မရှိပါဘူး။ ကောလာဟလတွေ၊ လုပ်ကြံဝါဒဖြန့် သတင်းတွေကိုပဲ တစိုက်မတ်မတ်ရေးသားပြီး နိုင်ငံပြိုကွဲဖို့၊ မတည်မငြိမ်ဖြစ်ဖို့ ကြိုးစားနေတဲ့ သတင်း Page ပါ။ ဒီသတင်း Page က ရေးသားချက်တွေကို ယုံကြည်မှုမထားဖို့ တိုက်တွန်းလိုပါတယ်။ မေလ ၂၉ ရက်နေ့ကနေ ၃၁ ရက်အထိ ချင်းပြည်နယ် ကန်ပက်လက်မှာ ဘာတိုက်ပွဲဖြစ်စဉ်မှ မရှိပါဘူး။**

မေး(၃)။ DVB TV News မှာတင်ထားတဲ့ သတင်းအရ မေလ (၃၁) ရက်နေ့ ညနေပိုင်းမှာ ပေါက်မြို့နယ် ကြည့်ငိုတောင်တိုက်ပွဲအတွင်း တပ်မတော်ဘက်က ၃၀ ယောက် သေဆုံးခဲ့တယ်လို့ သတင်းတင်ထားတာတွေ့ရပါတယ်။ ဒီအခြေအနေကိုလည်း သိပါရစေ။

**ဖြေ(၃)။ DVB TV News က တင်ထားတဲ့ ပေါက်မြို့နယ် ကြည့်ငိုတောင် တိုက်ပွဲ သတင်းကို ဖတ်ရပါတယ်။ သူ့သတင်းထဲမှာ တပ်မတော်ဘက်က လူ ၃၀ ဦးက မိုင်းနင်းမိပြီး သေဆုံးတယ်ဆိုပြီးရေးထားတော့ သူတို့တင်တဲ့ သတင်းက ဖြစ်နိုင်သလား/ မဖြစ်နိုင်ဘူးလားဆိုတာကို အယ်ဒီတာတွေ၊ သတင်းရေးသားသူတွေက စိစစ်နိုင်မှု မရှိဘူးဆိုတာ ပေါ်လွင်နေပါတယ်။ သတင်းအရင်းအမြစ် မသေချာတဲ့အပေါ်မှာ မူတည်ပြီး ရေးထားတာကိုလည်း တွေ့ရပါတယ်။ မကွေးတိုင်း ကြည့်ငိုတောင်ဘက်မှာ ဘာတိုက်ပွဲဖြစ်စဉ်မှ မရှိပါဘူး။**

မေး(၄)။ မနေ့က Myo Yan Naung Thein ဖေ့ဘွတ်ပေ့စ်ကနေ ကလေးတွေ ကျောင်းတက်မယ့်ကိစ္စ အထူးသတိပေးချက်ဆိုပြီး သူတို့ရဲ့ တော်လှန်ရေးကြီး နိုင်ငံလုံးဆိုင်ရာ ထိုးစစ်ကြီးက ဆင်တော့မှာ။ တစ်နိုင်ငံလုံးကို သိမ်းမယ်။ လေး၊ ငါးလနဲ့ အောင်မြင်မှာဆိုပြီး ပြောထားတာကို တွေ့ရပါတယ်။ ထပ်မံပြီး ကလေးတွေကို ကျောင်းသွားရင် ခြေပြတ်လက်ပြတ်ဖြစ်မယ်။ သေဆုံးမှုတွေ ဖြစ်နိုင်မယ်လို့ ခြိမ်းခြောက်ထားတာလည်း တွေ့ရပါတယ်။ BBC Burmese သတင်းဌာနကနေ လွတ်မြောက်နယ်မြေမှာ စစ်သင်တန်းတက်ပြီးနောက် မြို့ထဲပြန်ဝင်လာသူဆိုတဲ့ခေါင်းစဉ်နဲ့ လူငယ်ကိုဖိုးဇော်ကို မေးမြန်းနေတာတွေကို နားထောင်လိုက်ရပါတယ်။ ဒီအင်တာဗျူးထဲမှာ သူတို့က ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရတယ်။ ပြောက်ကျားစစ်ဆင်ရေးတွေ ဆင်နွှဲမယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဒေါက်တိုင်တွေကို တိုက်ခိုက်မယ်။ ယိုင်နဲ့သွားအောင်လုပ်မယ်။ CDM မလုပ်တဲ့ ဌာနတွေကို တိုက်ခိုက်မယ်လို့ ပြောသွားပါတယ်။ ဒီပြောကြားချက်တွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဘယ်လိုမျိုး ဆက်လက်စီမံဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။

**ဖြေ(၄)။ ဒီအင်တာဗျူးတွေအရ ကျောင်းနေအရွယ် ရိုးသားတဲ့ ကလေးသူငယ်တွေကို ပစ်မှတ်ထားတိုက်ခိုက်ဖို့နဲ့ CDM မလုပ်တဲ့ NON CDM ဝန်ထမ်းတွေကို လုပ်ကြံတိုက်ခိုက်ဖို့ စီစဉ်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒီလို ကျောင်းနေအရွယ် ကလေးသူငယ်တွေနဲ့ လက်နက်မဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေကို တိုက်ခိုက်လာခဲ့ရင် အကြမ်းဖက်ဆူပူသောင်းကျန်းသူတွေကို ပြင်းထန်ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။**

## တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စည်ပင်သာယာရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လက်ပံတန်း ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂) ဦးတင်ဦးသည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်မိုး၊ အင်ဂျင်နီယာမှူး ဦးလေးလွင်တို့နှင့်အတူ မေ ၃၀ ရက်က လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း ကတ္တရာလမ်းခင်းခြင်း၊ သခင်ဖိုးလှကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင့်စိုးရှိန်၊ အမှုဆောင်အရာရှိ ဦးဝင်းစန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးတို့က ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးတင်ဦးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဆင့်(လက်ပံတန်း)**

## မိုးကြိုးသီးနှံအဖြစ် ငရုတ် ရေသွင်းစိုက်ပျိုး

**ရမည်းသင်း ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော စိုက်ပျိုးတောင်သူတချို့မှာ မိုးကြိုးသီးနှံအဖြစ်ငရုတ်ကိုလည်း ရေသွင်း၍ စိုက်ပျိုးကြသည်ဟု သိရသည်။

ယင်းသို့ ငရုတ်ရေသွင်းစိုက်ပျိုးရာတွင် ဆည်၊ မြောင်း၊ ကန်၊ ချောင်း၊ ရေတွင်းများမှရရှိသော စိုက်ပျိုးရေဖြင့် စိုက်ပျိုးကြခြင်းဖြစ်သည်။

အများအားဖြင့် စိုက်ပျိုးမည့် ငရုတ်မျိုးကို ဒေသမျိုးထက် နိုင်ငံခြားမျိုးကိုဝယ်ယူ၍ စိုက်ပျိုးကြခြင်းဖြစ်ပြီး မျိုးစေ့ထုပ်တစ်ထုပ်လျှင် ငွေကျပ် ၅၀၀၀ ပေးရကြောင်း သိရသည်။

ငရုတ်စိုက်မြေ တစ်ဧကလျှင် မျိုးစေ့ထုပ် အထုပ် ၃၀ နီးပါး ပျိုးထောင်ရသည်။ နွားချေး၊ သဘာဝမြေဆွေးတို့ကို အချိုးကျ ရောစပ်မြေပြုပြင်ပြီး ပျိုးအိတ်တစ်အိတ်လျှင် တစ်စေ့နှုန်းထည့်၍ တပို့တွဲလအတွင်း စတင်ပျိုးထောင်ကာ ပျိုးသက်တစ်လနီးပါးတွင် စိုက်ပျိုးမြေသို့ ရွှေ့ပြောင်းစိုက်ပျိုးကြသည်ဟု သိရသည်။

စိုက်ပျိုးပြီးပါက ငရုတ်ခင်းအတွင်းသို့ တစ်ပတ် တစ်ကြိမ် ရေသွင်းပေးရကြောင်း၊ တန်ခူးလ၊ ကဆုန်လအတွင်း မိုးစတင်ရွာသွန်းချိန်တွင် ရေသွင်းရသက်သာကြောင်း၊ စိုက်ပျိုးပြီး သုံးလကျော်တွင် အသီးရရှိကာ အစိမ်းဆွတ်၍ ရောင်းရကြောင်း၊ ယခုကဲ့သို့ ရေသွင်းစိုက်ပျိုးခြင်းကို စနစ်တကျဆောင်ရွက်ပါက အောင်မြင်နိုင်ကြောင်း ငရုတ်ရေသွင်း စိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

ယခုလတွင် ရေသွင်းစိုက်ပျိုးထားသော ငရုတ်ခင်းများ၌ ငရုတ်သီးခူးဆွတ်ရရှိပြီဖြစ်ပြီး ငရုတ်သီးအစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ရောင်းရကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ပတ်ဝန်းကျင် ရေရှည်တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့

ဒေါက်တာတင်မာသိန်း




### ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ

၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ လူသားများသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖြစ်ပေါ်လာခြင်း၊ မြေထု၊ ရေထု၊ လေထုများ ညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာ ယိုယွင်းပျက်စီးလာခြင်း၊ သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ယိုယွင်းပျက်စီးလာခြင်း စသည့်အန္တရာယ်များဖြင့် ရင်ဆိုင်ကြုံတွေ့နေရပေသည်။ ထိုသို့ရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြဿနာများတွင် ကမ္ဘာသူ ကမ္ဘာသားအားလုံး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာစေရေးအတွက် ကုလသမဂ္ဂက ကြီးမှူး၍ ပထမဆုံးအကြိမ် “လူသားနှင့် ပတ်ဝန်းကျင်” ညီလာခံကြီးကို ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပခဲ့ပါသည်။ ညီလာခံကြီး စတင်ကျင်းပသည့် ဇွန်လ ၅ ရက်နေ့ကိုလည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့သည် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသိပညာပေးမှုကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊ နည်းပညာအကူအညီများပေးရန် ရည်ရွယ်၍ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme– UNEP) ကိုလည်း ထိုညီလာခံအပြီးတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်သည် ကမ္ဘာ့နိုင်ငံများရှိ ပြည်သူအများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် အာရုံစူးစိုက်မိလာစေရန်နှင့် အရေးတကြီး ဖြေရှင်းဆောင်ရွက်ရန်လိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာ အဓိကစိန်ခေါ်နေမှုများကို ပိုမိုသိရှိပြီး အလေးထားဆောင်ရွက်လာကြစေရန် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်များကို ၁၉၇၄ ခုနှစ်မှစ၍ နှစ်စဉ်သတ်မှတ်ထုတ်ပြန်ပေးခဲ့ပါသည်။ မကြာသေးမီနှစ်များအတွင်း လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ကူးသန်းရောင်းဝယ်ရေး၊ အစိမ်းရောင်စီးပွားရေး၊ အစားအသောက်များကို အလေအလွင့် မရှိစေရန် ချင့်ချိန်စားသုံးရေး၊ ဂေဟစနစ်များ ကောင်းမွန်ရေးအတွက် သစ်တောများထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး စသည်ဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ မတူညီသည့် ကဏ္ဍများအလိုက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်များကို သတ်မှတ်ပေးခဲ့ပြီး အပြည်ပြည်ဆိုင်ရာအခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးများတွင် နှစ်စဉ်လှည့်လည်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ လက်ခံကျင်းပမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း မိမိနိုင်ငံအလိုက် အမျိုးသားအဆင့် အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ပါသည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် “ပတ်ဝန်းကျင် ရေရှည်တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့ –Ecosystem Restoration” ဟုသတ်မှတ်ထားပြီး သဘာဝနှင့် လူသားများ၏လုပ်ဆောင်ချက်များကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များအနက် မြေအသုံးချမှုပြောင်းလဲမှုကြောင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာမှု၊ စည်းကမ်းမဲ့စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များစွန့်ပစ်မှုကြောင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများ ကြုံတွေ့နေရသဖြင့် သဘာဝဂေဟစနစ်များကို အချိန်မီထိန်းသိမ်းကာကွယ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ယခုနှစ်ဆောင်ပုဒ်က ညွှန်ပြနေပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် (Theme) အဖြစ် **“ပတ်ဝန်းကျင် ရေရှည်တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့”** ဟုသတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံများနှင့်အတူ အထိမ်းအမှတ်အသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ အပြန်အလှန် ဆက်နွှယ်မှု

ဂေဟစနစ်သည် သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် အပြန်အလှန်တည်မှီနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကိုဆိုလိုပြီး ဇီဝမျိုးစုံမျိုးကွဲများသည် ကမ္ဘာပေါ်ရှိ သက်ရှိအရာများဖြင့် ဖွဲ့စည်းထားသည့် သက်ရှိအပင်နှင့် သတ္တဝါအမျိုးမျိုး ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ သက်ရှိများဖြစ်သည့်အပင်များ၊ သတ္တဝါများ၊ သေးငယ်သောအဏုဇီဝရုပ်များသည် ပုံစံအမျိုးမျိုးဖြင့် သဘာဝဂေဟစနစ်အတွင်းတွင် တည်ရှိနေကြပါသည်။ အဆိုပါ ဇီဝမျိုးစုံမျိုးကွဲများလျော့နည်းလာမှုနှင့် မျိုးသုဉ်းပျောက်ကွယ်မှု၊ ရှင်သန်ပေါက်ပွားရာ နေရင်းဒေသများ ဆုံးရှုံးပျောက်ကွယ်မှုတို့ မဖြစ်စေရေးအတွက် ကောင်းမွန်သော ဂေဟစနစ်များပေါ်တွင် တည်မှီနေသကဲ့သို့ ဟန်ချက်ညီပြီး ကျန်းမာသောဂေဟစနစ်တစ်ခု ဖြစ်လာရန်အတွက်လည်း ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုက အပြန်အလှန်အထောက်အပံ့ပေးလျက်ရှိပါသည်။

### ဂေဟစနစ်အမျိုးအစားများနှင့် ၎င်းတို့၏အရေးပါမှု

ဂေဟစနစ်သည် သက်ရှိများအားလုံးနှင့် ၎င်းတို့ ရှင်သန်ရာပတ်ဝန်းကျင်နှင့် ဆက်စပ်သည့်သစ်တောများ၊ မြစ်များ၊ စိမ့်မြေ၊ မြက်ခင်းပြင်များ၊ မြစ်ဝများနှင့် သန္တာကျောက်တန်းများ စသည့်နေရာတို့တွင် အမျိုးအစားစုံလင်စွာဖြင့် ဖြစ်တည်လျက်ရှိပါသည်။ ဂေဟစနစ်များကို သစ်တောဂေဟစနစ်၊ ရေချိုဂေဟစနစ်၊ မြို့ပြဂေဟစနစ်၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဂေဟစနစ်၊ စိုက်ပျိုးမြေနှင့် မြက်ခင်းဂေဟစနစ်၊ တောင်တန်းဂေဟစနစ်၊ သစ်ဆွေးမြေဂေဟစနစ်ဟူ၍ ခွဲခြားထားပါသည်။ ဂေဟစနစ်များသည် အပင်များနှင့် သတ္တဝါများအတွက် ရှင်သန်ပေါက်ပွားရန်၊ ကြီးထွားရန်၊ ရွှေ့လျားရန်နှင့် မျိုးပွားရန်အတွက် အမည် (အမယ်) မျိုးစုံကို ထောက်ပံ့ပေးပါသည်။ သဘာဝဂေဟစနစ်များသည် လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ဝန်ဆောင်မှုအမျိုးမျိုးကို ပေးစွမ်းပါသည်။ ထိုဝန်ဆောင်မှုများမှာ သန့်စင်သောလေ၊ သန့်ရှင်းသောရေ၊ အာဟာရပြည့်ဝသောအစားအစာများ၊ ဆေးဝါးများ၊ ဗီတာမင်များ၊ သစ်တောထွက်ကုန်များ၊ စက်မှုကုန်ကြမ်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ လောင်စာစွမ်းအင် အရင်းအမြစ်များကို ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများ (Provisioning services)၊ သစ်ပင်ပန်းမန်များ မျိုးပွားအောင် ဝတ်မှုန်ကူးခြင်း၊ ရာသီဥတု၊ ရေနှင့်လေအရည်အသွေး၊ ရေစီးရေလာကောင်းမွန်စေရန် ထိန်းညှိပေးသည့်ဝန်ဆောင်မှုများ (Regulating services)၊ အပန်းဖြေမှု၊ အလှအပနှင့် မျက်စိပသာဒဖြစ်မှု၊ ရိုးရာဓလေ့နှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများ (Cultural services) နှင့် မြေဆီလွှာဖွဲ့စည်းခြင်းနှင့် အာဟာရစက်ဝန်းနှင့် အစာချက်လုပ်မှုလုပ်ငန်းစဉ်များကို ထောက်ပံ့ပေးသည့်ဝန်ဆောင်မှုများ (Supporting services) တို့ဖြစ်ပါသည်။

### ဂေဟစနစ်ပျက်စီးခြင်း၏ အဓိကအကြောင်းရင်းများ

လက်ရှိကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းဖြစ်သည့် ၃ ဒသမ ၂ ဘီလီယံသည် ကောင်းမွန်သော မြေဆီလွှာနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိမှု ဆုံးရှုံးခြင်းကဲ့သို့ ဂေဟစနစ်၏ ယိုယွင်းပျက်စီးမှုများကို ခံစားနေရကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏တင်ပြချက်အရ သိရှိရပါသည်။ ဂေဟစနစ်ကို ပျက်စီးစေသော တိုက်ရိုက်အကြောင်းအရာများမှာ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာသဖြင့် မြေအသုံးချမှုပြောင်းလဲခြင်းနှင့် ညစ်ညမ်းမှုများဖြစ်ပွားခြင်းတို့ ဖြစ်ပါသည်။ သွယ်ဝိုက်၍ ပျက်စီးစေသော အကြောင်းရင်းများမှာ တောရိုင်းတိရစ္ဆာန်ထုတ်ကုန်များကို ဝယ်လိုအားများခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ သဘာဝအရင်းအမြစ်များကို စနစ်တကျအသုံးပြုနိုင်မှု မရှိခြင်းနှင့် သဘာဝအရင်းအမြစ်များ သုံးစွဲမှုအပေါ် တရားဥပဒေသက်ရောက်မှု အားနည်းခြင်းတို့ဖြစ်ပါသည်။

သဘာဝဂေဟစနစ်များ ဆုံးရှုံးရခြင်း အကြောင်းရင်းများတွင် မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်းတို့သည် သဘာဝကြောင့် ဆုံးရှုံးရခြင်းဖြစ်ပြီး လူဦးရေတိုးတက်လာမှုကြောင့် သစ်တောမြေများကို မြို့ပြအဖြစ်လည်းကောင်း၊ စိုက်ပျိုးမြေအဖြစ်လည်းကောင်း ပြောင်းလဲအသုံးပြုခြင်းနှင့် သစ်အလွန်အကျွံထုတ်ယူခြင်းတို့ကြောင့် သစ်တောများ ပြုန်းတီးခြင်း၊ တောရိုင်းတိရစ္ဆာန်များကို အလွန်အကျွံ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်း၊ ဆည်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်း၊ အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ခြင်းစသည့် လူသားတို့၏လုပ်ရပ်များကြောင့် ဆုံးရှုံးရခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၉ သို့ ◆

**သဘာဝနှင့်လူသားများ၏ လုပ်ဆောင်ချက်များကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များအနက် မြေအသုံးချမှုပြောင်းလဲမှုကြောင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာမှု၊ စည်းကမ်းမဲ့စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များစွန့်ပစ်မှုကြောင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများ ကြုံတွေ့နေရသဖြင့် သဘာဝဂေဟစနစ်များကို အချိန်မီထိန်းသိမ်းကာကွယ်ရန် လိုအပ်နေပြီဖြစ်။**

◆ စာမျက်နှာ ၁၈ မှ

ထို့အပြင် ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု စသည့်ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးနေမှု ပြဿနာများကြောင့်လည်း ဂေဟစနစ်ဝန်ဆောင်မှုများ အရည်အသွေး လျော့နည်းကျဆင်းလာကာ လူသားအသက်ရှင်ရပ်တည်မှုကို ခြိမ်းခြောက်လျက် ရှိပါသည်။ ထို့ကြောင့် အစိုးရများအနေဖြင့် ဂေဟစနစ်ထိန်းသိမ်းခြင်းအတွက် ခိုင်မာအားကောင်းသော မူဝါဒများ ချမှတ်နိုင်ရေးအပြင် စီးပွားရေး လုပ်ကိုင်ရာတွင် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်သည့်နည်းလမ်းကောင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဂေဟစနစ်ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ကုလသမဂ္ဂမှ ဦးစီးဆောင်ရွက်နေမှုများ**

ကမ္ဘာ့ကုလသမဂ္ဂက ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ကုလသမဂ္ဂဆယ်စုနှစ် ဂေဟစနစ်ပြန်လည်ပြုပြင်ထိန်းသိမ်းရေး (United Nations Decade on Ecosystem Restoration 2021–2030) အဖြစ် သတ်မှတ်ကာ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရေချိုအရင်းအမြစ် ရေရှည်တည်တံ့စေရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးတို့အတွက် ယိုယွင်းပျက်စီးနေသည့် ဂေဟစနစ်များကို အားလုံးပူးပေါင်းပါဝင်နိုင်သော သဘာဝအခြေခံသည့်ဖြေရှင်းမှု (Nature – based Solutions) ဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးကို ပိုမိုအလေးထားဆောင်ရွက်ရန် တိုက်တွန်းထားပါသည်။

၎င်းအပြင် ဂေဟစနစ်များကို အကျိုးရှိပြီး ရေရှည်တည်တံ့အောင် ပြန်လည်ထူထောင်ထိန်းသိမ်းခြင်းသည် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေချိုနှင့် မြေပေါ်သယံဇာတများကို တိုးတက်လာပြီး ကျေးလက်နှင့် မြို့ပြပတ်ဝန်းကျင်နေ ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်ကာ သန့်ရှင်းသောရေ၊ ရေရှည်တည်တံ့သော အစားအစာ စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံတို့ကို အရည်အသွေးပြည့်ဝစွာ ထောက်ပံ့ပေးနိုင်ကြောင်း၊ ထို့အပြင် ဂေဟစနစ်ပြန်လည်ထူထောင်ထိန်းသိမ်းရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေ၊ ရာသီဥတုပြောင်းလဲမှုကို လျော့ချပေးပြီး လိုက်လျောညီထွေနေထိုင်နိုင်ရေးတို့ကို အဓိကပံ့ပိုးပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆယ်စုနှစ်ဂေဟစနစ် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ၂၀၂၁–၂၀၃၀ (United Nations Decade on Ecosystem Restoration 2021–2030) တွင် ညွှန်ပြထားပါသည်။

၁၉၅၀ ပြည့်နှစ်မှစ၍ ပလတ်စတစ်စွန့်ပစ်ပစ္စည်း မက်ထရစ်တန် သန်း ၇၀၀၀ ထွက်ရှိလျက်ရှိရာ လွဲမှားစွာစီမံခန့်ခွဲသည့် စည်ပင်သာယာစွန့်ပစ်အမှိုက် မက်ထရစ်တန် ၆၀ မှ ၁၀၀ သည် ပင်လယ်အတွင်းသို့ တိုက်ရိုက်ဝင်ရောက်လျက်ရှိကြောင်း၊ ပင်လယ်ပြင်အတွင်းသို့ ရောက်ရှိနေသည့် အဓိကပလတ်စတစ်စွန့်ပစ်ပစ္စည်း အရင်းအမြစ်မှာ ကုန်းမြေတွင် အမှိုက်စုပုံစွန့်ပစ်ခြင်းအပြင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မှားယွင်းမှုကြောင့်ဖြစ်သည့် အမှိုက်စွန့်ပစ်သည့်နည်းလမ်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် ရေဆိုးစွန့်ပစ်မှု စသည်တို့ကြောင့်ဖြစ်ကြောင်းကို ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) က ကြီးမှူးသည့် လေးကြိမ်မြောက် Ad hoc Open–ended Expert Group on Marine Litter and Microplastics အစည်းအဝေးအစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ ထို့အပြင် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၌ ထုတ်ပြန်ခဲ့သော Making Peace with Nature အစီရင်ခံစာတွင် အဏ္ဏဝါပလတ်စတစ်ညစ်ညမ်းမှုသည် ၁၉၈၀ ပြည့်နှစ်မှစ၍ ဆယ်ဆမြင့်တက်လာခဲ့ပြီး သမုဒ္ဒရာကြမ်းပြင်နှင့် ရေစီးကြောင်း၌ များပြားစွာတည်ရှိ

*** သစ်တောဂေဟစနစ် ထာဝစဉ်တည်တံ့စေရန် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ သတ်မှတ်လျက် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀ -၂၀၃၁ ခုနှစ်အထိ) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ။**

*** ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်း ဖွဲ့စည်းသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံ့ဧရိယာ၏ ၂၅ ဒသမ ၆၁ ရာခိုင်နှုန်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီဖြစ်။**

နေသည်ကိုတွေ့ရကြောင်း၊ အဏ္ဏဝါပလတ်စတစ်အမှိုက်သရိုက်များသည် အဏ္ဏဝါနှင့် ပင်လယ်ကမ်းခြေဒေသရှိ အရာဝတ္ထုများတွင် တွယ်ကပ်ကာ အန္တရာယ်ဖြစ်စေသော မျိုးစိတ်များနှင့် အခြားညစ်ညမ်းပစ္စည်းများအတွက် ရောဂါ သို့မဟုတ် ကပ်ပါးအဖြစ် လုပ်ဆောင်ပေးနိုင်ကြောင်း၊ ပင်လယ်မြက်ခင်းနှင့် ပင်လယ်ရေမှော်တို့အပါအဝင် အဏ္ဏဝါနှင့် ကမ်းရိုးတန်းဂေဟစနစ် ပျက်စီးဆုံးရှုံးမှု ဘေးအန္တရာယ်သည် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ တိုးမြင့်လာကြောင်း၊ ငါးလုပ်ငန်းပြုပြင်ပြောင်းလဲမှု၊ ပေါင်းစည်းထားသည့် မြေယာစီမံကိန်းရေးဆွဲခြင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ချခြင်းနှင့် ညစ်ညမ်းမှု လျော့ချခြင်းတို့သည် အဏ္ဏဝါသက်ရှိများ ပြန်လည် ထိန်းသိမ်းရေးအတွက် အဓိကသော့ချက် ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သော ငါးခွဲတမ်း စနစ်သည် ငါးဖမ်းလုပ်ငန်းပြုပြင်ပြောင်းလဲခြင်း၊ ငါးအလွန်အကျွံဖမ်းခြင်းနှင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းအတွက် မရှိမဖြစ်လိုအပ်ကြောင်း ဖော်ပြထားသည်ကို လေ့လာသိရှိရသည့်အတွက် ဂေဟစနစ်များနှင့် သဘာဝပတ်ဝန်းကျင်ကို အရေးတကြီး ထိန်းသိမ်းရန် လိုအပ်လျက်ရှိပါသည်။

၂၀၂၁ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ကျရောက်ခဲ့ပြီးဖြစ်သော International Biodiversity Day အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "We're Part of the Solution" သည်လည်း ယနေ့လူသားများ ရင်ဆိုင်နေကြရသော ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များ ပျက်စီးယိုယွင်းနေမှုကို ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် ကျွန်ုပ်တို့လူသားများသည် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ဖော်ညွှန်းထားပါသည်။

**ဂေဟစနစ်ထိန်းသိမ်းရေးဆိုင်ရာဆောင်ရွက်မှုများ**

ကုလသမဂ္ဂ ဆယ်စုနှစ်ဂေဟစနစ်ပြန်လည်ပြုပြင်ထိန်းသိမ်းရေး (United Nations Decade on Ecosystem Restoration 2021–2030) တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ၂၀၃၀ ကို ရောက်ရန်သာမက ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change – UNFCCC) အောက်ရှိ ပါရီသဘောတူညီချက်၏ ရည်မှန်းချက်များကို ပြည့်မီရန်၊ ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification – UNCCD) ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် မြေဆီလွှာခန်းခြောက်မှု ထိန်းချုပ်ရေးရည်မှန်းချက်ဖြစ်သည့် Bonn Challenge ၏ ပျက်စီးသွားသော မြေဟက်တာ သန်း ၃၅၀ ကို ပြန်လည်ထူထောင်ရန် ရည်မှန်းချက်အပြင် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း (Convention on Biological Diversity – CBD) ၏ ၂၀၂၀ ပြည့်နှစ်အလွန် ဇီဝမျိုးစုံမျိုးကွဲ မူဘောင်၏ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ တာဝန်ယူပါဝင်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားကြောင်း ဖော်ပြထားပါသည်။

ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း (Convention on Biological Diversity – CBD) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းခြင်း၊ ကျန်းမာသော ကမ္ဘာကြီးအဖြစ် ရေရှည်တည်တံ့စေခြင်းနှင့် လူသားအားလုံးအတွက် မရှိမဖြစ်အခြေခံကျသော အကျိုးအမြတ်များကို ထောက်ပံ့ပေးခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများကို အကျိုးရှိစွာအသုံးပြုပြီး တန်ဖိုးထားထိန်းသိမ်း၍ ပြန်လည်ထူထောင်ကာ သဘာဝတရားနှင့် လိုက်လျောညီထွေ ဟန်ချက်ညီညီ အတူယှဉ်တွဲနေထိုင်သော "Living in Harmony with Nature" ကမ္ဘာကြီးတစ်ခုဖြစ်စေရန် ရည်ရွယ်ကာ ၂၀၂၀ ပြည့်နှစ်အလွန် ဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာမူဘောင် (Post – 2020 Global Biodiversity Framework) ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာညီလာခံတွင် အတည်ပြုချမှတ်နိုင်ရေး ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း၏ အတွင်းရေးမှူးရုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ကုန်သွယ်မှုကို တားဆီးနိုင်ရေးအတွက် မျိုးဆက်ပျက်သုဉ်းလုဆဲဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်းကို ၁၉၇၅ ခုနှစ်တွင်လည်းကောင်း၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း၏ ကျိုတိုနောက်ဆက်တွဲစာချုပ်ကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း၏ ဇီဝလုံခြုံမှုဆိုင်ရာ ကာတာဂျီနား သဘောတူညီချက်ကို ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ ဆွေးမြည့်ရန်မလွယ်သော အော်ဂဲနစ်အညစ်အကြေးများဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်းကို ၂၀၀၁ ခုနှစ်တွင်လည်းကောင်း၊ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် ထိုသို့ထုတ်ယူအသုံးပြုခြင်းမှ ထွက်ပေါ်ရရှိလာမည့် အကျိုးအမြတ်များကို သာတူညီမျှခွဲဝေခြင်းဆိုင်ရာ နာဂိုရာသဘောတူညီချက်ကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း သဘောတူပြဋ္ဌာန်းခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ ဂေဟစနစ်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များ**

ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals–SDGs) ကို ပြည့်မီစေရန်အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀) (Myanmar Sustainable Development Plan– MSDP) ကို ချမှတ်ပြီး ဂေဟစနစ် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ (၂၀၁၉) တွင် ရည်မှန်းချက်အဖြစ် "မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းရန်" ကို ချမှတ်ထားပါသည်။ ထို့အပြင် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာမှုကို ဖြေရှင်းနိုင်ရန် မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀)၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀) များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်၍လည်း ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်မှုအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန်အတွက် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (၂၀၁၅– ၂၀၂၀) (National Biodiversity Strategy and Action Plan– NBSAP 2015– 2020) တွင် မဟာဗျူဟာပန်းတိုင်ငါးရပ်၊ ရည်မှန်းချက် ၆၀ နှင့် ဦးစားပေးလုပ်ငန်း ၁၆၁ ချက်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏သစ်တောမူဝါဒတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများကို မြန်မာနိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းတည်ထောင်ရန် လျာထားဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ နိုင်ငံဧရိယာ၏ ၆ ဒသမ ၀၈ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၆ ခုအဖြစ် သတ်မှတ်ဖွဲ့စည်းထားရာ အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park–AHP) ရှစ်ခု၊ ရမ်ဆာရေဝပ်ဒေသ ခြောက်ခုနှင့် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းတွင် ဒေသခံပြည်သူများပါဝင်မှု၊ ထောက်ခံအားပေးမှုတို့ကို မြှင့်တင်နိုင်ရန်ရည်ရွယ်၍ လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere – MAB) အဖြစ် သတ်မှတ်ထားသည့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့လည်း ပါဝင်ပါသည်။

သစ်တောဂေဟစနစ် ထာဝစဉ်တည်တံ့စေရန် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ သတ်မှတ်လျက် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁–၂၀၀၂ ခုနှစ်မှ ၂၀၃၀–၂၀၃၁ ခုနှစ်အထိ) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရပါသည်။ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်း ဖွဲ့စည်းသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံ့ဧရိယာ၏ ၂၅ ဒသမ ၆၁ ရာခိုင်နှုန်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ်စီမံကိန်း (၂၀၁၇– ၂၀၁၈ ခုနှစ်မှ ၂၀၂၆–၂၀၂၇ ခုနှစ်အထိ) ကိုရေးဆွဲ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၂၀ သို့ ☆

# မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး ဇွန် ၄**
မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိကွပ်ကဲရာ မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို အဓိကထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတာဝန်ကျရာ မြို့နယ်အတွင်း နယ်မြေကျွမ်းကျင်နှံ့စပ်စေရန် ကွင်းဆင်းဆောင်ရွက်ပြီး ဒေသခံပြည်သူများနှင့် တရင်းတနှီး နေထိုင်ပြောဆိုဆက်ဆံကာ ပြည်သူလူထုအကျိုးကိုရှေးရှုပြီး စိတ်ရင်းစေတနာပါပါဖြင့် စီမံဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများက မိတ်ဆက်တင်ပြခဲ့ပြီး တိုင်းဒေသကြီး ခရိုင်ငါးခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများက ခရိုင်အတွင်း ဆောင်ရွက်ချက်လုပ်ငန်းအစီအမံများကို တင်ပြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးပြောကြားခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ရခိုင်ပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် တွေ့ဆုံဆွေးနွေး

**စစ်တွေ ဇွန် ၄**
ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ဆောင်ရန် Power China Company၊ China Huaneng Company နှင့် ကျောက်ဖြူခရိုင် ဒေသခံတိုင်းရင်းသားများဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်မည်ဆိုပါက လုပ်ဆောင်မည့်ဒေသများတွင် သေချာစွာ စိစစ်လေ့လာပြီး ဒေသအတွက် အကျိုးရှိအောင် လုပ်ဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည့်ကိစ္စ၊ ကျောက်ဖြူမြို့နယ်အတွင်း ပင်လယ်ရေငန်စပါးနှင့် ရေချိုစပါးအထူးအထွက်တိုး စမ်းသပ်စိုက်ပျိုးမည့်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ Power China Company၊ China Huaneng Company တို့မှ တာဝန်ရှိသူများ၊ ကျောက်ဖြူခရိုင် ဒေသခံတိုင်းရင်းသားများဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ အရာခံနှင့် အကြပ်စစ်သည်များ၊ မိသားစုဝင်များအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်

**ဟိုင်းကြီးကျွန်း ဇွန် ၄**
ပမ္မဝတီရေတပ်စခန်း ဌာနချုပ်နှင့် လက်အောက်ခံ တပ်/စခန်း/ရေယာဉ်များမှ အရာရှိ၊ အရာခံနှင့် အကြပ်စစ်သည်များ၊ မိသားစုဝင်များအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုမေလက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ယနေ့ နံနက် ၁၁ နာရီက ပမ္မဝတီရေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်လွင်က ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၉၆ ကတ်အား လွှဲပြောင်းပေးအပ်ခဲ့ပြီး ပမ္မဝတီရေတပ်စခန်းဌာနချုပ်၊ ခေတ္တဌာနချုပ်မှူး ဗိုလ်မှူးကြီးတက်လွင်ထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

■



☆ စာမျက်နှာ ၁၉ မှ

**ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့**

ကုလသမဂ္ဂက ဆယ်စုနှစ် ဂေဟစနစ် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး (United Nations Decade on Ecosystem Restoration 2021–2030) ကို ကြေညာခဲ့ပြီး ဂေဟစနစ် ပျက်စီးမှုကို တားဆီးရန်၊ ရပ်တန့်ရန်နှင့် ဖယ်ရှားနိုင်ရန် နည်းလမ်းများမှာ (၁) ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှု (Global movement) အဖြစ် ဂေဟစနစ် ပြန်လည်ထူထောင်ရေးအခွင့်အလမ်းများနှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းတွင် ဗဟုသုတနှင့်အသိပညာ တိုးပွားအောင်ဆောင်ရွက်ခြင်း၊ ကမ္ဘာတစ်ဝန်းရှိ ဂေဟစနစ်များအား ပြန်လည်ထူထောင်ရန်အတွက် အကောင်းဆုံးသော စံသတ်မှတ်ချက်များကို ပြန်လည်ပြုပြင်စဉ်းစားခြင်း၊ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဂေဟစနစ်ပြန်လည်ထူထောင်ရေးကို ပညာရေးကဏ္ဍတွင် ထည့်သွင်းဆောင်ရွက်ခြင်း၊ ကြီးမားကျယ်ပြန့်သည့် ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်း၊ (၂) နိုင်ငံအရေးကိစ္စများတွင် ဂေဟစနစ်ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်လိုသည့်ဆန္ဒအဖြစ် ဂေဟစနစ် ပြန်လည်ထူထောင်ရေးကို အားပေးသည့် မူဝါဒပြုပြင်ပြောင်းလဲမှုများကို ဖွံ့ဖြိုးစေပြီး အကောင်အထည်ဖော်ခြင်း၊ ဂေဟစနစ်ပြန်လည်ထူထောင်ရေးအတွက် အစိုးရနှင့် အဖွဲ့အစည်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများအားကောင်းစေခြင်း၊ နိုင်ငံတော်အကြီးအကဲများ၊ ဘဏ္ဍာရေး၊ စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့်ဝန်ကြီးများ ဦးဆောင်၍ နိုင်ငံအဆင့် ဂေဟစနစ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (၃) စွမ်းဆောင်ရည် (Capacity) အနေဖြင့် ကမ္ဘာလုံးဆိုင်ရာဂေဟစနစ် ပြန်လည်ထူထောင်ရေး ကျွမ်းကျင်သူများအား ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဒီဇိုင်းရေးဆွဲရေး၊ အကောင်အထည်ဖော်ရေးနှင့် ရေရှည်တည်တံ့စေရေးနည်းလမ်းများ ဖြန့်ဝေခြင်းတို့ကို တစ်ဦးချင်း၊ အစုအဖွဲ့များ၊ အစိုးရများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများအားလုံး လိုက်ပါဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သန့်စွမ်းသည့် သဘာဝဂေဟစနစ်များ ရေရှည်တည်တံ့နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော **“ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့”** နှင့်အညီ ဂေဟစနစ်များဖြင့် ဖွဲ့စည်းထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အခြေခံကျသော ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် နိုင်ငံတော်၏ စီမံကိန်းများ၊ မူဝါဒများ၊ လုပ်ငန်းစီမံချက်များ၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်းလုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲပြီး ရည်မှန်းချက်များနှင့်အညီ ထိရောက်သော လက်တွေ့လုပ်ဆောင်ချက်များအဖြစ် အဖွဲ့အစည်းများအားလုံး အတူလက်တွဲ၍ အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းနိုင်ရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ကျမ်းကိုးစာရင်း
- သစ်တောဦးစီးဌာန
- အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
- နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (၂၀၁၅–၂၀၂၀)
- https://wedocs.unep.org United Nations Environment Programme, Making Peace with Nature Report (2021, February)
- www.unep.org United Nations Decade on Ecosystem Restoration (2021– 2030)
- https://www.cbd.int/convention/
- https://www.unep.org/news-and-stories/press-release/pakistan-host-world-environment-day-2021
- United Nations Environment Programme, Ad hoc open-ended expert group on Marine Litter and Microplastic Fourth Report

# ဇွန် ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁၂ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၇၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၁၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၂၈,၂၄၆) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၄,၁၅၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၄၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၄-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁၃၂) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၃) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၄၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂၅) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇၄) ခု | (၆၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၆) ခု | (၁၃၈) ဦး |
| စုစုပေါင်း | (၁,၇၇၈) ခု | (၂၁၂) ဦး |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၈၄၃၆၁၂ | ၁၆၉၇၅၄၃ | ၅၁၂၉၆ |
| ၂။ | ဖိလစ်ပိုင် | ၁၂၅၅၃၃၇ | ၁၁၇၃၀၀၆ | ၂၁၅၃၇ |
| ၃။ | မလေးရှား | ၆၀၃၁၂၂ | ၅၁၅၅၇၁ | ၃၁၈၂ |
| ၄။ | ထိုင်း | ၁၇၁၉၇၉ | ၁၂၀၆၉၇ | ၁၁၇၇ |
| ၅။ | မြန်မာ | ၁၄၄၁၅၇ | ၁၃၂၄၁၅ | ၃၂၂၁ |
| ၆။ | စင်ကာပူ | ၆၂၁၅၈ | ၆၁၅၅၇ | ၃၃ |
| ၇။ | ကမ္ဘောဒီးယား | ၃၃၀၇၅ | ၂၅၅၄၄ | ၂၄၂ |
| ၈။ | ဗီယက်နမ် | ၈၂၈၇ | ၃၂၀၈ | ၅၀ |
| ၉။ | လာအို | ၁၉၄၃ | ၁၆၅၄ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၄၄ | ၂၃၁ | ၃ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၁၇၅၃၄၈ | ၂၈၀၂၅၈၈၅ | ၆၁၁၆၂၈ |
| ၂။ | အိန္ဒိယ | ၂၈၆၂၅၅၆၈ | ၂၆၆၆၇၈၃၃ | ၃၄၁၄၅၀ |
| ၃။ | ဘရာဇီး | ၁၆၈၀၃၄၇၂ | ၁၅၂၂၈၉၈၃ | ၄၆၉၇၈၄ |
| ၄။ | ပြင်သစ် | ၅၆၉၄၀၇၆ | ၅၃၇၈၂၉၉ | ၁၀၉၈၅၇ |
| ၅။ | တူရကီ | ၅၂၇၀၂၉၉ | ၅၁၃၉၉၉၃ | ၄၇၈၈၂ |
| ၆။ | ရုရှား | ၅၁၀၈၁၂၉ | ၄၇၂၀၅၁၂ | ၁၂၃၀၃၇ |
| ၇။ | ဗြိတိန် | ၄၄၉၉၈၇၈ | ၄၂၉၆၂၄၄ | ၁၂၇၈၁၂ |
| ၈။ | အီတလီ | ၄၂၂၅၁၆၃ | ၃၈၉၃၂၅၉ | ၁၂၆၃၄၂ |
| ၉။ | အာဂျင်တီးနား | ၃၈၈၄၄၄၇ | ၃၄၃၈၄၃၇ | ၇၉၈၇၃ |
| ၁၀။ | ဂျာမနီ | ၃၇၀၂၁၉၀ | ၃၅၂၇၀၀၀ | ၈၉၆၂၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့**
**မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော်　ဇွန်　၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ တတိယဆု ရရှိသည့် စာရေးဆရာနိုင်မြင့်၏ "စက်ဘီးကလေးနှင့် ကလေးဝတ္ထုတိုများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကလေးဝတ္ထုတို အပုဒ် ၂၀ ပါဝင်သည်။ ယင်းဝတ္ထုတိုများအနက် စက်ဘီးကလေး ကလေးဝတ္ထုတိုတွင် ကျောင်းသားလေး မောင်ကျော်သည် ရွာနှင့်အင်မတန်ဝေးသည့် အလယ်တန်းကျောင်းတွင် ကျောင်းတက်ရမည်ဖြစ်သော်လည်း မိသားစုတွင် ဖခင်တစ်ဦးတည်းသာ ဝင်ငွေရှိသည့်အတွက် စက်ဘီးမဝယ်နိုင်းရက်ဘဲ သူငယ်ချင်းများ၏ စက်ဘီးကယ်ရီယာနောက်တွင် တစ်လှည့်စီကပ်လိုက်ရပုံ၊ နောက်ပိုင်းတွင် ဘကြီးဖြိုး၏အကူအညီဖြင့် "အိမ်နောက်ဖေးဈေးဆိုင်တည်"ဆိုသည့် စကားအတိုင်း အိမ်နောက်ဖေးတွင် ဟင်းစားပင်များစိုက်ပျိုးကာ ပိုက်ဆံစု၍ စက်ဘီးဝယ်ခဲ့ပုံတို့မှာ ကလေးငယ်များအတွက် အတုယူဖွယ်ရာပင်ဖြစ်သည့်အပြင် ဖတ်သင့်ဖတ်ထိုက်သည့် ကလေးဝတ္ထုတိုလေးများလည်း များစွာပါဝင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၅၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော်　ဇွန်　၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ နန္ဒာမိုးကြယ်၏ "ကြာရွက်ထီးကလေး ကလေးကဗျာများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာ အပုဒ် ၈၀ ပါဝင်သည်။ ကလေးများကို ပျော်ရွှင်စေရန်၊ ဗဟုသုတရစေရန်၊ အသိဉာဏ်ဖွံ့ဖြိုးစေရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ရေးသီဖွဲ့ဆိုထားသည့် ကဗျာများဖြစ်သည်။ အဆိုပါကဗျာများထဲတွင် ကလေးများ အမူအရာနှင့် ပျော်ရွှင်စွာရွတ်ဆိုနိုင်သည့် ကဗျာများအပြင် အသိပညာပေး ယဉ်ကျေးလိမ္မာကဗျာများဖြစ်သော "ယဉ်ကျေးပါ"၊ "မိတ်ဆွေကောင်း" စသည့် ကဗျာများကို လှပရိုးရှင်းစွာ ရေးဖွဲ့ထားသည်။ မြိုင်မြိုင်ဆိုင်ဆိုင် ရွတ်ဆိုနိုင်သည့် စာကြည့်တိုက် (သံချပ်) ကဗျာကဲ့သို့ သုတ၊ ရသ ပေးစွမ်းနိုင်သောကဗျာများ ပါဝင်သောကြောင့် ကလေးများအတွက် လက်မလွှတ်သင့်သည့် ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၆၀၀ ဖြင့် အမှတ် (၅၂၉ - ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခမဲ့ ကူလီထမ်းခြင်း၏အကျိုး

## ဦးဖိုးကျား

လွန်ခဲ့သော ခြောက်နှစ်ခန့်က ကျွန်ုပ်သည် မြို့ငယ်တစ်ခုသို့ အမျိုးသားကျောင်းစစ်ရန် သွားရ၏။ ၎င်းတို့မြို့သို့ မီးရထားဆိုက်လျှင် ကျွန်ုပ်၏ သူငယ်ချင်း သပိတ်မှောက် ကျောင်းသားဟောင်းဆရာကြီးသည် လာ၍ကြိုနေသည်ကို တွေ့ရ၏။ ဘူတာအနီးတွင် ကပ်၍ ကျွန်ုပ်၏ရင်းနှီးသော မိတ်ဆွေတစ်ယောက်နေသည်ကို ခဏမျှ တွေ့လိုသည်နှင့် သူငယ်ချင်းဆရာကြီးအား ကျွန်ုပ်၏ပစ္စည်းများနှင့် သွားနှင့်ရန်ပြောဆိုလွှတ်လိုက်၏။ အဆိုပါ ဘူတာအနီးရှိ မိတ်ဆွေနှင့် စကားစမြည်ပြော၍ အတန်ကြာပြီးနောက် ဆရာကြီးအိမ်သို့ သွားတော့မည်ဟု ဘူတာအနီးကပင် ဖြတ်၍လာခဲ့ရာ –

ဘူတာရုံအတွင်း၌ သပ်ရပ်စွာဝတ်ဆင်၍ သနားကမား သူငယ်ကျောင်းသားရွယ်တစ်ယောက်ကို တွေ့မြင်ရ၏။ ၎င်းမှာ တစ်ယောက်တည်းလိုပင် ကျန်ရစ်ခဲ့ရာ မျက်နှာမကြည်မသာ တစ်စုံတစ်ယောက်ကို သို့မဟုတ် တစ်စုံတစ်ရာကို မကျေမချမ်း စိတ်လက်ဆိုးနေဟန်ရှိ၍ တဖျစ်တောက်တောက်နှင့် ဟိုလျှောက်သည်လျှောက် ပြုနေသည်ကိုတွေ့ရ၏။ ကျွန်ုပ်သည်လည်း မနေတတ်သည်နှင့် –

"မောင်–ဘာဖြစ်လို့လဲ"

"ဟာ–မပြောပါနဲ့ဗျာ၊ ကောလိပ်ကျောင်းပိတ်လို့ ပြန်လာတယ်၊ အိမ်ကိုစာရေးထားတာ ဘယ်သူမှလည်း လာမကြိုကြဘူး၊ အခုဒီမှာခွကျနေတာပေါ့"

"နေပါဦးမောင်ရဲ့၊ ဘယ်သူမှ လာမကြိုလည်း ဘာအပန်းကြီးသလဲ၊ အိမ်က ဘယ်လောက်ဝေးလို့လဲ"

"အိမ်မဝေးပါဘူး၊ ဟိုဈေးနားတွင်ပဲ"

"အဲဒါဖြင့်လည်း မောင်ရယ်၊ ကိုယ့်ဟာကိုယ်သွားလိုက်ကရော့ပေါ့၊ လူလာမကြိုကော၊ ကိုယ့်အိမ်ကိုယ်ပြန်တာပဲ"

"ဟာ–ခင်ဗျားကြီး၊ တယ်ခွကျတာကိုး၊ (ကျွန်ုပ်ကိုပါ ရောစိတ်ဆိုးသွားဟန်တူသည်) အိမ်နီးပေမယ့် စီးသွားစရာ လာနေကျမြင်းလှည်းကလေး တစ်စီးဟာလည်း မရလိုက်ဘူး၊ ပြီးတော့ ဒီမှာသားရေအိတ်တစ်လုံးနဲ့ ကူလီတွေလည်း မရှိတော့ဘူး၊ ဘယ့်နှယ်လုပ်မလဲဗျ"

ကူလီလိုသည်ဆိုသော သားရေအိတ်ကို ကြည့်လိုက်ရာ အရှည် တစ်တောင်တစ်မိုက်ခန့်၊ အနံ တောင်ဆုပ်လောက်မျှသာရှိသော သားရေအိတ် ဖြစ်နေ၏။ ထိုအခါ ကျွန်ုပ်ကပင် –

"ကဲ–မောင်၊ ဒီသားရေအိတ်အတွက်ဖြင့် ဝန်လေးမနေပါနဲ့၊ ကျုပ်ပဲ ဆွဲခဲ့ပါမယ်၊ ကဲ– သွားသာသွားပါတော့"

ထိုအခါမှ သူငယ်သည် မျက်နှာအတန်ကြည်လာပြီးလျှင် "အဲဗျာ၊ သွားရင်းလာရင်း ဆွဲခဲ့ပါတော့၊ ကျွန်တော် ကူလီခပေးပါ့မယ်"ဟု ဆိုလေ၏။

ကျွန်ုပ်သည် ကူလီခအကြောင်းကို တစ်စုံတစ်ရာ ပြန်မပြောဘဲ သားရေအိတ်ကိုသာ ကောက်ယူ၍ သက်သက်သာသာပင်ဆွဲကာ ထိုသူငယ်နှင့် မြို့တွင်းဘက်သို့ လျှောက်လာခဲ့ကြ၏။

စာဖတ်သူအားပြောရန် ကျန်သေးသည်၊ ကျွန်ုပ်သည် ခရီးသွားသည့်အခါ အေးအေးချမ်းချမ်း သွားတတ်သည်နှင့် ထိုအခါက ပိုးကြားပေါက်လုံချည်အနွမ်းကိုဝတ်၍ ပင်နီရှပ်အင်္ကျီ တစ်ပတ်နွမ်းကို လက်ပင့်လက်လိပ်၍ မျက်နှာသုတ်ပဝါကို ခေါင်းတွင် ထူထူပတ်ကာ ဝတ်ဆင်လျက်ရှိ၏။ ဖိနပ်မှာလည်း ပိန်းတန်းဖိနပ်မျှသာ ဖြစ်၏။ သို့ကြောင့်လည်း ထိုသူငယ်သည် ကျွန်ုပ်အား "ကူလီ"ငှားရန် အားမနာခြင်း ဖြစ်ဟန်တူသည်။

> **ကျွန်ုပ်သည် ခရီးသွားသည့်အခါ အေးအေးချမ်းချမ်း သွားတတ်သည်နှင့် ထိုအခါက ပိုးကြားပေါက်လုံချည်အနွမ်းကိုဝတ်၍ ပင်နီရှပ်အင်္ကျီ တစ်ပတ်နွမ်းကို လက်ပင့်လက်လိပ်၍ မျက်နှာသုတ်ပဝါကို ခေါင်းတွင် ထူထူပတ်ကာ ဝတ်ဆင်လျက်ရှိ၏။ ဖိနပ်မှာလည်း ပိန်းတန်းဖိနပ်မျှသာ ဖြစ်၏။ သို့ကြောင့်လည်း ထိုသူငယ်သည် ကျွန်ုပ်အား "ကူလီ"ငှားရန် အားမနာခြင်း ဖြစ်ဟန်တူ။**

နှစ်ယောက်သားလာခဲ့ကြရာ ကျွန်ုပ်ကစ၍ –

"မောင်–ကောလိပ်ကျောင်းမှာနေတာ ဘယ်အတန်းရောက်ပြီလဲ"

"အင်္ဂလိပ်လို၊ ဆီနီယာ–အိုင်အက်စီ (I.Sc) ခေါ်တယ်။ ဗမာလိုတော့ ဟိုဒင်း အဲ ၁၂ တန်း ဆိုပါတော့ဗျာ"

"ဟင်–ရောက်လှပါပကော၊ နို့ နေပါဦးမောင်ရဲ့၊ အဲဒီ ၁၂ တန်း ရောက်တော့ ဘာတွေ သင်ရသလဲကွဲ့"

"အများကြီးပါဗျာ၊ အထူးကတော့ အက်ဒ်ဘန်းစ်ဒ်–အင်္ဂလိပ် (Advanced English) ဆိုတာ သင်ရတယ်ဗျ"

"မောင့်ဟာက အင်္ဂလိပ်လိုကိုး၊ ဗမာလိုလည်း ပြောဦးမှပေါ့"

"ဗမာလို မလွယ်ဘူးဗျ၊ နေဦး နေဦး၊ ဟိုဒင်း … အဲ၊ ရှေ့ရောက်သော အဲ ပိုမို၍ဖြစ်သော ဟာ–ဒါလည်း မဟုတ်သေးပါဘူးလေ၊ ဟိုဒင်း လွယ်လွယ်ဆိုကြပါစို့ဗျာ၊ သိပ်ခက်တဲ့ အင်္ဂလိပ်စာ ဆိုပါတော့"

"အင်း အင်း၊ ကောင်းပါရဲ့၊ နို့ မြန်မာစာများကော မသင်ရဘူးလားကွဲ့"

"ဘာမီး (စ်)လား၊ ခင်ဗျာ မြန်မာစာ ဘာခက်လို့လဲဗျ။ ကျွန်တော်တို့ ကောလိပ်မှာ အရေးတကြီး မသင်ပါဘူး၊ စာမကြည့်ဘဲနဲ့ ပ(စ်)(Pass) နိုင်ပါတယ်ဗျာ၊ အလကား အသုံးလည်း မကျလှပါဘူး"

"ဒါဖြင့် သည့်ပြင်ကော ဘာများသင်ရသေးသလဲ"

"သည့်ပြင်တစ်ခုက ခယ်မစ်စတြီ (chemistry) ဆိုတာသင်ရတယ်၊ အဲဒါက မြန်မာလို ရှိမယ်မထင်ပါဘူး၊ ဟိုဒင်းဆိုပါတော့ဗျာ၊ ဓာတ်ခွဲပညာဆိုပါတော့၊ ဘယ်အရာ တစ်ခုဟာ ဘယ်ဓာတ် ဘယ်ဓာတ်များ ပေါင်းစပ်ပြီး ဖြစ်နေတယ်ဆိုတာတွေလည်း ပါတယ်ဗျ။ ဥပမာဗျာ ရေဆိုတဲ့ဓာတ်ဟာ ဘယ်ဓာတ် ဘယ်ဓာတ်များ ပေါင်းစပ်လို့ ဖြစ်တယ်ဆိုတာ သိရတယ်ဗျ"

"အို–တယ်နေရာကျပါလား၊ ပြောစမ်းပါဦး မောင်ရယ်၊ ရေထဲမှာ ဘာတွေ ဘာတွေ ပါသတဲ့လဲ"

"ရေဆိုတာ၊ အိတ်ချ်–တူးအို ($H_2O$) ဆိုတဲ့ ဓာတ်တွေကို ပေါင်းစပ်ထားတာဗျ"

"မောင့် အိတ်ချ်–တူးအိုကို ဗမာလိုပြောဦးမှ ပေါ့ကွဲ့"

"ဟာ–ဘယ်မှာ အကုန်လုံးကို ခင်ဗျာ့ ဗမာစကားတွေနဲ့ ပြောနိုင်မလဲဗျ၊ ခင်ဗျာ့ ဗမာစကားကလည်း အင်မတန်ဆင်းရဲတယ်၊ ဒီလို အထက်တန်းစကားကြီးတွေကို ဘာသာပြန်ဖို့ ရှိမယ်မဟုတ်ဘူးဗျ။ ဒီတော့ အကြမ်းပဲမှတ်ထား၊ အိတ်ချ်က နှစ်ဆ၊ အိုက တစ်ဆ၊ အဲဒါ နှစ်ခုရောရင် ရေဖြစ်တာပဲ"

"အဲလေ ဆိုပါတော့၊ ဒီတော့ "အိတ်ချ်"က ဘာ၊ "အို"က ဘာဆိုတာလဲ ပြောဦးမှပေါ့"

"ဟာ–ခင်ဗျား တယ်အမေးအမြန်းထူတဲ့လူကြီးပဲ၊ ဒါတွေဟာ ဓာတ်သင်္ကေတတွေဗျ၊ ခင်ဗျားတို့ကိုပြောလည်း နားလည်မှာမဟုတ်ဘူး၊ အဲဒီတော့ အဲဒီ အင်္ဂလိပ်စာလုံး နှစ်လုံးပေါင်းရင် ရေဖြစ်တယ်ဆိုတာသာ မှတ်ထားပါဗျ"

"နေပါဦး မောင်ရဲ့၊ မောင်အင်္ဂလိပ်စာလုံးတွေ မပေါ်ခင်က ရေရှိနှင့်တယ်မဟုတ်လား၊ မောင့် အင်္ဂလိပ်စာလုံး နှစ်လုံးရှိမှပဲ ရေဖြစ်ရတော့မလား"

"ဩော်–တယ်ခက်ပါလား၊ ဒါက သင်္ကေတ အမှတ်အသားဗျ။ အဲဒီစာနှစ်လုံးရဲ့ အရှည်အဓိပ္ပာယ်ရှိသေးတယ်၊ သိရဲ့လား၊ အဲဒီအဓိပ္ပာယ်အရှည်ကို ကျွန်တော့် နုတ်ဘုတ် (note book) ထဲမှာ မှတ်ထားတယ်၊ အခု ပါးစပ်ထဲမှာတော့မရဘူး၊ ပြီးတော့လည်း ဗျာ၊ ကျွန်တော်တို့ဆရာက အဓိပ္ပာယ်ပြောတာ မရှင်းပါဘူး၊ ကျွန်တော်တို့နားလည်အောင် မပြောတတ်ဘူးဗျ။ ဒီဆရာတွေဟာ အလကားပါဗျာ"ဟု ဆရာကိုလွှဲချပြီး သူ့ဇာတ်ကိုသူ မြန်မြန်သိမ်းလိုက်လေသတည်း။

"နို့ မောင်တို့ကောလိပ်မှာ စားရပုံက ဘယ်လိုလဲကွဲ့"


"မှတ်ထား ဆရာကြီး၊ ကောလိပ်ဆိုတာကို ရောက်ဖူးမှ လူဖြစ်ကျိုးနပ်တာ၊ အနေအစားအကုန်လုံး အထက်တန်း အညွန့်စားချည်းပဲမှတ်ထား၊ တစ်ခါတည်း နယူးလိုက်ဖ် (new life)ကို ရောက်သွားတာပဲသိရဲ့လား"

"အဲ အဲ . ဘာတဲ့၊ နရူး(နွားရူး)အလိုက်ခံရသလား၊ ဟို ရောက်ရင်"

"အောင်မယ်၊ ဗျို့ ဆရာကြီး၊ ဒါသရော်စရာ မဟုတ်ပါဘူး၊ ခင်ဗျားကြီးတို့ဟာ ပညာလည်းမတတ်၊ ယဉ်ကျေးတဲ့ အင်္ဂလိပ်စကားတွေလည်း နားမလည်၊ ဒါကြောင့် ခင်ဗျားတို့ ဗမာတွေ ခွကျနေတာ သိရဲ့လား၊ နယူးလိုက်ဖ်ဆိုတာ အင်္ဂလိပ်စကားဗျ၊ အသစ်အသက်၊ အနေအစားအသစ်တစ်မျိုး ဆိုလိုတယ်၊ ကြည့်လေ၊ နေရတာက ကျွန်တော် တောမြို့ကလေးမှာ ဆယ်တန်းမှာနေရတုန်းက သူဆင်းရဲသား၊ ကုန်သည်သား သူကြီးသားဆိုသလို သာမညလူတွေနဲ့သာ တွေ့ရတာကလားဗျ။ ဟိုကောလိပ်ကျတော့ အနည်းဆုံး မြို့အုပ်သား၊ ဝန်ထောက်သား၊ အရေးပိုင်သား၊ မင်းကြီးသားဆိုသလို အထက်တန်းစားတွေချည်းကလားဗျ။ အဲလေ ဆင်းရဲသားရဲ့ သားသမီးလည်း နည်းနည်းပါးပါးတော့ ရှိတာပေါ့။ ဘာဖြစ်ဖြစ် ကျွန်တော်တော့ အထက်တန်းစားနဲ့မှ ရွေးပေါင်းတာပဲ၊ ကုန်ကုန်ပြောမယ်ဗျာ ဖိနပ်တောင် ကြည့်ပါလား၊ ကျွန်တော် တောမြို့ကလေးမှာနေတုန်းက ၁၀ ကျပ်တန်၊ ၁၅ ကျပ်တန် အထက်ပိုမစီးရဘူး၊ ခုတော့ ဟော ၂၀ ကျပ်တန် အောက် မစီးရဘူးဗျ"

"နေပါဦး၊ ၂၀ ကျပ်တန်အောက် မစီးရတာက မောင်တို့ ကောလိပ်မှာ ဥပဒေလုပ်ထားလို့လား"

စာမျက်နှာ ၂၃ သို့ ✻



### အမျိုးသားပညာဝန်
### ဦးဖိုးကျား (၁၈၉၁-၁၉၄၂)

ဟသ်ာတခရိုင် နိဗ္ဗာန်ရွာ လယ်သမားကြီး ဦးဖေ၊ ဒေါ်ဒေါင်းတို့မှ ၁၈၉၁ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ နိဗ္ဗာန်ရွာ ဆရာတော် ဦးသာသန၏ လောကဓာတ်ကျောင်း၊ အသုတ်ရွာ ဆရာတော်ဦးသုန္ဒရ၏ လေးထပ်ကျောင်းတို့၌ အောက်တန်းများကို စာပြန်သင်ပေးရင်း တပည့်ဆရာအဖြစ်နှင့် ကျောင်းနေခဲ့ရသည်။ အသက် ၂၇ နှစ်လောက်မှ ၁၀ တန်းအောင်ပြီး ဂျပ်ဆင်ကောလိပ်တွင် တက်ရောက်သင်ကြားသည်။ သပိတ်မှောက်ကျောင်းသားများ ကောင်စီဝင်ဖြစ်သည်။ ကောလိပ်ကျောင်းသားဘဝကပင် မြန်မာ့အလင်းသတင်းစာ၌ စာပေစတင်ရေးသားခဲ့သည်။ ၁၉၂၂ ခုနှစ်ခန့်တွင် ဘီအေစာမေးပွဲအောင်သည်။ ထို့နောက် အမျိုးသားပညာဝန် ဖြစ်ခဲ့သည်။

ဦးဖိုးကျားသည် ပုသိမ်ရာဇဝင်၊ ဦးထွန်းရှိန် အတ္ထုပ္ပတ္တိ၊ မြန်မာ့ဂုဏ်ရည်၊ ပေါရာဏ အဘိဓာန်၊ စလေဦးပုည အတ္ထုပ္ပတ္တိနှင့် ရေသည်ပြဇာတ်၊ ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ၊ အလယ်တန်း မြန်မာရာဇဝင်အကျဉ်း၊ သီပေါမင်းပါတော်မူ အရေးတော်ပုံ၊ ၃၇ မင်း၊ အလောင်းတော်ကဿပ၊ မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယနဂိုဏ်း ကိုယ်တွေ့ဝတ္ထုများ စသည့်စာအုပ်များစွာကို ရေးသားခဲ့သည်။

၁၉၂၇ ခုနှစ်တွင် ကာလဘတ်လမ်း (မြန်မာ့ဂုဏ်ရည်လမ်း) နေအိမ်၌ မြန်မာ့ဂုဏ်ရည် ပုံနှိပ်စက်နှင့် မြန်မာ့ဂုဏ်ရည်စာအုပ်တိုက်တို့ကို တည်ထောင်သည်။ လွတ်လပ်ရေးရပြီးခေတ်တွင် ဦးဖိုးကျားကို ဂုဏ်ပြုသောအားဖြင့် ကာလဘတ်လမ်းကို မြန်မာ့ဂုဏ်ရည်လမ်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

ပညာရေး၊ လူမှုရေး၊ စာပေအရေး၊ နိုင်ငံရေး စသည်တို့၌ နိုင်ငံနှင့် လူမျိုးအတွက် များစွာ ကျေးဇူးပြုခဲ့သော ဦးဖိုးကျားသည် စစ်ဘေးတိမ်းရှောင်ရင်း ၁၉၄၂ ခုနှစ် ဧပြီလ ၁၁ ရက်နေ့၌ ထန်းတပင်မြို့တွင် ကွယ်လွန်ခဲ့သည်။

✺စာမျက်နှာ ၂၂ မှ

"ဘယ်က ဥပဒေလုပ်ထားရမှာလဲဗျ၊ ခင်ဗျား ကြီးလည်း တော်တော် အတာပဲ၊ ဟိုမှာ အထက် တန်းစားတွေနဲ့ ပေါင်းရတာဗျ။ ခင်ဗျား ၁၀ ကျပ် တန် အစုတ်တွေနဲ့ မဖြစ်ဘူးဗျ။ လူထဲမတိုးဘူးဗျ။ သိရဲ့လား၊ အခု ကျွန်တော်စီးထားတဲ့ ၂၀ ကျပ် ၂၅ ကျပ်တန်တောင်မှ လူထဲဝင်နိုင်ရုံရှိသေးတယ်၊ သိရဲ့လား၊ ၃၀ ကျပ်တန် ၄၀ ကျပ်တန် စီးနိုင်မှ ဖိနပ်ကို လူဝိုင်းကြည့်တာဗျ"

"ဟင်-မောင်တို့ကောလိပ်က လူအဖိုးတန် တာ အရေးမကြီး၊ ဖိနပ်အဖိုးတန်တာ အရေးကြီး သလို နေပါကလား"

"တယ်-ခင်ဗျားကြီး အင်မတန် နုံသေးတာ ကိုး၊ တော်ပါဗျာ၊ ကောလိပ်ဆိုတာ၊ ကြွားဖို့ဗျ ကြွားဖို့၊ လူပေါ် လူလုပ်ဖို့ သိရဲ့လား၊ အစစအရာရာ အထက်တန်းချည်းပဲ သွားရ၊ စားရ၊ နေရတယ်။ ကြည့်ပါလား ကျွန်တော်ဟာ ကောလိပ်ကိုအသွား အပြန် စက်ကင်းကလပ်စ်ဆိုတဲ့ ဘိုစီးတွဲမှ စီးတယ်၊ ခင်ဗျားတို့စီးတဲ့ တတိယတန်းဆိုတဲ့ ဆင်းရဲ သားတွဲကို ဘယ်တော့မှ မစီးဘူး၊ အဲဒီစက်ကင်း ကလပ်စ်ဆိုတာ ခင်ဗျားတို့ ဆင်းရဲသားတွဲတွေလို သစ်သားခုံနဲ့ ညစ်ပတ်ပြီး ကြမ်းပိုးကိုက်တာ မဟုတ်ဘူး၊ သိရဲ့လား၊ ဆိုဖာဆိုတဲ့ မွေ့ရာတစ်မျိုး ကို ခင်းထားတယ်၊ အောက်က စပရိန်ထည့်ထား တယ်၊ ပြီးတော့ ခာတ်မီးတွေ၊ ပန်ကာတွေ၊ မှန်တွေ၊ ရေတွေ စုံလို့ပါပဲဗျာ၊ တစ်ခါလောက် ခင်ဗျားတို့ကို စီးစေချင်တယ်၊ တစ်ခါတည်း လျှာလည်သွားမှာပဲ။ ပြီးတော့ အဲဒီဘိုစီးတွဲအခက ခင်ဗျားတို့ ဆင်းရဲသား တွဲအခရဲ့ သုံးဆပေးရတယ်၊ သိရဲ့လား၊ အဲလေ တချို့ပိုက်ဆံဝါလားတွေဟာ ပိုက်ဆံပေါလို့ စီးပေတဲ့ ဘိုစီးတွဲနဲ့ သူတို့နဲ့ တခြားစီပါဗျာ၊ ဟော- ကျုပ်တို့လို အင်္ဂလိပ်စာတတ်တဲ့ ကောလိပ် ကျောင်းသားလည်း ဖြစ်ရမယ်၊ စတိုင်ကျကျ လှလှပပဝတ်ဆင်ရမယ်၊ ကျွန်တော့်ဘိုဆံထောက် ကို ကြည့်စမ်း၊ လိမ်းထားတာ ဆီရိုးရိုးမဟုတ်ဘူး၊ ဟို ဘိလပ်တို့၊ အမေရိကန်တို့ကလာတဲ့ ဆီမွှေးတို့ ကော့စမက်တစ်တို့ကိုသာ လိမ်းတယ်၊ ပြီးတော့ ပေါင်ဒါဆိုတဲ့ အမွှေးမှုန့်တို့၊ ကတ္တီပါရည်တို့ အဲဒါမျိုး တွေကို လိမ်းလို့၊ အဲဒီလို လှလှပပ ကျကျနနနဲ့မှ ဘိုစီးတွဲနဲ့တော်တာဗျ။ ခင်ဗျားတို့ တောသားကြီးတွေ တော့ အလကားပါဗျာ၊ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာဆိုသလိုမနေဘူးလား"

"မောင်ရယ်၊ မောင့်ဘိုစီးတွဲ မစီးရချင်နေပါစေ တော့၊ ယောက်ျားဖြစ်လျက်သားနဲ့ သနပ်ခါး မျက်နှာ ချေတွေတော့ မလိမ်းမဆင်ဝံ့ဘူးမောင်ရဲ့"

"အလို ခင်ဗျားကြီး အတော်လာပါကလား၊ ဒါလောက် ပြောနေတာတောင် သဘောမပေါက်သေး ဘဲကို၊ ခင်ဗျားတို့ ဗမာတွေ မကြီးပွားတာ အဲဒီလို ခေတ်မမီ ခေတ်မဆန်တာတွေကြောင့်ပဲ နားလည်ရဲ့ လား"

အကျွန်ုပ်သည်လည်း ပြုံးရယ်၍သာ နေလိုက် ၏။ ထိုသို့ နှစ်ယောက်သားလာခဲ့ရာ အိမ်အနီးသို့ ရောက်လာလေ၏။ အိမ်ဝသို့ဝင်လျှင် ၎င်းသူငယ်၏ အမိ၊ အစ်မ၊ နှမများနှင့်တူသော မိန်းမတစ်စုက စုဝိုင်း၍ "ဟော-ငါ့သားကလေးပြန်လာပြီ၊ ဟော မောင်သောင်း ပြန်လာပြီ၊ ဟော-ကိုကိုပြန်လာပြီ၊ အမေလည်း အခုပဲ မင့်ဆီကစာကိုရတယ်၊ ရရချင်း အဝတ်အစားလဲပြီး အခုဘူတာဆင်းမလို့ပဲ၊ မင်းစာ က နောက်ကျနေတာကိုးကွဲ့"

မောင်သောင်းမှာ များစွာစိတ်ဆိုးသော မျက်နှာဖြင့် "ဟာဗျာ၊ ဒဲမစ် (damn it) ခင်ဗျားကြီးတို့ ဒီလိုချည်းပဲ၊ စာကို ကပျာကယာ ပေးရတာဗျ၊ ရရချင်း ဆင်းလာပြီးရောပေါ့။ ကတဲ-လှချင်လိုက်ကြတာ၊ တယ်"

ထိုအခါ အစ်မကြီးဖြစ်ပုံရသူက "မဟုတ်ဘူးကွဲ့ မောင်သောင်းရဲ့၊ မင်းပဲလိုတယ်၊ သံကြိုးရိုက်လိုက်ပါ လား၊ ကတဲ ပိုက်ဆံကလေး သုံးမတ် တစ်ကျပ်ကို ဂရုစိုက်လို့"

"မဟုတ်ဘူး မမရဲ့၊ တနင်္ဂနွေနေ့ကျနေလို့၊ အားဂျင်းဖီးစ် နှစ်ဆပေးရမယ်သိရဲ့လား၊ ပြီးတော့ ပိုက်ဆံလည်း မပိုဘူး၊ ဟိုဒင်းရွှေးရ၊ ဒီဒင်းရွှေးရနဲ့"

နှမငယ်ကဝင်တဲ့၍ "အဟုတ်သားပဲ ကိုကို့မှာ ဘယ်တော့မှ ပိုက်ဆံ ပိုပိုမိုမို မသုံးရဘူး၊ ပိုက်ဆံ မှာလိုက်ရင် ဟောဟိုဖေဖေက ဝင်ဝင်ပြီး များတယ် ဘာတယ်နဲ့၊ ကိုင်း ခုတော့ ဘယ့်နှယ်နေသေးသလဲ၊ ကိုကို ခြေကျင်လျှောက်လာရတော့ ကောင်းသေးရဲ့ လား"ဟု ဝမ်းနည်းပက်လက်နှင့် ငိုမဲ့မဲ့ပြောလေ သည်။

ခေါင်းရင်းခန်းတွင် ကုပ်၍ ထိုင်နေရှာသော အဘိုးကြီးက ၎င်းသားအမိတစ်စုကို ကြည့်၍ မဲ့လိုက် သည်ကို ကျွန်ုပ်မြင်လိုက်သဖြင့် ၎င်းသားအတွက် အိမ် တွင် ရှေးရိုးအဘိုးကြီးက တစ်ဖက်၊ ခေတ်ဆန်သော သားအမိတို့ကတစ်ဖက်ဖြစ်နေကြသည်ကို ကျွန်ုပ် ရိပ်မိလိုက်လေ၏။

ကျွန်ုပ်မှာလည်း ခေါင်းက မျက်နှာသုတ်ပဝါကို ခပ်အုပ်အုပ်ပတ်ကာ သားရေအိတ်ကို အိမ်ပေါ်တွင် ချ၍ အမှတ်မဲ့ထွက်သွားမည်ဟု လှည့်လိုက်ရာ အမယ်ကြီးကမြင်၍

"ဟဲ့- ကူလီခပေးကြဦးလေ"ဟု ဆိုမှ မောင်သောင်းသည် ပိုက်ဆံနှိုက်ကာ "အို ဟုတ်ပါရဲ့၊ ဟောဒီဆရာကြီးရှိလို့၊ နို့မဟုတ်ရင်အခက်ပဲ"ဆိုပြီး ပိုက်ဆံတစ်မူး ကျွန်ုပ်အား ပေးလေသည်၊ ကျွန်ုပ်က "အို-နေပါစေ၊ ကျုပ်လည်း ခရီးကြုံတာနဲ့ ကူဆွဲလာ တာပါ၊ နေပါစေ" ဆိုပြီးထွက်ခဲ့၏။ ထိုအခါ အစ်မကြီး ဆိုသူက "အို-ဒီမှာဦးကြီးရဲ့ (ထိုအခါ ကျွန်ုပ်က ပြုံး၍ ပြန်လှည့်ကြည့်လိုက်ရာ) ဟာ-ဟုတ်ပေါင် မောင်ကြီး ရဲ့၊ ဟာ-ဟုတ်ပေါင် ဒီမှာ ကိုဟိုဒင်းရဲ့၊ ပိုက်ဆံယူသွား ပါလေ"ဟုဆိုကာ ပိုက်ဆံလိုက်၍ပေး၏။ ကျွန်ုပ်ကား လွတ်အောင် သုတ်သုတ်ထွက်ခဲ့၏။

ထိုအခါ ညီမငယ်က ရယ်၍ "မမက လောလိုက် တာ၊ ဦးကြီးရဲ့တဲ့၊ လူကြည့်တော့ဖြင့် မမနဲ့ရွယ် တူလောက်ရှိတယ်၊ ပြီးတော့ ကိုဟိုဒင်းတဲ့၊ ဟိုက ပြုံးသွားတာမြင်လိုက်ကဲ့လား" ဆိုသည်တွင် အစ်မ ကြီးက "ဘာလဲ ကောင်မလေးက တော်တော်ရှင်၊ နင်တယ်ထတယ်" ဟု ကြိမ်းမောင်းသံကို သဲ့သဲ့ ကြားလိုက်ရလေ၏။

ကျွန်ုပ်၏ သူငယ်ချင်း ဆရာကြီးအိမ်သို့ရောက်၊ ညစာစား၊ နောက်နေ့ကျောင်းစစ်ရ၏။ ၎င်းညနေ တွင် ဆရာကြီးက ကျောင်းဥက္ကဋ္ဌအိမ်တွင် ထမင်း စားဖိတ်ထားကြောင်း အခြားကော်မတီ သုံးလေး ယောက်ကိုလည်း ဖိတ်ထားကြောင်းပြောဆို၍ နှစ်ယောက်သား ရေမိုးချိုး အဝတ်အစားလဲကာ ထွက်ခဲ့ကြ၏။

ကျွန်ုပ်မှာ ယခုသော် ပိုးသားလုံချည် အင်္ကျီနှင့် တကွ ခေါင်းပေါင်းပေါင်း၍ အတန် သပ်သပ်ရပ်ရပ် ရှိသွားလေ၏၊ ယခုအနေ မောင်သောင်းသာမြင်ရပါ လျှင် "ကူလီ" ငှားရန် အားနာဖွယ်ရှိ၏။

လာခဲ့ကြရာ မောင်သောင်းတို့အိမ်လမ်းသို့ ရောက်လေသဖြင့် ထိတ်ခနဲဖြစ်သွား၏၊ စိတ်မလုံ သည်နှင့် "အခုသွားမှာ ဘယ်အိမ်ကိုလဲ"ဟု ဆရာ ကြီးအားမေးရာ ခပ်လှမ်းလှမ်းရှိ မောင်သောင်းတို့ အိမ်ကိုပင် ပြလေသတည်း၊ ကျွန်ုပ်က "ဟိုက်-ခွကျ ကုန်ပြီ"ဟု လွတ်ခနဲဆိုမိ၏။ ဆရာကြီးကကြည့်၍ "ဟော့လူ ဘာဖြစ်တာလဲမင်း"

"ဟာ-ဘာမှမဖြစ်ပါဘူး၊ သွားသာသွားပါ ကွယ်" ဆို၍ ဘာဖြစ်ဖြစ်ဟု စိတ်တင်း၍ လိုက်ခဲ့ရ ၏။

အိမ်သို့ရောက်ကြလျှင် လှမ်းကြည့်လိုက်ရာ မောင်သောင်းကို ရုတ်တရက်မြင်လိုက်ရ၏။ မောင်သောင်းသည် ကျွန်ုပ်ကိုမှတ်မိပုံရ၏။ ရုတ်တရက် အခန်းတွင်းသို့ ခပ်သုတ်သုတ်ဝင်သွား လေ၏။ မောင်သောင်း၏ အမိ၊ အဖ၊ အစ်မ စသည် တို့ကား ကျွန်ုပ်ကို မှတ်မိပုံမရချေ။ ကျွန်ုပ် "ကူလီ" ဘဝနှင့် ရောက်စဉ်က အဝတ်အစား ညစ်ထပ်ထပ် နှင့် မျက်နှာကို မျက်နှာသုတ်ပဝါဖြင့် ခပ်အုပ်အုပ် ပတ်စည်းထားသောကြောင့် လည်းကောင်း၊ အိမ်သားအားလုံးတို့မှာ မောင်သောင်းကိုသာ ဝိုင်း၍ ဂရုစိုက်ကြသောကြောင့်လည်းကောင်း ကျွန်ုပ်ကို မမှတ်မိခြင်းဖြစ်ရ၏။

(ဆက်လက်ဖော်ပြပါမည်)

## ဒုတိယအဆင့်ဆောက်လုပ်သည့် တိုက်များမှ ငွေပေးသွင်းပြီးသည့် မြေညီထပ်နှင့် ပထမထပ်တို့အား မဲနှိုက်နေရာချထားပေးခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၄**

နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူ ကြီးကြပ်ဆောက်လုပ်သော နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား - တောင်ညိုလမ်း (မြို့မဈေးအနီး ) တည်ဆောက်နေသော သုခတော်ဝင်အိမ်ရာတွင် ဒုတိယအဆင့် ဆောက်လုပ်ပြီးစီးသည့် တိုက်ခန်းများ အနက်မှ မြေညီထပ် အခန်း ၆၀ နှင့် ပထမထပ် ၁၅ ခန်း စုစုပေါင်း ၇၅ ခန်းအတွက် ငွေပေးသွင်းပြီးသူ ၇၅ ဦးတို့အား မဲနှိုက်နေရာချထားခြင်း အခမ်းအနား ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် စည်ပင် သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာ ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ သုခတော်ဝင်အိမ်ရာ တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ သက်ဆိုင်ရာ တာဝန်ရှိ သူများ၊ ငွေပေးသွင်းပြီးသော တိုက်ခန်းလျှောက်ထား သူများနှင့် လေ့လာသူဧည့်ပရိသတ်များ တက်ရောက် ကြသည်။

အခမ်းအနားတွင် သုခတော်ဝင်အိမ်ရာ တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တာဝန်ရှိသူများက တိုက်ခန်း ဝယ်ယူထားသူများကို တိုက်ခန်းများ တစ်ဦးချင်း မဲနှိုက်နေရာချထားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






ဆရာကြီး ကာတွန်းမောင်စိန်၏ နံရံပေါ်မှ ရုပ်ပြောင်များ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။ စာတည်း

## အနုပညာ

# ကောလာဟလတွေကို ချေဖျက်လိုက်တဲ့ ယူဂျန်ယိုး နဲ့ ဟေရီ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ယူဂျန်ယိုးနဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Girl's Day ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟေရီတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလိုသတင်းတွေ ပေါ်ထွက်လာချိန်မှာပင် သူတို့နှစ်ဦး အတူတွေ့ဆုံခဲ့ကြပုံတွေ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပေါ်ထွက်ခဲ့တာကြောင့် ကောလာဟလတွေ ပျက်ပျယ်ခဲ့ရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟေရီဟာ Roommates With A Gumiho လို့အမည်ရတဲ့ ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါ ဇာတ်လမ်းတွဲမှာ သူနဲ့အတူ ပါဝင်သရုပ်ဆောင်တဲ့ မင်းသား ကန်ဂျီယောင်းနဲ့ အတော်လေးလိုက်ဖက်ညီတာကို တွေ့ရပါတယ်။ သူတို့နှစ်ဦးရဲ့ သရုပ်ဆောင်မှုတွေ သဘာဝကျလွန်းတာကြောင့် ဟေရီအနေနဲ့ ကန်ဂျီယောင်းနဲ့ ချစ်သူတွေဖြစ်နေကာ ယူဂျန်ယိုးနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်လာခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါ ကောလာဟလတွေ မမှန်ကန်ကြောင်း ဟေရီနဲ့ ယူဂျန်ယိုးတို့ တိတ်တဆိတ် တွေ့ဆုံခဲ့ကြတဲ့ ဓာတ်ပုံတွေက သက်သေပင် ဖြစ်ပါတယ်။

ဟေရီနဲ့ ယူဂျန်ယိုးတို့ဟာ ၂၀၁၇ ခုနှစ်အတွင်း ချစ်သူတွေဖြစ်နေကြောင်း တရားဝင် ထုတ်ဖော်ပြောကြားခဲ့ကြတာ ဖြစ်ပါတယ်။ လက်ရှိမှာ ချစ်သူသက်တမ်း လေးနှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ကာ လက်ရှိအချိန်အထိ သူတို့နှစ်ဦးအကြား ဆက်ဆံရေးကောင်းမွန်နေဆဲ ဖြစ်တယ်လို့လည်း သိရပါတယ်။

# လေဒီဂါဂါရဲ့ နယ်လှည့်ဖျော်ဖြေပွဲ ရွှေ့ဆိုင်း

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လေဒီဂါဂါရဲ့ Chromatica Ball နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်မယ့်ရက်ကို ထပ်မံရွှေ့ဆိုင်းလိုက်ပြီဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းခဲ့ကာ လတ်တလောမှာလည်း အဆိုပါ ကပ်ရောဂါကြောင့်ပင် ဖျော်ဖြေပွဲပြုလုပ်မယ့်ရက်ကို ၂၀၂၂ ခုနှစ်အတွင်းသို့ ထပ်မံရွှေ့ဆိုင်းခဲ့တာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၂၀ ပြည့်နှစ်အတွင်း ထွက်ရှိခဲ့တဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်အတွက် ရည်ရွယ်ပြုလုပ်မယ့် Chromatica Ball နယ်လှည့်ဖျော်ဖြေပွဲတွေကျင်းပမယ့်ရက်တွေ ရွှေ့ဆိုင်းကြောင်း လတ်တလောမှာ ကြေညာခဲ့တာပါ။ အဆိုပါ ဖျော်ဖြေပွဲတွေကို ကမ္ဘာတစ်ဝန်း ပြုလုပ်သွားမှာဖြစ်ပြီး ဖျော်ဖြေပွဲပြုလုပ်မယ့်နေရာတွေထဲမှာ လန်ဒန်မြောက်ပိုင်းမှာရှိတဲ့ စပါးအသင်းပိုင် ဘောလုံးကွင်း၊ ပဲရစ်နဲ့ မြောက်အမေရိကတို့မှာလည်း ကျင်းပမယ့်ပွဲတွေ ပါဝင်နေပြီး အဲဒီနေရာတွေမှာ ဖျော်ဖြေပွဲကျင်းပမယ့်ရက်တွေကို ရွှေ့ဆိုင်းကြောင်းလည်း ကြေညာပါတယ်။

ဖျော်ဖြေပွဲပြုလုပ်မယ့် ရက်အတိအကျကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပါဘူး။ ဒါပေမယ့် လက်ရှိမှာ ဝယ်ယူခဲ့ပြီးဖြစ်တဲ့ လက်မှတ်တွေကို ဖျော်ဖြေပွဲပြုလုပ်မယ့်အချိန်မှာ အသုံးပြုလို့ရမှာလည်း ဖြစ်ပါတယ်။

Chromatica Ball ဖျော်ဖြေပွဲတွေကို ကနဦးက ၂၀၂၀ ပြည့်နှစ်အတွင်းမှာပင် ကျင်းပဖို့ရာ စီစဉ်ခဲ့ပြီး အဲဒီနောက်မှာ ၂၀၂၁ ခုနှစ် နွေရာသီကို ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ပါတယ်။ အဲဒီနောက် ဒုတိယအကြိမ်အဖြစ် ၂၀၂၂ ခုနှစ် နွေရာသီသို့ ရွှေ့ဆိုင်းလိုက်ကြောင်း ထပ်မံကြေညာခဲ့တာလည်း ဖြစ်ပါတယ်။




**❋ ONE Championship မှ**

ONE Championship အဖွဲ့အစည်းအနေဖြင့် ပါဝင်မည့်တွဲဆိုင်းများကို ပြိုင်ပွဲမစမီ တစ်လအတွင်း ထုတ်ပြန်မည်ဖြစ်သည်။

**ယှဉ်ပြိုင်ခဲ့**

ONE Championship အဖွဲ့အစည်းက ပြုလုပ်နေသည့် MMA ပွဲစဉ်များတွင် မြန်မာကစားသမားများလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ယခုနှစ်အတွင်းပြုလုပ်သည့် ပြိုင်ပွဲများအနက် ဖေဖော်ဝါရီ ၅ ရက်တွင် ပြုလုပ်သည့်ပြိုင်ပွဲ၌ ထီရယ်လ်ထန်၊ ဧပြီ ၂၉ ရက်တွင် ပြုလုပ်သည့်ပြိုင်ပွဲ၌ အောင်လအန်ဆန်တို့ ယှဉ်ပြိုင်ခဲ့သည်။ အောင်လအန်ဆန်သည် ၎င်းရရှိထားသည့် ချန်ပီယံခါးပတ်များကို လက်လွှတ်ထားရသောကြောင့် ယခုနှစ်အတွင်း မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်နိုင်ရန် စိန်ခေါ်ပွဲများ ပြန်လည်ထိုးသတ်ရန် ကြိုးပမ်းလျက်ရှိပြီး ယခုနှစ်အတွင်း အနည်းဆုံးတစ်ပွဲ ထပ်မံထိုးသတ်ရဖွယ်ရှိနေသည်။

ကိုညီလေး

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲ၊ ဓာတ်အား ဖြန့်ဖြူးရေးဌာနမှ လုပ်ငန်း (၇) ခု အတွက် လိုအပ်သော 14 M High Strength Concrete Pole (Circular Pole) (430) Pole အားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၇.၆.၂၀၂၁) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၇.၇.၂၀၂၁)ရက်နေ့၊(၁၄း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၀၆ ဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

**❖ စံပြငါးဈေးမှ**

အရောင်းအဝယ်ဦးမော့နေသော စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ သတ်မှတ်စည်းကမ်းနှင့်အညီ သွားလာရောင်းဝယ်ရန် လိုအပ်လာခြင်းဖြစ်သည်။

"ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေချိန်မှာ ရန်ကုန်မြို့အနေနဲ့ ရေထွက်ကုန်ကို နိုင်ငံတစ်ဝန်း စီးဆင်းမှုရှိနေတာဟာ ဝမ်းသာစရာပါ။ ကမ္ဘာ့ကပ်ရောဂါစဖြစ်တော့ အားလုံးသတိရှိရှိနဲ့ နိုးနိုးကြားကြားနေခဲ့ကြပေမယ့် ဒုတိယလှိုင်းမှာ စည်းကမ်းလိုက်နာမှု လျော့လာပြီးတော့ အခုချိန်ဆိုရင် ဈေးရုံထဲမှာ နှာခေါင်းစည်းတပ်တဲ့သူနည်းသွားပြီ။ စီးပွားရေးအဆင်ပြေအောင် နိုင်ငံတော်က ဆောင်ရွက်ပေးချိန်မှာ ကျွန်တော်တို့တစ်တွေလည်း ကိုယ်စီအသိစိတ်နဲ့ ကျန်းမာရေးသတိအမြဲရှိဖို့လိုပါတယ်။ တစ်ဦး၊ တစ်ဖွဲ့တည်းနဲ့မရဘူး၊ အားလုံးစည်းကမ်းလိုက်နာဖို့လိုတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကို အထူးသတိပြုလိုက်နာဖို့ လိုအပ်ပါတယ်"ဟု ရွှေပိတောက်ငါးဈေးမှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မွေးမြူရေးနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့မှ စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးတို့သို့ ရေထွက်ကုန်များ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး မိုးရာသီသို့ ရောက်ရှိလာသောကြောင့် ပင်လယ်ပြင်ငါးဖမ်းရာသီ ရပ်နားတော့မည်ဖြစ်ရာ ရေချိုကုန်ပစ္စည်းမျိုးစုံ ပြည်တွင်းဈေးကွက်အတွင်း ပိုမိုနေရာယူလာမည်ဖြစ်သည်။ ငါးဈေးအတွင်းသို့ နယ်မှဝင်ရောက်သောရေထွက်ကုန်နှင့် ရန်ကုန်မြို့မှ မြို့နယ်အသီးသီးသို့ နေ့စဉ်ဖြန့်ချိသည့် လက်လီ၊ လက်ကားရောင်းဝယ်သူများအနေဖြင့် ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းနှင့်အညီ ရောင်းဝယ်၊ သွားလာရာတွင် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ မျက်နှာအကာတပ်ဆင်၍ သွားလာခြင်းဖြင့် လက်ရှိဖြစ်ပွားနေသော ကမ္ဘာ့ကပ်ရောဂါကို အထူးသတိပြု ကာကွယ်၊ ထိန်းချုပ်နိုင်မည်ဖြစ်သည်။

မိုးရာသီသို့ဝင်ရောက်လာပြီဖြစ်ရာ ငါးဈေးအတွင်းတင်ကျန်နေသောရေဆိုးများ လှိုင်မြစ်အတွင်း စီးဆင်းနိုင်ရန် ရေစီးရေလာကောင်းမွန်မှုနှင့် စွန့်ပစ်အမှိုက်များ စည်းကမ်းတကျထားရှိခြင်းဖြင့် အနံ့အသက်များ လျော့နည်းမည်ဖြစ်သည်။ ငါးဈေးသန့်ရှင်းသာယာလှပမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုသည် စားသုံးသူနှင့် ကုန်စည်စီးဆင်းမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိရာ စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးတို့၌ အရောင်းအဝယ်ပြုရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကို အထူးသတိပြုလိုက်နာရန် လိုအပ်လာကြောင်း သိရသည်။

သတင်း - ညိမ်းသူ
ဓာတ်ပုံ - ကနူး

**"ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄- သမိုင်း၊ မြေကွက်အမှတ်-၁၁။ ဧရိယာ ၃.၇၃၃ ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ၂.၀၀ ဧကရှိ မြေကွက်အစိတ်အပိုင်း (အရှေ့လားသော်-မြေကွက်အမှတ်-၁၁။ အနောက်လားသော်-မင်းဓမ္မလမ်း၊ တောင်ဘက်လားသော်၊ မြေကွက်အမှတ်-၁၂ နှင့်၂၂။ မြောက်ဘက်လားသော် မြေကွက်အမှတ်-၉ နှင့် ၁၀ အကြားရှိပါသည်။)နှင့်စပ်လျဉ်း၍ ဦးညိုအောင် [၈/တလန(နိုင်)၀၁၈၅၂၃]နှင့်အများသိစေရန်ကြေညာချက်။"**

အထက်ဖော်ပြပါ မြေချိန်ဧရိယာ ၂.၀၀ ဧကရှိ မြေကွက်အစိတ်အပိုင်းသည် ဒေါ်မြကြည်ထံမှ ဦးညိုအောင်က တရားရုံးဒီကရီအရ ပိုင်ဆိုင်ခဲ့ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံလျက် လွှဲပြောင်းရောင်းချခဲ့သဖြင့် ကျွန်ုပ်၏အမှုသည် ဦးရန်အောင်က တန်ဖိုးငွေအပြည့်နီးပါးပေးချေဝယ်ယူထားသည့်မြေကွက်ဖြစ်ပြီး ဦးရန်အောင်က တရားဝင်ပိုင်ဆိုင်ခွင့်ရရှိရေးနှင့် မြေပေါ်၌တရားမဝင်နေထိုင်သူများကို ဥပဒေအရဖယ်ရှားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေစဉ် ရောင်းချသူ ဦးညိုအောင်ကို အမျိုးမျိုးဆက်သွယ်သော်လည်း ဆက်သွယ်၍မရသဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေစဉ်အတွင်း ဖော်ပြပါ မြေကွက်အစိတ်အပိုင်းကို ကျွန်ုပ်အမှုသည်၏သဘောတူခွင့်ပြုချက်၊ တစ်စုံတစ်ရာမရှိဘဲ မည်သူမျှလွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်းမပြုလုပ်ကြပါရန်နှင့် ကျွန်ုပ်အမှုသည်က တရားဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်၊ လက်ရောက်ရပိုင်ခွင့်ကို ရရှိစေရန် ဥပဒေပြဋ္ဌာန်းထားချက်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**အမှုသည် ဦးရန်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**


| | | |
|---|---|---|
| ဒေါ်ဖြိုးဝတ်ရည်သင်း | ဦးမောင်မောင် | ဦးကောင်းသက်ကြိုင် |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၅၀၄၃၈) | (စဉ်-၃၄၇၃) | (စဉ်-၄၈၁၅၈) |

**ABEL & Partners LLP**

**ရုံးအမှတ်-၁၄၂/၁၄၄၊ ၃- လွှာ(ယာ)၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိနယာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန်နှိုးဆော်ခြင်း

















## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြသီး(မော်လမြိုင်)
**နိုင်ငံခြား သစ်ကိုယ်စားလှယ်**
**အသက်(၈၈)နှစ်**

ဖခင်သဖွယ် လေးစားရပါသော အန်ကယ် ဦးမြသီးသည် ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၉၉-D/3)သည် ၃-၆-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းကို-ဒေါ်မာလာလှိုင်**
**ဝင်းမာလာအောင်ကုမ္ပဏီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီဦးကျော်ဝင်း
**ပုဗ္ဗာဝတီဘုန်းဆွေ စာရေးဆရာအမှတ်(၀၀၁၉)**
**ကျန်းမာရေးမှူး(ငြိမ်း)**
**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၂၁၄)၊ သုံးလွှာနေ ဒေါ်ဘေဘီမြင့် (ရွှေဘိုသီရိမာလာ)၏ခင်ပွန်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ၊ မွတ်စလင်ကျောင်းသူ/ကျောင်းသားများအဖွဲ့ (ဟောင်း)၊ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဟာဂျီဦးကျော်ဝင်းသည် ၂၆-၄-၂၀၂၁ရက်တွင် အလ္လာဟ် အမိန့်တော်ခံယူသွားခြင်း အပေါ် မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။

**ဗ၊ မ၊ က၊ သ(ဟောင်း)များအဖွဲ့(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ကြည်
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၁၃၃)၊ အနောက်ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်နေ ဒေါ်အေမီကြည်ကြည်ဆွေ၏ခင်ပွန်း၊ မိုးဆန်း၊ ခင်ညိုပိုင်းတို့၏ ချစ်လှစွာသောဖခင် ဦးခင်မောင်ကြည်သည် ၄-၆-၂၀၂၁ (သောကြာနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဖိုးဇော်-နေဝါ**
**မောင်မျိုး-မအိ**
**သန်းထိုက်လင်း-ပုံ့ပုံ့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ညွန့်သန်း(မြောင်းမြ)
**အသက်(၇၇)နှစ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)(ဟိုတယ်/ခရီး)**

ရန်ကုန်မြို့၊ အမှတ်(၂၆)၊ (၂၉)လမ်းနေ ဦးလှထွန်း (ညွှန်မှူး-ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)၏ ချစ်လှစွာသောဇနီး ဒေါ်ညွန့်ညွန့်သန်းသည် ၂-၆-၂၀၂၁ ရက် ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးဌာန**
**ဝန်ထမ်းဟောင်းများ**

## ဒေါ်ခင်ခင်လှ
**ဦးစီးအရာရှိ(ငြိမ်း)၊ ပ-၃၇၁၇ ထွေ/အုပ် ရုံးချုပ်(ငြိမ်း)**
**အသက် (၇၀)**

အမှတ် (၁/၃)၊ (၁၂၉)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစိန်ထွန်း-ဒေါ်လှရင်)တို့၏သမီး (ဦးအောင်မြင့်-ဒေါ်မြသန်း)တို့၏သမီးချွေးမ၊ ဦးညွန့်ထွန်း-ဒေါ်စပယ်တို့၏ညီမ၊ ဒေါ်ဖြူဖြူဝင်း၏ အစ်မ၊ ကိုပိုင်သက်ကျော်-မမြတ်မြတ်မိုးဦးတို့၏မိခင်၊ ကိုစိုင်းအောင်ပြည့်၏အဒေါ်၊ မောင်ချမ်းမြေ့၏အဘွား၊ ဦးသိမ်းဌေး [မြို့နယ်အုပ်ချုပ်ရေးမှူး၊ ညောင်လေးပင်-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ခင်လှသည် ၄-၆-၂၀၂၁ (သောကြာနေ့) နံနက် ၅:၂၅ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒေါက်တာခင်မောင်ရင်
**အသက်(၆၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ (ဝဏ္ဏကျော်ထင် ဦးလှမောင်-ဒေါ်လေးငယ်)တို့၏သား၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်နေ(ဦးသန်းချို- ဒေါ်ကျင်တီ)တို့၏ သားသမက်၊ ဦးသန်းထွန်း-ဒေါ်ခင်စန်းနွယ်၊ ဦးလှမြင့်-ဒေါ်တင်တင်နွယ်တို့၏ ညီ/မောင်၊ ဦးခင်မောင်ဇော်-ဒေါ်ညိုညိုမာတို့၏ အစ်ကို၊ ဦးညာဏ်လင်းထွန်း၊ ဒေါက်တာသီရိကျော်၊ ဦးနန္ဒနေလင်း-ဒေါ်ရတနာကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၆-၂၀၂၁ (ကြာသပတေးနေ့) ည ၉:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၅-၆-၂၀၂၁ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ ဘုရင့်နောင်လမ်း၊ အမှတ်(ခ/၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မြစ်ကြီးနားအသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံ**
## ဒူဂျန်ဒေါ်အုန်းရီ
**အသက်(၉၅)နှစ်**

သထုံမြို့နေ (ဦးသိန်းမောင်-ဒေါ်သင်းရွှေ)တို့၏သမီး၊ အငြိမ်းစား ကချင်ပြည်နယ်ဥက္ကဋ္ဌ (ဆမားဒူးဝါဆင်ဝါးနောင်)၏ဇနီး၊ Dr.ဆမားဂွမ်ဆိုင်းလီ-Dr.ခင်စိန်ရင်(USA)၊ [ဒေါ်ဆမားဂျာရော် (မြန်မာ့အာမခံလုပ်ငန်း)]၊ အငြိမ်းစား Capt. ဆမားဂွမ်ဂျာနော်(Merchant Marine)၊ (ဆမားလအောင်)၊ ဆမားတူးခေါင်(USA)၊ Dr.ဆမားဂျာလင်-Robert Berg(USA)တို့၏ မွေးသမိခင်၊ James Htin Myat Win, JD(USA)၊ Dr.Julia Aye Mon Win(USA)၊ မောင်ကျော်ခိုင်(ILBC) တို့၏အဘွား ဒူဂျန်ဒေါ်အုန်းရီသည် ၄-၆-၂၀၂၁(သောကြာနေ့)တွင် ရန်ကုန်မြို့၊ Central Tower၊ အခန်း(၁၂၀၄)၊ (၃၉)လမ်း(အလယ်ဘလောက်) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၂၁(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
သာရေး/နာရေးကော်မတီ
မြစ်ကြီးနားအသင်း၊ ရန်ကုန်

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ဆက်ကိုး အသက်(၉၀)

ကောလင်းမြို့နေ ဦးဝင်းမြင့်-ဒေါ်ကျင်ကျင် (အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ မန္တလေးမြို့နေ (ဦးလှရွှေ)-ဒေါ်မြင့်မြင့်ကြူ (ရွှေရုပ်လွှာအထည်ဆိုင်)၊ (ဒေါ်ရီရီကြူ)၊ ထိုင်ဝမ်နေ ဦးရမ့်စန်းချွမ်း-ဒေါ်စိန်စိန်ကြူ၊ မန္တလေးမြို့နေ ဦးဝင်းမြင့်-ဒေါ်ထွန်းထွန်းကြူ (ဘုရင်မ အထည်အလိပ်လုပ်ငန်း)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သုဓမ္မမဏိဇောတဓရ ဦးစိုးသန်းထွန်း (လူမှုထူးချွန်-တတိယဆင့်)-ဒေါ်ခင်မေသန်း (ပွင့်သစ်စမ်း စားသောက်ဆိုင်မိသားစု)၊ ဦးရဲကျော်စွာ-ဒေါ်သီတာ(Queen Karaoke)တို့၏မိခင်ကြီး ဒေါ်ဆက်ကိုးသည် ၃-၆-၂၀၂၁ (ကြာသပတေးနေ့) ည ၈:၁၅ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ အမှတ် (၅၂၀-A3/A4)၊ ကမ္ဘာအေးဘုရားလမ်း နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၆-၂၀၂၁ ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေး ယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဓမ္မမိတ်ဆွေများကို ကျန်ရစ်သူသား၊ သမီး၊ မြေး၊ မြစ်မိသားစုတို့က ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ယဉ်မြင့်
**အသက်(၇၅)နှစ်**
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက(၁) ဟင်္သာတ၊ အထက(၃) ဒဂုံ၊ အထက(၂) စမ်းချောင်း**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဋ္ဌိလ (၄)လမ်း၊ အမှတ်(၈၄၆)နေ (ဦးဟန်ထွန်း-ဒေါ်စောရှင်)တို့၏ သမီး၊ ဦးဇော်ဝင်း(မြန်မာ့မီးရထား-ငြိမ်း)၏ဇနီး၊ ဦးလှမျိုးကျော်(ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)-ဒေါက်တာမေဇော်၊ ဒေါက်တာလင်းဝင်းကျော်-ဒေါ်နွဲ့ဇော်တို့၏ မွေးသမိခင်၊ မောင်မျိုးကျော်ထွဋ်၊ မောင်မျိုးဇော်မြတ်၊ မဆုလင်းထက်တို့၏အဘွား ဒေါ်ယဉ်မြင့်သည် ၄-၆-၂၀၂၁ရက် နံနက် ၂နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ယုယုစိန်(ခ)ဒေါ်ခင်ခင်ယု(Yulene)
**အသက် (၇၃)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နေ (ဦးစိန်-ဒေါ်ပု)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးလှရွှေ-ဒေါ်တင်နွဲ့)တို့၏သမီးချွေးမ၊ ဦးမောင်မောင်ရွှေ(ခ) ကက်နက်လှရွှေ၏ ချစ်လှစွာသောဇနီး၊ ဒေါ်နှင်းဝတ်ရည်-ဦးဝဏ္ဏအောင်၊ ဦးနေအောင်ကျော်၊ ဒေါက်တာမေမွန်ဦး-ဒေါက်တာဘုန်းမြင့်ကျော်တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မောင်လင်းခန့်အောင်၊ မောင်ဝေယံအောင်၊ မောင်စက္ကလင်းရောင်တို့၏ ချစ်လှစွာ သောအဘွားသည် ၃-၆-၂၀၂၁(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၂၁(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၄၅/B၊ စံပယ်လမ်း၊ ချမ်းသာရွှေပြည်အိမ်ရာ၊ အရှေ့ဒဂုံ၊ ရန်ကုန်မြို့နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်ကြူကြူဝင်း (၇၁) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ် (၄၁/A)၊ လေးလွှာနေ (ဦးဖေမြင့်-ဒေါ်အေးကြည်) တို့၏သမီး၊ (ဦးငြိမ်း-ဒေါ်စိန်လှ)တို့၏သမီးချွေးမ၊ [ဦးပက်ထရစ်ငြိမ်း(ခ)ညီညီ] ၏ဇနီး၊ ဦးဆန်ဒီငြိမ်း၏ညီမ၊ ဦးဇင်ထွန်း-ဒေါ်အေးအေးငြိမ်းတို့၏အစ်မ၊ ကိုထိန်လင်း-မဝင်းစန္ဒာကြီး၊ ကိုအောင်ထွေးညွန့်-မနီနီဝင်းတို့၏မိခင်၊ မမေဖူးခိုင်၏ ချစ်လှစွာသောအဘွားသည် ၄-၆-၂၀၂၁(သောကြာနေ့) နံနက် ၅:၃၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၆-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မထက်ထက်အောင်(သန်လျင်)
**B.Sc (Chemistry)**
**အသက်(၃၃)နှစ်**

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်းသွယ်(၁)၊ အမှတ်(၁၁)နေ (ဦးကျော်သောင်း-ဒေါ်ခင်ရီ)တို့၏ မြေး၊ ဦးအောင်မိုး-ဒေါ်နုနုတင်တို့၏ သမီး၊ ဗိုလ်ကြီးအောင်ကိုကိုကျော်(ငြိမ်း) (ဇော်ထက်ပိုင်ဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်စိမ်းလဲ့ဝေတို့၏ အစ်မ၊ ဦးမြင့်စိုး-ဒေါ်မြင့်မြင့်ဦး၊ ဦးသန်းဝင်း(သတင်းထောက်-ခရိုင်ပြန်/ဆက်)-ဒေါ်ခင်စိန် (အလယ်တန်းပြ-အထက-၂သန်လျင်)၊ ဦးကျော်ကျော်စိုး (ခေတ္တ-မလေးရှား)တို့၏တူမသည် ၄-၆-၂၀၂၁ (သောကြာနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၂၁(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြသီး(မော်လမြိုင်)
**နိုင်ငံခြားသစ်ကိုယ်စားလှယ်**
**အသက်(၈၈)နှစ်**

(ဦးစံဦး-ဒေါ်စိန်ခင်)တို့၏သား၊ (ဦးသန့်ဇင်-ဒေါ်အမာငယ်)တို့၏သားသမက်၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၉၉ D/3)နေ (ဒေါ်သန်းလှ)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမျိုးသန်း)-ဒေါ်မြမြသန်း၊ ဦးလှိုင်ဒင်စိုး-ဒေါ်မြမြချို၊ ဦးညီညီစိုး-ဒေါ်စန္ဒာဇော်၊ ဦးမျိုးလွင်ဦး-ဒေါ်ခင်ငြိမ်းငြိမ်း၊ ဦးကိုကိုလေး-ဒေါ်ချိုမီမီအောင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဂုဏ်ရည်ကောင်းမြစ်၊ မကတ္တီပါမြမြစိုး၊ မမြကြည်သာဦး၊ မချောမြဟေသီ၊ မောင်ကောင်းမြသွင်ထူး၊ မောင်သတိုးသီဟဇော်၊ မမြအိန္ဒြေဦး၊ မသဇ္ဇာကိုကို၊ မမြကြည်ဖြူဦးတို့၏ အဘိုးသည် ၃-၆-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၂၁ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ကြည် (၇၈)နှစ်
**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ် (ငြိမ်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၁၃၃)၊ အနောက်ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်နေ (ဦးလှဖေ-ဒေါ်စံရွှေ)တို့၏ သား၊ (ဦးတင့်ဆွေ-ဒေါ်ထားရီ)တို့၏ သားသမက်၊ (ဦးခင်မောင်စီ)-ဒေါ်သိန်းလွင်၊ (ဒေါ်ခင်စောဝင်း)၊ (ဦးခင်မောင်ရီ)-ဒေါ်မြင့်မြင့်ကြည်တို့၏ ညီ/မောင်၊ ဒေါ်ခင်မျိုးဝင်း၊ ဦးစိန်မင်း-ဒေါ်ခင်ကြည်ဝင်းတို့၏အစ်ကို၊ ဒေါ်အေမီကြည်ကြည်ဆွေ(ISM)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးဆန်း (Australian Embassy-BKK)-ဒေါ်မိုးမိုးခိုင်၊ ဦးခွန် ရန်နောင်စိုး-ဒေါ်ခင်ညိုပိုင်း (MD.AEKAR Co., Ltd)တို့၏ ချစ်လှစွာသောဖခင်၊ မောင်သော်မိုးယံ (Biggie)၊ မနန်းစိုးနဒီပိုင်း(sakura)တို့၏ ချစ်လှစွာအဘိုးသည် ၄-၆-၂၀၂၁ (သောကြာနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၂၁ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၂၁ (ကြာသပတေးနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကျေးဇူးတင်လွှာ

၂၉-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားခဲ့သော မောင်သန်းဇော်ထက် (အထက-၁၊ ရန်ကင်းကျောင်းသားဟောင်း)၏ ကျန်ရစ်ခဲ့သော မိသားစုအတွက် ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း နှစ်သိမ့်အားပေးစကားပြောကြားပေးခဲ့သော ရပ်နီးရပ်ဝေးမှ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများအားလည်းကောင်း၊ နာရေးသို့လိုက်ပါပို့ဆောင်ခဲ့ကြသည့် မိတ်ဆွေများအားလည်းကောင်း၊ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပေးသော မိတ်ဆွေများအားလုံးနှင့် အစစအရာရာ ကူညီစောင့်ရှောက်ပေးသော ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်သန်းမြ(ပုလောမြို့)
**အသက်(၈၈)နှစ်**
**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**
**အသင်းဝင်အမှတ်-၂၁၄**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ ဦးရှင်ယူ၏ဇနီး၊ ဦးစူးဘော်(ဥက္ကဋ္ဌ-မြိတ်အဝေးရောက်အမှုဆောင်အဖွဲ့)-ဒေါ်မာလာရီတို့၏ မိခင်သည် ၃-၆-၂၀၂၁ (ကြာသပတေးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၂၁(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

**မူးယစ်ကို**
**ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

## ဦးအောင်ဝင်း
**အမှတ်(၂) သတ္တု (ငြိမ်း)**
**အသက် (၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးစိန်လှိုင်-ဒေါ်လှကြိုင်)တို့၏ သားကြီး၊ (ဦးတုတ်စွန်-ဒေါ်အေးမိ)တို့၏ သားသမက်၊ ဒေါ်သန်းသန်း(အထက်တန်းကျောင်းအုပ်-ငြိမ်း)၊ ဦးတင်အောင်(အခြေခံ ဦးစီး-ငြိမ်း)-ဒေါ်နုရီ(ပါမောက္ခ-ငြိမ်း) တို့၏ မောင်၊ ဦးကျော်ဝင်း-ဒေါ်စန်းမေ(မူလတန်းကျောင်းအုပ်-ငြိမ်း)တို့၏ အစ်ကို၊ ယုဇနဥယျာဉ်မြို့တော်၊ (စီ)ဘလောက်၊ (၃)လမ်း၊ တိုက် (၃၀)၊ အခန်း (၁၀၂)နေ ဒေါ်ဌေးဌေး (သမဦးစီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်ဝင်းသည် ၃-၆-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကျိုစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကြည်စိုး
**အသက်(၇၁)နှစ်**

အမှတ်(၃၅၆)၊ ကူးတို့ဆိပ်လမ်း၊ ကူးတို့ဆိပ်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့နေ (ဦးဝင်း)-ဒေါ်စောတင်တို့၏သား၊ ဦးသန်းကို-ဒေါ်တင်ရီ၊ ဦးလှမြင့်-ဒေါ်မာဂရက်တို့၏ မောင်/ညီ၊ ဦးအောင်မင်း-ဒေါ်ခင်အုန်းမြင့်တို့၏ အစ်ကို၊ ဒေါ်သင်းသင်းကြိုင်၏ ခင်ပွန်း၊ ကိုအာကာငြိမ်း-မနွေးနွေးကြည်စိုး၊ ကိုမင်းမင်းလွင်-မဆုမြတ်သွယ်စိုးတို့၏ ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၃-၆-၂၀၂၁ ရက် ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန္ဒာမွန်
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းနေ (ဦးရွှေဦး-ဦးထုပ်)-ဒေါ်ကြည်စန်းတို့၏သမီး၊ (ဦးစံနိမ်း)-ဒေါ်ရှိန်တို့၏ သမီးချွေးမ၊ ဦးဗညားနိုင်(I.C)၊ ဒေါ်သော်တာအေးတို့၏ညီမ၊ ဒေါ်ရတနာမွန်(ဆရာလေး ခေမာနန္ဒီ)၏ အစ်မ၊ အမှတ်(၁၆၈)၊ အခန်း(၄၀)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)နေ ဦးသိန်းစိုးဝင်း(ပြင်ဦးလွင်-ဧည့်ဂေဟာ)၏ ချစ်လှစွာသောဇနီး၊ မသက်ထားဝင်း၊ မောင်ရှင်းသန့်အောင်တို့၏ ချစ်လှစွာသောမိခင်၊ မောင်သော်ထွန်းနိုင်၏အဒေါ်သည် ၄-၆-၂၀၂၁(သောကြာနေ့) နံနက် ၁ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၂၁(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကျေးလက်နေတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးသော လက်ငင်းလိုအပ်ချက်ဖြစ်

နေပြည်တော် ဇွန် ၄

**တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး(၁/၂၀၂၁)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မိမိတို့နိုင်ငံသည် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✩




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး(၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

## စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးကြီးတို့တွင် ရောင်းသူဝယ်သူတို့ဖြင့် စည်ကားလျက်ရှိ



ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးသာမက နိုင်ငံတစ်ဝန်းသို့ရေထွက်ကုန်တင်ပို့နေသော စံပြငါးဈေးကြီးနှင့် ရွှေပိတောက်ငါးဈေးကြီးအတွင်း ရေထွက်ကုန် လက်လီ၊ လက်ကားရောင်းချသူနှင့် ဝယ်ယူသူတို့ဖြင့် စည်ကားလျက်ရှိသည်။

**အရောင်းအဝယ်အဆင်ပြေ**

ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းတွင် ပြည်တွင်း၊ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုရပ်ဆိုင်းခဲ့ရာ စီးပွားရေးအခက်အခဲအချို့ တွေ့ကြုံခဲ့ရပြီး ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းတွင် ရောဂါကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းနှင့်အတူ ကုန်စည်စီးဆင်းမှုကြောင့် ပြည်တွင်း ရေချို၊ ရေငန် ရေထွက်ကုန်ပစ္စည်းများ အရောင်းအဝယ်အဆင်ပြေခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်သည်။ ဒေသတွင်းနိုင်ငံအချို့၌ ကိုဗစ်-၁၉ ရောဂါ ပြန်လည်လှုပ်ခတ်လာမှုကြောင့် မြန်မာနိုင်ငံအနေဖြင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကို နိုင်ငံတော်မှ သတိမပြတ် ဆောင်ရွက်လျက်ရှိရာ နေ့စဉ်လူစည်ကားပြီး **စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❖

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ဂျပန်နိုင်ငံက COVAX အစီအစဉ်သို့ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ထပ်မံလှူဒါန်းမည်**

စာမျက်နှာ » ၁၃

**ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအပေါ် ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NLD ပါတီထောက်ခံသူ နိုင်ငံရေးအစွန်းရောက်သူ တစ်ဦးက လူမဆန်သည့် ပြောဆိုခြိမ်းခြောက်မှုများ ပြုလုပ်**

စာမျက်နှာ » ၁၅

**ပတ်ဝန်းကျင် ရေရှည်တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင် ထိန်းသိမ်းကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၁၈

**ဇွန် ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁၂ ဦး တွေ့ရှိ**

စာမျက်နှာ » ၂၁

**အချပ်ပို ၈ မျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

## ONE Championship အဖွဲ့အစည်းက ဇူလိုင်မှ ဒီဇင်ဘာအတွင်း MMA ပြိုင်ပွဲ ၁၂ ခု ကျင်းပရန် စီစဉ်

ရန်ကုန် ဇွန် ၄

အာရှနိုင်ငံများတွင် MMA ဘက်စုံကိုယ်ခံပညာသုံးပြိုင်ပွဲများ စီစဉ်ကျင်းပလျက်ရှိသည့် ONE Championship အဖွဲ့အစည်းသည် ဇူလိုင်မှ ဒီဇင်ဘာအတွင်း ပြိုင်ပွဲ ၁၂ ခု ထပ်မံကျင်းပရန် စီစဉ်လျက်ရှိသည်။

**ထပ်မံကျင်းပမည်**

ONE Championship အဖွဲ့အစည်းသည် ယခုနှစ်အတွင်း ပြိုင်ပွဲများ ကျင်းပလျက်ရှိသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြိုင်ပွဲအနည်းငယ်သာကျင်းပနိုင်သေးပြီး ဇန်နဝါရီမှ မေလအထိ ပြိုင်ပွဲ ၁၂ ခုသာ ကျင်းပနိုင်ခဲ့ကာ ယခုလတွင်လည်း ပြိုင်ပွဲတစ်ပွဲသာ ထပ်မံကျင်းပနိုင်မည်ဖြစ်သည်။

အာရှနိုင်ငံများတွင် ကပ်ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာသဖြင့် ONE Championship အဖွဲ့အစည်းအနေဖြင့် မေလကုန်ပိုင်းနှင့် ယခုလအတွင်း စီစဉ်ထားသည့် ပြိုင်ပွဲအချို့ကို ရွှေ့ဆိုင်း၊ ဖျက်သိမ်းခြင်းများပြုလုပ်ခဲ့ရသည်။ ONE Championship ၏ ထုတ်ပြန်မှုအရ ထပ်မံကျင်းပမည့် ပြိုင်ပွဲများကို ဇူလိုင် (၉၊ ၃၀)ရက်၊ ဩဂုတ်(၁၃၊ ၂၇)ရက်၊ စက်တင်ဘာ(၃၊ ၂၄)ရက်၊ အောက်တိုဘာ (၈၊ ၂၉)ရက်၊ နိုဝင်ဘာ (၁၂၊ ၂၆) ရက်၊ ဒီဇင်ဘာ(၁၀၊ ၃၁)ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ **စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ✳

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မြို့နယ် ၂၈ မြို့နယ်၌ မဲရုံပေါင်း ၄၁၄၄ ရုံ၊ မဲဆန္ဒရှင် စုစုပေါင်း ၃၉၅၁၆၃၇ ဦးရှိသည့်အနက် ၂၈၃၉၃၇၀ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၁.၈၅ ရာခိုင်နှုန်းရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၂၄ ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

- (က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
- (ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
- (ဂ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
- (ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
- (င) ကရင်ပြည်သူ့ပါတီ၊
- (စ) အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ၊
- (ဆ) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
- (ဇ) လမ်းပြကြယ်ပါတီ၊
- (ဈ) မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ၊
- (ည) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
- (ဋ) ခေတ်သစ်ပြည်သူ့ပါတီ၊
- (ဌ) ပြည်သူ့ပါတီ၊
- (ဍ) ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊
- (ဎ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
- (ဏ) ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊
- (တ) ပြည်သူ့အလုပ်သမားပါတီ၊
- (ထ) မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ၊
- (ဒ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊
- (ဓ) အမျိုးသားတိုးတက်ရေးပါတီ၊
- (န) အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ၊
- (ပ) ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၊
- (ဖ) မွန်ညီညွတ်ရေးပါတီ၊
- (ဗ) အရှိုချင်းအမျိုးသားပါတီ၊
- (ဘ) ကရင်အမျိုးသားပါတီ၊
- (မ) တစ်သီးပုဂ္ဂလ။

၃။ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၈ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၉၅၁၆၃၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၅၀၅၉၆၅ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၅၈၆၁၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၇၁၆၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၈၂၀၅၈ ဦးဖြစ်သည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂၈ မြို့နယ်တွင် မဲရုံပေါင်း ၄၁၄၄ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၄၂၁၈၂၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၈၀၁၈၈၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၁၉၉၃၇၊ မြေပြင်လက်ကျန် ၁၅၃၆၁၃၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၅၁၈၆၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၈၀၆၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝက စာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | တောင်ငူ | ၁၉၃ | ၁၉၉၉၀၂ | ၁၉၀၃၉၂ | ၂၅၈၇၃ | ၂၀၃၅ | ၂၃၃၇၆ |
| ၂ | ကျောက်ကြီး | ၁၄၆ | ၈၇၈၈၁ | ၅၇၄၆၄ | ၁၆၀၉၃ | ၆၅၉ | ၈၃၉၀ |
| ၃ | ရေတာရှည် | ၁၆၉ | ၁၆၇၀၂၀ | ၁၄၃၅၄၃ | ၃၈၆၆၉ | ၁၈၆၉ | ၁၈၉၆၀ |
| ၄ | အုတ်တွင်း | ၁၅၃ | ၁၃၂၃၆၈ | ၁၁၄၄၀၄ | ၂၃၈၄၀ | ၉၄၅၈ | ၁၅၄၃၀ |
| ၅ | ဖြူး | ၂၁၄ | ၂၁၀၆၈၈ | ၁၉၅၇၇၅ | ၄၂၁၈၉ | ၂၆၃၈ | ၂၆၂၃၈ |
| ၆ | ထန်းတပင် | ၉၄ | ၉၆၅၉၂ | ၈၁၇၇၆ | ၁၇၆၂၅ | ၇၃၅ | ၁၀၂၄၂ |
| ၇ | သဲကုန်း | ၁၉၆ | ၁၀၈၂၂၈ | ၁၁၈၆၄၄ | ၁၀၂၂၅ | ၈၈၀ | ၁၂၁၇၂ |
| ၈ | ရွှေတောင် | ၁၁၇ | ၁၀၅၁၂၂ | ၁၀၅၅၃၅ | ၁၃၁၉၃ | ၅၄၄ | ၉၂၉၈ |
| ၉ | ပေါင်းတည် | ၁၂၆ | ၁၁၁၇၅၉ | ၈၅၁၆၆ | ၁၂၈၀၂ | ၇၉၅ | ၁၂၀၈၈ |
| ၁၀ | ပေါက်ခေါင်း | ၂၁၂ | ၉၉၆၂၃ | ၇၄၀၂၈ | ၁၁၅၄၇ | ၆၆၃ | ၁၀၄၈၀ |
| ၁၁ | ပန်းတောင်း | ၁၃၅ | ၁၁၅၆၉၆ | ၁၁၇၄၈၈ | ၁၁၈၂၇ | ၇၁၅ | ၁၂၃၇၂ |
| ၁၂ | ကြို့ပင်ကောက် | ၉၄ | ၉၆၉၀၁ | ၈၆၇၁၈ | ၉၈၉၀ | ၆၇၈ | ၉၉၄၀ |
| ၁၃ | ညောင်လေးပင် | ၁၅၀ | ၁၆၄၃၇၅ | ၁၄၇၁၆၂ | ၂၇၁၃၄ | ၁၀၅၃ | ၁၅၇၉၂ |
| ၁၄ | နတ်တလင်း | ၁၄၇ | ၁၄၁၁၂၀ | ၁၂၃၅၅၆ | ၁၉၅၉၅ | ၁၄၄၈ | ၁၈၀၉၄ |
| ၁၅ | ဒိုက်ဦး | ၁၇၂ | ၁၆၁၈၁၁ | ၁၄၉၉၅၇ | ၄၁၅၅၈ | ၉၈၆ | ၁၄၆၀၈ |
| ၁၆ | ဝေါ | ၁၁၆ | ၁၅၁၀၅၀ | ၁၃၁၅၃၀ | ၂၈၆၉၄ | ၁၂၃၀ | ၁၅၃၀၆ |
| ၁၇ | ပဲခူး | ၂၀၆ | ၄၁၂၆၃၁ | ၃၄၈၂၄၃ | ၂၆၈၁၄၁ | ၂၁၁ | ၆၆၄၈ |
| ၁၈ | ဇီးကုန်း | ၅၅ | ၅၇၄၆၅ | ၄၉၁၄၃ | ၄၇၄၆ | ၃၄၈ | ၅၇၆၆ |
| ၁၉ | သာယာဝတီ | ၁၀၇ | ၁၂၅၈၂၀ | ၁၀၉၈၈၉ | ၂၁၁၁၁ | ၁၁၇၂ | ၁၄၃၀၈ |
| ၂၀ | မင်းလှ | ၁၁၇ | ၉၉၆၃၁ | ၉၅၂၉၇ | ၉၆၆၁ | ၉၆၆ | ၁၁၇၅၈ |
| ၂၁ | ပြည် | ၂၀၉ | ၁၉၆၇၆၉ | ၁၅၉၄၇၂ | ၁၇၈၉၅ | ၁၆၇၃ | ၂၁၇၁၀ |
| ၂၂ | ကျောက်တံခါး | ၂၁၁ | ၂၀၂၄၀၈ | ၁၇၃၅၁၀ | ၄၆၉၂၅ | ၁၇၀၄ | ၂၀၉၇၀ |
| ၂၃ | ရွှေကျင် | ၇၄ | ၇၇၁၃၇ | ၆၅၄၆၉ | ၁၄၁၃၈ | ၅၁၂ | ၇၂၉၂ |
| ၂၄ | သနပ်ပင် | ၉၁ | ၁၂၃၅၇၂ | ၁၀၅၈၁၁ | ၃၃၈၉၀ | ၇၂၁ | ၁၀၅၃၄ |
| ၂၅ | ကဝ | ၁၆၉ | ၁၅၈၆၅၉ | ၁၅၇၂၈၇ | ၃၁၃၄၁ | ၁၀၂၅ | ၁၄၆၅၄ |
| ၂၆ | လက်ပံတန်း | ၁၇၆ | ၁၃၈၄၆၂ | ၁၂၈၁၃၄ | ၂၁၂၄၉ | ၁၁၂၀ | ၁၄၇၂၄ |
| ၂၇ | အုတ်ဖို | ၁၂၆ | ၁၀၄၁၂၇ | ၁၀၆၂၆၅ | ၁၆၇၀၄ | ၅၄၅ | ၉၇၈၂ |
| ၂၈ | မိုးညို | ၁၆၉ | ၁၀၄၈၂၀ | ၈၄၃၀၇ | ၂၂၀၅၆ | ၇၇၉ | ၁၁၁၂၆ |
| | စုစုပေါင်း | ၄၁၄၄ | ၃၉၅၁၆၃၇ | ၃၅၀၅၉၆၅ | ၈၅၈၆၁၁ | ၃၇၁၆၂ | ၃၈၂၀၅၈ |

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တောင်ငူ | ၁၉၃ | ၂၂၀၇၀၀ | ၁၄၅၀၇၄ | ၇၅၆၂၆ | ၇၄၃၄၁ | ၄၆၀၂ | ၃၃၁၇ |
| ၂ | ကျောက်ကြီး | ၁၄၆ | ၁၀၂၀၀၀ | ၅၉၉၀၅ | ၄၂၀၉၅ | ၃၉၇၉၀ | ၁၁၅၀၅ | ၉၂၀၀ |
| ၃ | ရေတာရှည် | ၁၆၉ | ၁၈၇၇၀၀ | ၁၁၈၆၂၁ | ၆၉၀၇၉ | ၆၅၆၈၅ | ၅၅၅၆ | ၂၁၆၂ |
| ၄ | အုတ်တွင်း | ၁၅၃ | ၁၅၄၇၀၈ | ၉၀၁၆၉ | ၆၄၅၃၉ | ၆၀၆၁၅ | ၁၅၄၆၁ | ၁၁၅၃၇ |
| ၅ | ဖြူး | ၂၁၄ | ၂၂၉၁၀၀ | ၁၃၈၅၅၇ | ၉၀၅၄၃ | ၈၄၉၇၁ | ၈၆၀၅ | ၃၀၃၃ |
| ၆ | ထန်းတပင် | ၉၄ | ၁၀၉၇၆၆ | ၆၄၅၅၉ | ၄၅၂၀၇ | ၄၃၁၆၂ | ၂၅၂၀ | ၄၇၅ |
| ၇ | သဲကုန်း | ၁၉၆ | ၁၂၇၁၉၉ | ၈၉၅၁၅ | ၃၇၆၈၄ | ၃၆၅၂၉ | ၅၅၉၈ | ၄၄၄၃ |
| ၈ | ရွှေတောင် | ၁၁၇ | ၁၁၉၀၁၅ | ၈၂၂၆၆ | ၃၆၇၄၉ | ၃၂၅၆၂ | ၄၁၉၂ | ၅ |
| ၉ | ပေါင်းတည် | ၁၂၆ | ၁၂၇၄၆၆ | ၈၆၀၈၈ | ၄၁၃၇၈ | ၃၉၃၀၅ | ၂၂၅၄ | ၁၈၁ |
| ၁၀ | ပေါက်ခေါင်း | ၂၁၂ | ၁၁၇၂၂၉ | ၈၀၆၂၂ | ၃၆၆၀၇ | ၃၃၇၄၃ | ၃၀၁၅ | ၁၅၁ |

အချပ်ပို ၂ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**အချပ်ပို ၁ မှ**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၁ | ပန်းတောင်း | ၁၃၅ | ၁၃၁၈၇၂ | ၉၄၅၈၈ | ၃၇၂၈၄ | ၃၆၃၁၀ | ၁၀၄၄ | ၇၀ |
| ၁၂ | ကြို့ပင်ကောက် | ၉၄ | ၁၀၉၀၈၉ | ၇၄၉၈၉ | ၃၄၁၀၀ | ၃၂၈၈၄ | ၂၂၃၉ | ၁၀၂၃ |
| ၁၃ | ညောင်လေးပင် | ၁၅၀ | ၁၈၃၆၄၅ | ၁၀၀၈၃၅ | ၈၂၈၁၀ | ၇၆၃၆၀ | ၆၇၂၂ | ၂၇၂ |
| ၁၄ | နတ်တလင်း | ၁၄၇ | ၁၆၁၇၂၁ | ၁၀၉၇၀၉ | ၅၂၀၁၂ | ၅၀၈၆၇ | ၁၈၀၁ | ၆၅၆ |
| ၁၅ | ဒိုက်ဦး | ၁၇၂ | ၁၈၃၀၁၁ | ၁၀၄၅၉၂ | ၇၈၄၁၉ | ၇၅၃၅၁ | ၃၆၃၁ | ၅၆၃ |
| ၁၆ | ဝေါ | ၁၁၆ | ၁၆၉၃၀၉ | ၉၁၄၃၅ | ၇၇၈၇၄ | ၇၃၉၃၇ | ၄၄၀၁ | ၄၆၄ |
| ၁၇ | ပဲခူး | ၂၀၆ | ၄၄၁၇၃၁ | ၂၈၂၄၅၀ | ၁၅၉၂၈၁ | ၁၄၅၆၁၅ | ၁၄၃၀၁ | ၆၃၅ |
| ၁၈ | ဇီးကုန်း | ၅၅ | ၆၃၅၃၀ | ၄၅၄၉၅ | ၁၈၀၃၅ | ၁၇၂၉၆ | ၈၉၅ | ၁၅၆ |
| ၁၉ | သာယာဝတီ | ၁၀၇ | ၁၃၈၀၅၉ | ၉၃၀၆၄ | ၄၄၉၉၅ | ၃၅၅၉၆ | ၁၀၉၃၃ | ၁၅၃၄ |
| ၂၀ | မင်းလှ | ၁၁၇ | ၁၁၀၈၄၄ | ၇၅၁၉၇ | ၃၅၆၄၇ | ၃၄၈၄၈ | ၂၆၃၉ | ၁၈၄၀ |
| ၂၁ | ပြည် | ၂၀၉ | ၂၁၁၅၂၁ | ၁၅၂၅၃၁ | ၅၈၉၉၀ | ၆၄၀၆၈ | ၉၈၇၂ | ၁၄၉၅၀ |
| ၂၂ | ကျောက်တံခါး | ၂၁၁ | ၂၂၈၉၀၂ | ၁၂၆၀၄၀ | ၁၀၂၈၆၂ | ၉၅၇၈၈ | ၈၅၉၈ | ၁၅၂၄ |
| ၂၃ | ရွှေကျင် | ၇၄ | ၈၆၅၀၃ | ၅၄၁၃၃ | ၃၂၃၇၀ | ၃၀၄၅၅ | ၂၁၆၄ | ၂၄၉ |
| ၂၄ | သနပ်ပင် | ၉၁ | ၁၃၅၈၀၁ | ၇၅၁၁၉ | ၆၀၄၈၂ | ၅၆၂၈၇ | ၄၄၁၉ | ၂၂၄ |
| ၂၅ | ကဝ | ၁၆၉ | ၁၇၉၃၂၀ | ၁၁၁၄၁၇ | ၆၇၉၀၃ | ၆၉၉၉၇ | ၃၁၃၉ | ၅၂၃၃ |
| ၂၆ | လက်ပံတန်း | ၁၇၆ | ၁၅၂၁၅၉ | ၉၇၅၉၉ | ၅၄၅၆၀ | ၅၁၂၈၃ | ၅၀၉၂ | ၁၈၁၅ |
| ၂၇ | အုတ်ဖို | ၁၂၆ | ၁၁၇၈၈၆ | ၇၈၁၈၂ | ၃၉၇၀၄ | ၃၉၃၇၄ | ၁၀၉၁ | ၇၆၁ |
| ၂၈ | မိုးညို | ၁၆၉ | ၁၂၂၀၃၄ | ၇၈၉၃၂ | ၄၃၁၀၂ | ၃၉၁၁၃ | ၅၅၇၈ | ၁၅၈၉ |
| | **စုစုပေါင်း** | **၄၁၄၄** | **၄၄၂၁၈၂၀** | **၂၈၀၁၈၈၃** | **၁၆၁၉၉၃၇** | **၁၅၃၆၁၃၂** | **၁၅၁၈၆၇** | **၆၈၀၆၂** |

၇။ ပဲခူးတိုင်းဒေသကြီး၊ မြို့နယ် ၂၈ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က) အရ** ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီး၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၈၅၈၆၁၁ ဦး၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၃၇၁၆၂ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၃၈၂၀၅၈ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ပဲခူးတိုင်းဒေသကြီး၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

(ခ) မဲရုံပေါင်း ၄၁၄၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၄၄၂၁၈၂၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၈၀၁၈၈၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၁၉၉၃၇၊ မြေပြင်လက်ကျန် ၁၅၃၆၁၃၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၅၁၈၆၇၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၆၈၀၆၂ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင် ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

(ဂ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၂၈ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၈၃၉၃၇၀ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၈၀၁၈၈၃ စောင်ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၃၇၄၈၇ စောင် လျော့နည်းအသုံးပြုထားကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပဲခူးတိုင်းဒေသကြီး မြို့နယ်၂၈ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၂၈၃၉၃၇၀ ဦး ဖြစ်ပြီး မဲရုံမဲပေးသူ ၂၁၈၀၅၁၃ ဦး၊ ကြိုတင်မဲပေးသူ ၆၅၈၈၅၇ ဦး ဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၆.၈ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၂၃.၂ ရာခိုင်နှုန်း ဖြစ်သည်။

(င) ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း(၁)ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ဆန္ဒမဲလက်မှတ်များရေတွက်ခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး၏ ခိုင်လုံမဲများတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်(ခိုင်လုံမဲ) ၇၃ စောင် ပါဝင်နေကြောင်း စိစစ်တွေ့ရှိရသည်။

(စ) သဲကုန်းမြို့နယ်ရှိ လက်ကျန်ဆန္ဒမဲလက်မှတ် ၉ အုပ်တွင် စာအုပ်နံပါတ်စဉ် မပါရှိသည့် မဲလက်မှတ် ၉ အုပ်ကို စိစစ်တွေ့ရှိရသည်။

(ဆ) မဲလက်မှတ်လက်ခံဖြတ်ပိုင်းပါ မဲရုံအိတ်အချို့ ပျောက်ဆုံးနေကြောင်းတွေ့ရှိရပြီး မြေပြင်ဖွင့်ဖောက်စစ်ဆေးမှု ပြုလုပ်သည့်အချိန်မှသာ သက်ဆိုင်ရာမဲရုံမှူးတာဝန် ထမ်းဆောင်ခဲ့သူမှ လာရောက်အပ်နှံခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

(ဇ) မဲဆန္ဒရှင်စာရင်းပုံစံ(၁)များ မဲဆန္ဒရှင် လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေရေးထိုး ရိုက်နှိပ်ခြင်းမရှိဘဲ အမှန်ခြစ်အမှတ်အသားများသာ ရေးမှတ်၍ မဲလက်မှတ်များ ခွင့်ပြုထုတ်ပေးထားသည်ကို စိစစ်တွေ့ရှိရသည်။

(ဈ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို သီးခြားပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(ည) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဋ) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေ တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

(ဌ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဍ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဎ) COVID–19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြု၍ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်–

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း** မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကိုတွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်ဟု** ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ခ) အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့ မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈– ၁၀– ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁– ၁၀– ၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

**အချပ်ပို ၃ သို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

- ❖ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၉၅၁၆၃၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၅၀၅၉၆၅ ဦးဖြစ်
- ❖ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၅၈၆၁၁ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၇၁၆၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၈၂၀၅၈ ဦးဖြစ်
- ❖ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂၈ မြို့နယ်တွင် မဲရုံပေါင်း ၄၁၄၄ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၄၄၂၁၈၂၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၈၀၁၈၈၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၁၉၉၃၇၊ မြေပြင်လက်ကျန် ၁၅၃၆၁၃၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရ
- ❖ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၅၁၈၆၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၈၀၆၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရ

အချုပ်ပို ၂ မှ

(ဂ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြု အမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မျှတမှု မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/ ၂၀၁၇)ဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပြန်လည်ဖွဲ့စည်းခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အများယုံကြည်လေးစားခြင်းခံရသော အဖွဲ့ဝင် ၅ ဦး ပါဝင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါကြေညာချက်အား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မိတ္တူပေးပို့ခဲ့ရာ ယခင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်အား ၎င်း၏နေအိမ်တွင် ခေါ်ယူတွေ့ဆုံခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းမှုကို မကျေနပ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဖုန်းဆက်မည်ဖြစ်ကြောင်းနှင့် ဦးဝင်းမောင်အနေဖြင့်လည်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရေးအတွက် စဉ်းစားရန် မလိုကြောင်း ပြောကြားခဲ့ပါသည်။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း အဆိုပါကြေညာချက်အမှတ်(၃၂/၂၀၁၇)ကို ချက်ချင်းပြန်လည်သိမ်းဆည်းရန် ညွှန်ကြားခဲ့ပြီး ၄-၁၂-၂၀၁၇ ရက်စွဲပါကြေညာချက်အမှတ် (၃၃/၂၀၁၇)ဖြင့် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ထပ်မံဖွဲ့စည်းခဲ့ရာ ယခင်ဥက္ကဋ္ဌ ဦးဝင်းမောင် ပါဝင်ခြင်းမရှိတော့ဘဲ အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း တွေ့ရှိရပါသည်-

| | | |
|---|---|---|
| (၁) | ဦးမိုးဆွေ | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မြင့် | အဖွဲ့ဝင်(၁) |
| (၃) | ဒေါ်ခင်လှဆွေ | အဖွဲ့ဝင်(၂) |
| (၄) | ဒေါက်တာကြည်စိုး | အဖွဲ့ဝင်(၃) |
| (၅) | ဒေါ်စန်းစန်းမြတ် | အဖွဲ့ဝင်(၄) |
| (၆) | ဒေါက်တာရဲညွှန့်နိုင် | အဖွဲ့ဝင်(၅) |

(င) ပြင်ဆင်ဖွဲ့စည်းသည့် ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်အများစုမှာ NLD ပါတီနှင့် ဆက်နွယ်မှုရှိသူများဖြစ်ပြီး အဖွဲ့ဝင်(၄) ဖြစ်သူ ဒေါ်စန်းစန်းမြတ်သည် ယခင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်း၏ တူမအရင်းတော်စပ်သူ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ယခင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းက ရပ်ကွက်/ ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် ၎င်း၏ခွင့်ပြုချက်ရရှိမှသာ တာဝန်ပေးအပ်ရမည်ဟု တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ခေါ်ယူပြောဆိုခဲ့ကြောင်း တွေ့ရှိရသည်။ ယခင် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် လစ်လပ်မှုရှိပါက ၎င်းအဖွဲ့ခွဲ အစည်းအဝေးတွင် စိစစ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြရပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ် ၄ ဦးနှင့် အတည်ပြုကာ ယခင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်း အတည်ပြုမှသာ ခန့်အပ်တာဝန်ပေးခဲ့ရကြောင်း စိစစ်တွေ့ရှိရသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့် ရွေးချယ်ခန့်ထားသော ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များမှာ NLD လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ထားခြင်းဖြစ်သည့် အတွက် NLD အများစုသာဖြစ်နေကြောင်း တွေ့ရှိရသည်။

(ဆ) ယခင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းက တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ၎င်း၏ မဲဆန္ဒနယ်တွင် နိုင်ငံခြားမှ ပြန်မလာနိုင်သူများအတွက် ၎င်း၏လူများမှ အစားထိုးမဲပေးမည်ဟု ပြောဆိုခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ NLD ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံက ဒုတိယအကြိမ် မဲစာရင်းကပ်ထားပြီးနောက်ပိုင်းမှ ပဲခူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆက်သွယ်ပြီး ၎င်း၏ မဲဆန္ဒနယ်မြေအတွင်း ဝါးမရမ်းကျေးရွာ ရော်ဘာခြံများတွင်နေထိုင်သည့် ရွှေ့ပြောင်းလုပ်သားများ မဲစာရင်းတွင်ပါဝင်ရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ NLD နယ်မြေ စည်းရုံးရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား ပုံစံ(၃)များနှင့်အတူ စေလွှတ်ပေးမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လည်း ဖုန်းဖြင့်ဆက်သွယ်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၁- ၁၁- ၂၀၂၀ ရက်နေ့တွင် ဝါးမရမ်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးချစ်ရွှေ၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်အောင်နှင့် NLD ရပ်/ကျေး စည်းရုံးရေးမှူးတို့ ရောက်ရှိလာပြီး ပုံစံ(၃) ၇၈၀ စောင်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန်နှင့် NLD လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံမှ ပေးအပ်ခိုင်းခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ များအရ ရွေးကောက်ပွဲမကျင်းပမီ ၇ ရက်အလို အစုလိုက် အပြုံလိုက်ကျန်ရှိကြောင်း တွေ့ရှိမှသာ

အချုပ်ပို ၄ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချုပ်ပို ၃ မှ

ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်၍ မဲစာရင်းတွင် ထည့်သွင်းခွင့်ပြုနိုင်သည်ဖြစ်၍ စိစစ်ရန် အချိန်မလုံလောက်ပါက မဲစာရင်းတွင် မပါဝင်နိုင်ကြောင်း ပြောကြားခဲ့ရာ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးထွန်းခင်က မဲစာရင်းတွင်ထည့်သွင်းပေးရန်ဖြစ်ကြောင်း၊ မည်သည့်ပုံစံကို အသုံးပြုသည်ဖြစ်စေ ခွင့်ပြုကြောင်းနှင့် တာဝန်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။ ထို့ပြင် NLD ပါတီမှ ကရင်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်နော်ပွယ်စေးအနေဖြင့်လည်း ရွှေကျင်မြို့နယ်တွင် ကရင်တိုင်းရင်းသားလူမျိုး မဲဆန္ဒရှင်အရေအတွက် လျော့နည်းသွားကြောင်းနှင့် ယခင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကရင်တိုင်းရင်းသားလူမျိုး မဲစာရင်း၌ ပါဝင်ခဲ့သူ ၇၀ ဦးအား ပြန်လည်ထည့်သွင်းပေးရန် ပဲခူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဇ) ယခင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းနှင့် NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း၊ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာကိစ္စရပ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဝင်ရောက်စွက်ဖက်ညွှန်ကြားခဲ့ပြီး မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၉။ အထက်ပါ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်၍ မလျော်သြဇာအသုံးပြု၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန် ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

- ❖ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း စိစစ်တွေ့ရှိရ
- ❖ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်၍ မလျော်သြဇာအသုံးပြု၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ
- ❖ ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၃၂ / ၂၀၁၇ )

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် )

တိုင်းဒေသကြီး နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးမောင်မောင်ကွန်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ
(၂) ဒေါ်မေရီမီနန် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၃) ဦးမလန်ကမ်ဖန် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၄) ဦး L တိန်းဘောမ် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၅) ဒေါ်ခင်နွဲ့ကြည် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၆) ဦးဒိန်ယောင်ဇော်အိန် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၇) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်
(၈) ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အဖွဲ့ဝင်
(၉) ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်
(၁၀) ပြည်နယ်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်
(၁၁) ပြည်နယ်ပညာရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံး အဖွဲ့ဝင်
(၁၂) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

-

-

-

-

(ဆ) ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးဝင်းမောင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ
(၂) ဦးတင်ဦး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၃) ဦးအုန်းမြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၄) ဦးမြသိန်းထွန်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၅) ဦးမောင်ကြည် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၆) ဒေါ်ခင်လှဆွေ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၇) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အဖွဲ့ဝင်
(၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဖွဲ့ဝင်
(၉) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်
(၁၀) တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်
(၁၁) တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး အဖွဲ့ဝင်
(၁၂) တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်
(၁၃) တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အဖွဲ့ဝင်
(၁၄) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်
(၁၅) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်
(၁၆) တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

(ဗ) ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးမောင်မောင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ ၁၄/ပသန(နိုင်)၁၃၃၄၇၄
(၂) ဦးခင်မောင်ဝင်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၃) ဦးဝင်းမြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၄) ဦးကျော်ဝင်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၅) ဒေါ်အေးအေးသွင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၆) ဒေါ်လှလှဆွေ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်
(၇) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အဖွဲ့ဝင်
(၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဖွဲ့ဝင်
(၉) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်
(၁၀) တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်
(၁၁) တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး အဖွဲ့ဝင်
(၁၂) တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်
(၁၃) တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အဖွဲ့ဝင်
(၁၄) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်
(၁၅) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်
(၁၆) တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

၂။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၉/ ရကပ(ဖွဲ့စည်း)တဒသက-ပန/ ကမရ
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်နှင့် စောင်ရေ (၁၀)စောင်ကို ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

(ရဲရင့်လွင်)
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

မိတ္တူကို

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၃၃ / ၂၀၁၇ )

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်

( ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် )

တိုင်းဒေသကြီး နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (၇) ဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးသန်းစိုး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဒေါ်ချိုချိုသန်း အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဒေါ်နွဲ့နွဲ့ခင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၄) ဦးတင်စိုး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၅) ဒေါ်ဖီလိုမီနာ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၆) ဦးအုန်းမောင်(ခ) အုန်းမြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

\-

\-

\-

\-

\-

\-

(၁၂) တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၁၃) တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်

(၁၅) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၁၆) တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

\-

\-

\-

(င) ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၁) ဦးမိုးဆွေ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဦးအောင်မြင့် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဒေါ်ခင်လှဆွေ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၄) ဒေါက်တာကြည်စိုး အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၅) ဒေါ်စန်းစန်းမြတ် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၆) ဒေါက်တာရဲညွန့်နိုင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဖွဲ့ဝင်

(၉) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်

(၁၁) တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး အဖွဲ့ဝင်

(၁၂) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၁၃) ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်ဥပဒေချုပ်ရုံး အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး အဖွဲ့ဝင်

(၁၅) ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၁၆) ပြည်နယ်ရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူး

၂။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် တိုင်းဒေသကြီး နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါသည်။

(လှသိန်း)

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၉/ ရကပ(ဖွဲ့စည်း)တဒသက-ပန/ ကမရ

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

အချပ်ပို ၇ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၆ မှ

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်နှင့် စောင်ရေ (၁၀)စောင်ကို ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

(ရဲရင့်လွင်)
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

မိတ္တူကို

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

## ၂၉-၁၀-၂၀၂၀ ရက်နေ့ ရေတာရှည်မြို့နယ်၊ မိချောင်းအိုင်ကျေးရွာအုပ်စု၊ ဇရစ်ရိုးကုန်းကျေးရွာမဲရုံတွင် ကြိုတင်မဲဆန္ဒပြုနေစဉ် NLD ပါတီ၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါက်တာကျော်ကျော် မဲရုံနှင့် ကိုက် ၅၀၀ အတွင်း မဲဆွယ်စည်းရုံးမှု မှတ်တမ်းဓာတ်ပုံများ







# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ပဲခူးတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။





ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း(၁) ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)၌ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ရောနှောထည့်သွင်းအသုံးပြုခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ ဆန္ဒမဲလက်မှတ်များ

